# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၃၁ ရက်၊ စနေနေ့ အတွဲ (၆၀)၊ အမှတ် (၁၃၁)

# ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး နေပြည်တော်၌ ကြိုတင်ဆန္ဒမဲပေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့ နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ် နေရာများအတွက် ကြိုတင်ဆန္ဒမဲ ပေးကြသည်။

**လက်မှတ်ရေးထိုး**

ဒုတိယသမ္မတနှင့် ဇနီးတို့သည် ယနေ့နံနက်၈ နာရီတွင် နေပြည်တော် မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိ မြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်၍ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲ ပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

သတင်းစဉ်







ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်

## ကော့မှူးတွင် အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်မဲပေးကြပြီ

**ကော့မှူး အောက်တိုဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းမှစတင်ပြီး အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲများ လွတ်လပ်စွာ ပေးနေကြပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ ပေးကြရာတွင် ရပ်ကွက်/ကျေးရွာ အလိုက် မဲရုံများသို့ မလာရောက်နိုင်သူ သက်ကြီး မဲဆန္ဒရှင်များအား အိမ်တိုင်ရာရောက် ရွှေ့လျားစနစ်ဖြင့် ဆန္ဒမဲများကို ကောက်ခံပေးလျက်ရှိသကဲ့သို့ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးသို့လည်း ကြိုတင်ဆန္ဒမဲများ လာရောက်ပေးလျက်ရှိသည်။

သက်ကြီး ကြိုတင်မဲပေးသူများ ကျန်းမာရေးနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲများပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ရုံးများတွင်လည်းကောင်း၊ ရွှေ့လျားဆန္ဒမဲ ကောက်ခံသည့် အဖွဲ့များတွင်လည်းကောင်း ကြိုတင်ကာကွယ်ရေး အစီအမံများဖြင့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

## ကမ္ဘောဇဘဏ်က ဒလမြို့နယ်သို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၃၀**

ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ကူးစက်မြန်ရောဂါ ယနေ့ဖြစ်ပွားနေချိန်ကာလတွင် နိုင်ငံအဝန်းရှိ လတ်တလော ပိုးတွေ့လူနာအများဆုံး ပြည်သူ့ဆေးရုံကြီးများသို့ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး (၂၅–ခုတင်)သို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေပေးအပ် လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်(ဒလမြို့နယ်ဘဏ်ခွဲ)တာဝန်ခံ ဦးသော်ဇေယျာနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၅၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊

စာမျက်နှာ ၄ ကော်လံ ၃ ❄

**ရန်ကုန် တက္ကသိုလ် ကျောင်းဆောင်နေ ကျောင်းသားဘဝ**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး

စာ ➤ ၆–၇



**စပိန်၌ ကိုဗစ်–၁၉ ကပ်ရောဂါ ထိန်းချုပ်ရန် ဒေသလေးခုကို ကန့်သတ်ပိတ်ဆို့မှု ထပ်မံပြုလုပ်**

နိုင်ငံတကာသတင်း

စာ ➤ ၁၂



မြန်မာ့အလင်း

## ဆီမီးရောင်ရှိန် ထိန်ဝါလင်းလို့ သီတင်းကျွတ်ခဲ့ပြီ

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးအလေးအမြတ်ထားကြသော နေ့တစ်နေ့ ဖြစ်ပါသည်။ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြုကာ အဘိဓမ္မာခုနစ်ကျမ်းကို ဝါတွင်းသုံးလကာလတွင် ဟောတော်မူပြီး သီတင်းကျွတ်လပြည့်ညတွင် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းဆင်းသက်တော်မူ၏။ တာဝတိံသာ၌ အဘိဓမ္မာတရားဟောကြားတော်မူ၍ ပြန်လည်သက်ဆင်းလာသည်ကို အလေးအမြတ်ပြုကာ အဘိဓမ္မာနေ့ဟု ခေါ်ဝေါ်သမုတ်ကြ၏။ လူအများတို့သည် ဆီမီးများထွန်းညှိကာ မြတ်စွာဘုရားကို ကြိုဆိုပူဇော်ကြသည့် အထိမ်းအမှတ်ဖြင့် ယနေ့ထက်တိုင် ဆီမီးပူဇော်ခြင်း၊ ပွဲလမ်းသဘင်များ ဆင်ယင်ကျင်းပခြင်း စသည့်အစဉ်အလာ ပွဲတော်တစ်ခု ဖြစ်လာပါသည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အမူအလေ့အရ နိုင်ငံတွင်းရှိ မတူသော ယုံကြည်ကိုးကွယ်မှု၊ ခြားနားသော ဓလေ့ထုံးစံ၊ ကွဲပြားသော ယဉ်ကျေးမှုတို့ကိုအခြေပြုသည့် မည်သို့သော ပွဲတော်မျိုးကိုမဆို အတူတကွ ပျော်ရွှင်ကြလေ့ရှိသည့်အတိုင်း သီတင်းကျွတ်ပွဲတော်တွင်လည်း ဘာသာလူမျိုးမခွဲ နိုင်ငံတွင်းရှိသူတို့ အားလုံးပျော်ပျော်ရွှင်ရွှင်ဆင်နွှဲကြပေသည်။ ဤသို့ဖြင့် သီတင်းကျွတ်ပွဲတော်သည် မီးရောင်စုံများဖြင့် ထွန်းညှိစည်ကားကြသည့် ပျော်ရွှင်စရာပွဲတော် ရက်တစ်ရက်ဖြစ်ပါ၏။

သီတင်းကျွတ်ပွဲတော်၏ အစဉ်အလာအတိုင်း ကပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်အစရှိသည့် ပွဲများနှင့်အတူ အစားသောက်၊ အသုံးအဆောင် ပျော်ရွှင်စရာ ဈေးတန်းများက လူအများကို ဆွဲဆောင်လေ့ရှိ၏။ နိုင်ငံသားတို့သည် ကောင်းမွန်စွာ ဝတ်စားဆင်ယင်ကာ လမ်းပေါ်ထွက်ကြ၊ ပွဲဈေးလျှောက်ကြဖြင့် လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲကျင်းပကြလေသည်။

ယနေ့မြန်မာနိုင်ငံတွင် ဤသို့လေးနက်မှုများ၊ မင်္ဂလာရှိသော ထူးမြတ်မှုများဖြင့် ပြည့်ဝနေသည့်သမယသည် အထွေထွေရွေးကောက်ပွဲပြုလုပ်မည့် အချိန်၊ ယင်းနှင့်အတူ ကိုဗစ်ကပ်ရောဂါပိုးကူးစက်မှုကြောင့် လူစုလူဝေးများ မပြုလုပ်သင့်သော အချိန်နှင့် တိုက်ဆိုင်နေပေသည်။

မည်သို့ပင်ရှိစေ လူ့ဘဝဟူသည် လက်တွေ့ကြုံတွေ့နေရသည့် အခြေအနေတို့ကို ကြံ့ကြံ့ခံရင်ဆိုင်ရပ်တည်ရသော သဘာဝရှိသည့်အတိုင်း အကောင်းဆုံးရင်ဆိုင်ကြရမည် မဟုတ်ပါလော။

ထို့ပြင် လူ့ယဉ်ကျေးမှုသမိုင်းတစ်လျှောက် အတွေ့အကြုံများအရ အခက်အခဲ၊ အကျပ်အတည်းများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလေလေ လူသား၏ စိတ်ဓာတ်သည် ပိုမိုခိုင်မာမြဲမြံလာလေလေ၊ လူသား၏ ဆောင်ရွက်နိုင်မည့် စွမ်းရည်အင်အားသည် ပိုမိုမြင့်မားအားကောင်းလာလေလေ ဖြစ်ရမည်သာ။

ယနေ့ကာလ ကိုဗစ်ရောဂါပိုးကူးစက်ပျံ့နှံ့နေမှုသည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာတစ်ခုလုံးအတွက် အလွန်ကျပ်တည်းခက်ခဲသောကာလဟု ဆိုရမည် ဖြစ်ပါသည်။ တတ်စွမ်းသလောက် ကာကွယ်တားဆီးနေသည့်ကြားမှ အနောက်ကမ္ဘာနှင့် ဥရောပနိုင်ငံအချို့၏ ရောဂါကူးစက်မှုနှင့် ရောဂါကြောင့် သေဆုံးမှုအရေအတွက်မှာ ကြောက်ခမန်းလိလိ ဖြစ်နေပါသည်။ ယင်းကိုအကြောင်းပြု၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူစုလူဝေးများကို လျှော့ချနိုင်ရေး၏ အရေးကြီးမှုကို ပြောဆိုနေပါသည်။

ကိုဗစ်ရောဂါသည် လူစုလူဝေးများပြားမှုနှင့် လူထူထပ်မှုများကြောင့် ကူးစက်ပြန့်ပွားမှုနှုန်းမြင့်မားရကြောင်းကို ပညာရှင်များကရော၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကရော၊ အတည်ပြုထားပြီးဖြစ်ပါသည်။ ထို့ကြောင့် သီတင်းကျွတ်ပွဲတော်ကို ပုံမှန်ဆင်နွှဲနေကြသည့် ပုံစံဖြင့် လူအများစည်ကားစွာ ကျင်းပခြင်းကို ရှောင်ကြဉ်ကြရန် လိုအပ်နေပါသည်။

အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေးအခြေအနေနှင့်လုပ်ငန်းတာဝန်များအရ လိုအပ်ချက်ရှိသူများသည် ကြိုတင်မဲများ စတင်ပေးနေကြရပြီဖြစ်ပါသည်။ ကျန်ရှိသော မဲပေးခွင့်ရှိသော ပြည်သူလူထုသည် ရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ စနစ်တကျ မဲပေးကြခြင်းဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ဝိုင်းဝန်းကာကွယ်ကြရင်း နိုင်ငံသားတို့၏ တာဝန်ကို ထမ်းရွက်နိုင်ကြပါမည်။

ထို့ပြင် ယခုသီတင်းကျွတ်အချိန်သည် အလုပ်ရုံများ၊ ရုံးများနှင့် ကျောင်းများ၏ ပိတ်ရက်ရှည်ကာလများဖြစ်သည့်အားလျော်စွာ ယင်းပိတ်ရက်ရှည်ကာလကို အခွင့်ကောင်းတစ်ခုအနေဖြင့် သဘောထားကာ အတတ်နိုင်ဆုံး အပြင်မထွက်ကြဘဲ အိမ်တွင်း၌ သည်းခံနေထိုင်ကြရင်း မြတ်စွာဘုရား၏ ဂုဏ်တော်ကို သတိရပူဇော်နေကြခြင်းဖြင့် ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ကောင်းမွန်စွာ ကာကွယ်နိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။



## သီတင်းကျွတ်လပြည့်နေ့အကြို ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တို့၌ ဆီမီးများထွန်းညှိပူဇော်ထား

**ရန်ကုန် အောက်တိုဘာ ၃၀**

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားနှင့် စေတီပုထိုးများအား ဖူးမြော်ခွင့်ကို ခေတ္တယာယီပိတ်ထားခဲ့သည်။

အောက်တိုဘာ ၃၁ ရက်သည် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သည်။ သီတင်းကျွတ်လပြည်နေ့အကြို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးရောင်စုံများဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်ရမှုမြင်ကွင်းကို ဓာတ်ပုံမှတ်တမ်းဖြင့် တင်ပြလိုက်ပါသည်။ **(အပေါ်ပုံ)**

အလားတူ သီတင်းကျွတ်လပြည့်နေ့အကြို ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတွင်လည်း ဆီမီးရောင်စုံများဖြင့် ထွန်းညှိပူဇော်ထားကြောင်း သိရသည်။

**ကိုကိုဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်/တင်ထွန်းခိုင်**

## ကျောက်ဆည်မြို့တွင် ဆင်အကအလှုပြိုင်ပွဲ မကျင်းပသော်လည်း ဆင်အကဖြင့်ဖျော်ဖြေမှုများရှိ

**ကျောက်ဆည် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လဆန်း ၁၄ ရက်ရောက်ရှိပါက ဆင်အကအလှုပြိုင်ပွဲများကိုစည်ကားသိုက်မြိုက်စွာကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေးကာလဖြစ်သောကြောင့် ဆင်အကအလှုပြိုင်ပွဲ မကျင်းပခဲ့သော်လည်း အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီက ဆင်အကဖျော်ဖြေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့၌ ဆင်အကအလှုပြိုင်ပွဲ မကျင်းပခဲ့သော်လည်း ကျောက်ဆည်နယ်သူနယ်သား ဆင်အကအလှုပြိုင်ပွဲဝင်ရောက်ခဲ့သူများအနေဖြင့် ရိုးရာဓလေ့ကိုထိန်းသိမ်းခြင်းအနေဖြင့်သော်လည်းကောင်း၊ အစဉ်အလာထိန်းသိမ်းသည့်အနေဖြင့်သော်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ဆင်အကဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေတဲ့ကာလဆိုတော့ ကျွန်တော်တို့ဆင်အကအဖွဲ့အနေနဲ့ ကျောက်ဆည်မြို့ မြို့မဈေးကြီးကိုသုံးပတ်ပြည့်အောင် ဈေးပိတ်ချိန် လေးနာရီကျော်မှ ဆင်အကများဖြင့် ဈေးထောင့်လေးနေရာမှာ ဥဒိန်နနတ်မင်းကို ဦးတိုက်ရှိသေအကများနဲ့ ကပြဖျော်ဖြေခဲ့ကြောင်း ဆင်အကအဖွဲ့ ရွှေအိုးဆင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **သက်မောင်(ကျောက်ဆည်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖျာပုံမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ဝွမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၅၄ လက်မနှင့် ဘုရားသုံးဆူမြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာနည်းဥပဒေ အပြည့်အစုံကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website တွင် ကြည့်ရှုနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

ရုပ်မြင်သံကြားနှင့် အသံလွှင့်ခြင်းဆိုင်ရာနည်းဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၄/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ယင်းနည်းဥပဒေများကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website ဖြစ်သော MOI Webportal Myanmar တွင် အသေးစိတ်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မော်လမြိုင်ခရိုင်အတွင်း ငါးလုပ်ငန်းများကွင်းဆင်းကြည့်ရှု

**မော်လမြိုင် အောက်တိုဘာ ၃၀**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဝင်းသည် မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်လိုက်ပါလျက် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အောင်သုခဆိပ်၌ ကမ်းဝေးငါးဖမ်းလှေများ VMS အမှတ်တံဆိပ်ကပ်ခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့်အဖွဲ့သည် ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာရှိ မြစိမ်းရောင် (ငါးကဏ္ဍ)ကျေးရွာကော်မတီအဖွဲ့နှင့်တွေ့ဆုံ၍ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများ၊ အခက်အခဲများနှင့် လိုအပ်ချက်များတို့ကို ဆွေးနွေးတိုင်ပင်ခဲ့သည်။

ဆက်လက်၍ ဂျိုင်းမြစ်အတွင်း၌ ရေလုပ်သားငါးဖမ်းဆီးမှုအခြေအနေများနှင့် ချောင်းဆုံမြို့နယ်ဆယ်ပလာရွာရှိ ကျားပိုက်လုပ်ငန်းများ၏ ငါး/ပုစွန် အထိအမိကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ နေပြည်တော် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲပေး




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်

နေပြည်တော် အောက်တိုဘာ ၃၀

**ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် နေပြည်တော်ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲများ ပေးကြသည်။**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဇနီး ဒေါ်စန္ဒာလွင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး ဒေါ်စန်းစန်းယု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဇနီး ဒေါ်သွင်သွင်အေးမို၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဗရတ်ဆင်း၊ ဦးအောင်လှထွန်း၊ ဦးလှကျော်၊ ဦးအောင်ထူး၊ ဦးလှမော်ဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ၎င်းတို့၏ ဇနီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်စွာ ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

ထို့ပြင် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အသက် ၆၀ နှင့် အထက်ရှိသူများလည်း

*စာမျက်နှာ ၄ သို့*




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၏ ဇနီး ဒေါ်ခိုင်နွယ်ဦး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၏ ဇနီး ဒေါ်မြင့်မြင့်ရီ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၏ ဇနီး ဒေါ်စန်းစန်းယု ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၏ ဇနီး ဒေါ်သွင်သွင်အေးမို ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်

# ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်ထိန်းကျောင်းခြင်း ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ




**နေပြည်တော် အောက်တိုဘာ ၃၀**

ကမ္ဘာ့ကုလသမဂ္ဂတွင် ဘုံအကျိုးစီးပွားအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် Group of 77 (G-77) အဖွဲ့ဝင်နိုင်ငံများအကြား ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရေး ၂၀၃၀ အစီအစဉ်တွင် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်အား ထိန်းကျောင်းခြင်း (Maintaining a Low Carbon Development Path towards the 2030 Agenda in the era of COVID-19) ဝန်ကြီးအဆင့် အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်သည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို (G-77) ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော the Cooperative Republic of Guyana နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး the Cooperative Republic of Guyana နိုင်ငံ သမ္မတ၊ ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း အလုပ်အမှုဆောင်ဥက္ကဋ္ဌ ချီလီနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် (G-77) အဖွဲ့ဝင် ဝန်ကြီးအဆင့် အစည်းအဝေးဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ "ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့် စပ်လျဉ်းသည့် အလေးအနက် တိုက်တွန်းချက်များ" အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တိုင်းတွင် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ မူဝါဒနှင့် နည်းဗျူဟာများကို ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် ၂၀၁၉ ခုနှစ်ကတည်းက တိကျပြတ်သားသည့် မူဘောင်များ ချမှတ်ထားခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်တို့အတွက် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသော၊ ကာဗွန်ထုတ်လွှတ်မှု နည်းပါးသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ရန် ရေရှည်ရည်မှန်းချက်များ ထားရှိပြီး လုပ်ဆောင်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် မိုးကြီးရေလျှံခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ မြေပြိုခြင်းများသည် ယခင်ကထက် ပိုမိုဖြစ်ပွားလာပြီး ထိခိုက်ဆုံးရှုံးများမှာလည်း ယခင်ကထက် ပိုမိုများပြားပြင်းထန်လာခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ထိခိုက်ပျက်စီးလွယ်မှုနှင့် ဆုံးရှုံးနိုင်ခြေရှိမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရေရှည်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သလို လတ်တလောတွင်လည်း ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးကိုလည်း ချက်ချင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များ ခံစားနေရသည့် နိုင်ငံများအနေဖြင့် သစ်တောအတန်းအစား ကျဆင်းမှုများမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးအပါအဝင် သဘာဝအား အခြေခံသည့် ဆောင်ရွက်မှုများ Nature-based Solutions များ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကာဗွန်ထုတ်လွှတ်မှု နည်းပါးသော ဖွံ့ဖြိုးမှု ၂၀၃၀ အစီအစဉ်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြစ်သည့် နေနှင့် လေစွမ်းအင်အရင်းအမြစ်များ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ အလွန်ကာလများတွင် စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေး ကုစားဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသော အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အလားအလာရှိသော အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် အချိန်တိုအတွင်း ထိရောက်သိသာထင်ရှားသည့်ရလဒ်များ ရရှိနိုင်မည်ဟု ကျွန်တော်တို့အနေဖြင့် ယုံကြည်ပါကြောင်း၊ တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပါရီသဘောတူညီချက်နှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်မှုတို့အပေါ် အောင်မြင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအပါအဝင် (G-77) အဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

သတင်းစဉ်




ဒုတိယဝန်ကြီး ဦးအောင်ထူး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ် များ ထည့်သွင်းစဉ်။

သတင်းစဉ်




ဒုတိယဝန်ကြီး ဦးလှမော်ဦး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်စွာ ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

နေပြည်တော် မြို့မဈေးဗမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးရန် မဲရုံ သုံးရုံရှိပြီး မဲရုံအမှတ်(၁)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၁၃၇ ဦး၊ မဲရုံအမှတ်(၂)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၂၂၅ ဦး၊ မဲရုံအမှတ်(၃)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၁၃၄ ဦး ရှိကြောင်း သိရသည်။

ထို့အတူ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်းရှိ မဲရုံများ၌လည်း ယနေ့တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လာရောက်ဆန္ဒမဲပေးကြကြောင်း။

လက်ရှိ စာရင်းများအရ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၈၉၈၁၆ ဦး၊ ဒက္ခိဏသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၈၁၆၇ ဦး၊ ပျဉ်းမနားမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၁၃၄၆၀၃ ဦး၊ လယ်ဝေးမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၂၁၈၆၇၁ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**




✳ *ရွှေဖုံးမှ*

ကော့မှူးမြို့နယ်တွင် မဲရုံပေါင်း ၁၆၁ ရုံရှိကာ စုစုပေါင်း မဲဆန္ဒရှင်ဦးရေ ၉၈၆၀၀ ကျော်ရှိပြီး အသက်(၆၀)နှင့် အထက် မဲဆန္ဒရှင်ဦးရေ ၁၃၄၀၀ ကျော်ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။**မောင်အေးချမ်း(ပြန်/ဆက်)**

❊ *ရွှေဖုံးမှ*

လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေး ဝတ်စုံ ၅၀၊ မျက်မှန် ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၁၀၀ တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းဝင်းနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

**လှူဒါန်း**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ဖေဖော်ဝါရီ ၂၆ ရက်ကစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငွေကျပ် ၇၈၅၀၄ သိန်း လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**



# ပြည်သူသာလျှင် အဓိက

## World Cities Day (2020) ကို ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

အောက်တိုဘာ ၃၁ ရက်တွင်ကျရောက်မည့် World Cities Day (2020) အခမ်းအနားကို ကမ္ဘာတစ်ဝန်းတွင် Event ပေါင်း ၅၀၀ ကျော်ဖြင့် Online မှ ကျင်းပမည် ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ World Cities Day ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN – Habitat တို့ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အဖြစ် Virtual Event ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Online ဖြင့် ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် UN – Habitat တို့အတူတကွ လက်တွဲဆောင်ရွက်လာကြသည်မှာ ဆယ်စုနှစ်တစ်စုကြာကြာမြင့်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကောင်းမွန်သော မြို့ပြများ တည်ဆောက်ကြရန် ရှေ့ဆက်အတူတကွ လက်တွဲသွားကြမည်ဖြစ်ပါကြောင်း ၊ ယခု ကျင်းပသည့် world cities day of 2020 မှာ အားလုံးပါဝင် ပေါင်းစပ်ထားသော ကောင်းမွန်သော ပတ်ဝန်းကျင်ရှိ၍ ရေရှည်တည်တံ့သော မြို့ကြီးများကို တည်ဆောက်သွားရန် မိမိတို့၏ ကတိကဝတ် တစ်ခုအဖြစ်လည်း ထင်ဟပ်ပါကြောင်း။

လက်ရှိတွင် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ကြံ့ကြံ့ခိုင်၍ တွန်းလှန်တိုက်ထုတ်နေချိန်တွင် အကျိုးသက်ဆိုင်ဆက်စပ်နေသူများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယခုပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကြံ့ကြံ့ခိုင်မှုရှိသည့် မြို့ရွာများတည်ဆောက်ရန် စုပေါင်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် မြို့ကြီးများသည် မြို့ပြများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် မောင်းနှင်သူများ ဖြစ်ပါကြောင်း၊ မြို့ကြီးများသည် ဒီမိုကရေစီစနစ်၊ ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယဉ်ကျေးမှုတို့၏ ဗဟိုချက်မများ ဖြစ်လာပါကြောင်း။

**အိမ်ရာအရေးကိစ္စများကို ဆွေးနွေး**

မြို့ပြလူနေမှုဘဝများတွင် အဓိကထိခိုက်ခံစားကြရသူများမှာ မြို့ပြနေအခြေခံလူတန်းစားများနှင့် ထိခိုက်လွယ်သည့် အုပ်စုများဖြစ်ကြကြောင်းကို ယခင်နှစ်ကာလအတွင်း ထင်ရှားစွာ ပေါ်လွင်စေခဲ့ပါကြောင်း၊ ယနေ့ the world cities day ၏ ဆောင်ပုဒ်သည် တရားမဝင် အခြေချနေထိုင်သူများအား သုံးသပ်ကြခြင်း "Reflecting on Informal Settlements" ဖြစ်ပါကြောင်း၊ တရားမဝင် အခြေချနေထိုင်သူများအပါအဝင် အားလုံးအတွက် အိမ်ရာအရေးကိစ္စများကို ဆွေးနွေးကြမည် ဖြစ်ပါကြောင်း၊ အားလုံးပါဝင်ပေါင်းစပ်ထားပြီး ရေရှည်တည်တံ့သောမြို့ပြများအနာဂတ်တွင် ပေါ်ထွန်းလာစေရန် ရည်သန်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် များစွာသော မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲဆောင်ရွက်ခဲ့ပါကြောင်း။

စီးပွားရေး၊ လူမှုရေးနှင့် နေရာဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေကို ပေါင်းစည်းပေးမည့် အားလုံးပါဝင်သော မြို့ပြများ ဖြစ်ထွန်းလာစေရန် ရည်သန်၍ မူဝါဒများကို ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသများ အချိတ်အဆက်မိ၍ ညီညွတ်မျှတသည့် နိုင်ငံတစ်ခု ဖြစ်လာစေရန် မျှော်မှန်း၍ မြို့ပြဒေသတွင်သာမက ကျေးလက်ဒေသကိုပါ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။



အိမ်ရာကဏ္ဍသည်လည်း အဓိကအချက်တစ်ခုအဖြစ်ပါဝင်သော အမျိုးသားမြို့ပြမူဝါဒကို UN– Habitat နှင့် ပူးပေါင်း၍ ရေးဆွဲချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားမြို့ပြမူဝါဒသည် တရားမဝင်အခြေချနေထိုင်မှုများ၊ မြို့ပြနေအခြေခံလူတန်းစားများ၏ အိမ်ရာလိုအပ်ချက်များကို ထင်ရှားစွာ ဖော်ပြထားပါကြောင်း။

**အငှားအိမ်ရာစီမံကိန်းဖော်ဆောင်**

UN – Habitat ၏ နည်းပညာအကူအညီဖြင့် ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ထိခိုက်လွယ်မှုအရှိဆုံး အခြေခံလူတန်းစား အိမ်ထောင်စုများကို အိမ်ရာများ ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ အငှားအိမ်ရာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၇၁ ဧက အကျယ်အဝန်းရှိ၍ အိမ်ခန်းယူနစ်ပေါင်း ၅၀၇၂ ပါဝင်သည့် အဆိုပါစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ အကူအညီဖြင့် စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ အခြားတိုင်းများနှင့်ပေါင်းစပ်လျက် အိမ်ခန်းယူနစ်ပေါင်း ၁၀၀၀၀ ရှိပါကြောင်း။

၂၀၁၉ ခုနှစ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN–Habitat တို့ပူးပေါင်း၍ ရန်ကုန်ရှိ တရားမဝင်အခြေချနေထိုင်မှုများ၏ ပြဿနာများကိုဖြေရှင်းရန်အတွက် နှစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကိုလည်း ကျင်းပခဲ့ပါကြောင်း၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (UN Sustainable Development Goals ) နှင့် New Urban Agenda ပါ ဦးစားပေးအချက်များနှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ အဓိကကတိကဝတ်ဖြစ်သော မည်သူမျှ ကျန်ရစ်မှုမရှိစေရေး "leaving no one behind"အတွက် အတူတကွလက်တွဲဆောင်ရွက်ကြရန် အကျိုးသက်ဆိုင်သူများ အားလုံးကို တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Secretary General Mr.Antonio Guterres ၏ World Cities Day 2020 Video message ကို Video Clip ဖြင့် ပြသပြီး UN–Habitat Myanmar မှ Country Programme Manager Mr . Bijay Karmacharya မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် French Agency for Development မှ Country Director Ms. Marie Cecile Thirion က အမှာစကားပြောကြားသည်။

ယင်းနောက် စာတမ်းရှင်များ၊ ပညာရှင်များဖြစ်ကြသည့် UN– Habitat မှ Field Programme Manager, Mr. Vishnu Prasad မှ "Housing for All & the New Urban Agenda" ခေါင်းစဉ်ဖြင့် စာတမ်းကို ဖတ်ကြားသည်။

ထို့နောက် Green Lotus မှ Country Director , Mr. Thibaut Bara က "Informal Settlements in Myanmar : Current dynamics and new strategies" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ Danish Institute for International Studies မှ Senior Researcher , Ms. Helene Maria Kyed က " Informal Settlements and Migrant Challenges in Yangon " ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း၊ Post–Doctoral Fellow , Ms. Elizabeth Rhoads မှ "Housing Lessons from the Past: Urban Planning , Evictions and Alternatives in Yangon" ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် စာတမ်းရှင်များ၊ ပညာရှင်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ စာတမ်းရှင်များက ပြန်လည်ဖြေကြား၍ အပြန်အလှန် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၃၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အီဂျစ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၄၀ အား ကိုင်ရိုမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၃၀ အား မြန်မာနိုင်ငံပင်လယ်ကူးသဘော်သားများ အဖွဲ့ချုပ်နှင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံးတို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



ထို့ပြင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၈ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ် ကျောင်းဆောင်နေ ကျောင်းသားဘဝ

## ဒေါက်တာသန်းဦး

၁။

**နောက်ခံသမိုင်း**

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် **"ရန်ကုန်တက္ကသိုလ်"** ကို စတင်တည်ထောင်သည့်အခါ၌ ရန်ကုန်တက္ကသိုလ်တွင် (၁) တက္ကသိုလ်ကောလိပ်၊ (၂) ဂျပ်ဆင်ကောလိပ် ဟူ၍ ကောလိပ်ကျောင်းနှစ်ကျောင်း စတင်ပါဝင်လာပါသည်။

၁၉၂၃ ခုနှစ် ကုန်ခါနီးတွင် ကျောင်းသား ၂၂၄ ဦး နေနိုင်သော သစ်သားဆောင်နှစ်ဆောင် ဆောက်လုပ်ခဲ့ရာ ယင်းတို့မှာ ယနေ့တိုင် တည်ရှိသေးသော **"တကောင်းကျောင်းဆောင်"** နှင့် **"ပြည်ကျောင်းဆောင်"** တို့ ဖြစ်ရာ ၎င်းကျောင်းဆောင် နှစ်ဆောင်ကို ၁၉၂၄ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ဖြစ်ခဲ့သည်။ ထိုကျောင်းဆောင်နှစ်ဆောင်သည် ရန်ကုန်တက္ကသိုလ်နယ်မြေ၌ ပထမဦးဆုံး တည်ဆောက်ခဲ့သော အဆောင်များဖြစ်ကြောင်း လေ့လာမှတ်သားထားရပါသည်။

ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်ခဲ့သည့် အချိန်မှစ၍ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလအထိ တက္ကသိုလ်နယ်မြေတွင် တည်ဆောက်ပြီးစီးခဲ့သော–

(၁) **တက္ကသိုလ်ကောလိပ်** အတွက် ယောကျ်ားကျောင်းဆောင် ရှစ်ဆောင်နှင့် အမျိုးသမီးကျောင်းဆောင် တစ်ဆောင်၊

(၂) **ဂျပ်ဆင်ကောလိပ်** အတွက် ယောကျ်ားကျောင်းဆောင် နှစ်ဆောင်နှင့် အမျိုးသမီးကျောင်းဆောင် တစ်ဆောင်

တို့ဖြစ်ကြောင်း ထပ်လောင်း လေ့လာမှတ်သားထားရပါသည်။

တက္ကသိုလ်ကောလိပ်အောက်၌ရှိသော အမျိုးသားယောကျ်ားကျောင်းဆောင်များမှာ (၁) တကောင်း၊ (၂) ပြည်၊ (၃) ပုဂံ၊ (၄) ပင်းယ၊ (၅) အင်းဝ၊ (၆) စစ်ကိုင်း၊ (၇) ပဲခူး၊ (၈) သထုံကျောင်းဆောင်တို့ဖြစ်ကြသည်။ အမျိုးသမီးကျောင်းဆောင်မှာ အင်းလျားဆောင်ဖြစ်ပါသည်။

ဂျပ်ဆင်ကောလိပ်အောက်၌ရှိသော အမျိုးသား၊ ယောကျ်ားကျောင်းဆောင်မှာ ရေးအခေါ် (စာရေးသူတို့ခေတ်က အခေါ်) ဝယ်လင်ဂတန်ကျောင်းဆောင်၊ နေ့ဝှောကျောင်းဆောင်။ ယခုခေတ်အခေါ် ဒဂုံကျောင်းဆောင်နှင့် ရွှေဘိုကျောင်းဆောင်တို့ဖြစ်ကြသည်။ အမျိုးသမီးကျောင်းဆောင်မှာ မာလာဆောင်ဖြစ်ပါသည်။

ရန်ကုန်တက္ကသိုလ် လူနေကျောင်းဆောင်နှင့် စပ်လျဉ်း၍ အထူးသတိပြု မှတ်သားထားမိသည်များမှာ –

(၁) ကျောင်းသား၁၃၆ဦးဆံ့ ပုဂံကျောင်းဆောင်ကို ၁၉၂၅ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့၍ ၁၉၂၆ ခုနှစ်၌ ဖွင့်လှစ် ဖြစ်ခဲ့သည်။ ထိုပုဂံကျောင်းဆောင်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မီးလောင်ပျက်စီးခဲ့သည်။ ယခုလက်ရှိ တကောင်းနှင့် ပြည်ကျောင်းဆောင်တို့အနီး၌ တည်ရှိသော ပုဂံဆောင်မှာ အသစ်ပြန်လည်တည်ဆောက်ထားသော အဆောင်ဖြစ်ပါသည်။

(၂) ယခုအင်းလျားအမျိုးသမီးကျောင်းဆောင်ကို ၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်ဟု သိရပါသည်။

(၃) ယခုလက်ရှိရတနာအမျိုးသမီးကျောင်းဆောင်မှာ အင်းလျားကျောင်းဆောင်နှင့် ကပ်လျက်ဆောက်လုပ်ထားသော နောက်တိုးအမျိုးသမီးကျောင်းဆောင်တစ်ဆောင် ဖြစ်ပါသည်။ (လွတ်လပ်ရေးရပြီးနောက် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။)

(၄) ၁၉၂၈ ခုနှစ်၌ တက္ကသိုလ်ကောလိပ်အတွက် ယောကျ်ားဆောင် ငါးဆောင်၊ "ပင်းယ"၊ "အင်းဝ"၊ "စစ်ကိုင်း"၊ "ပဲခူး"၊ "သထုံ" ဆောင်တို့ကို ဆောက်လုပ်ပြီးစီးခဲ့သည်။ အဆိုပါနှစ်၌ပင် ဂျပ်ဆင်ကောလိပ်အတွက် ယောကျ်ားကျောင်းဆောင် နှစ်ဆောင်ဖြစ်သော ဒဂုံနှင့် ရွှေဘိုဆောင်တို့ကို ဆောက်လုပ်ပြီးစီးခဲ့ကြောင်း အစီရင်ခံစာ၌ တွေ့ရှိ မှတ်သားရပါသည်။

(၅) ယောကျ်ားကျောင်းဆောင်၊ အမျိုးသားအဆောင်များကို အမည်မှည့်ခေါ်ရာ၌ ထူးခြားမှုတစ်ခု ရှိပါသည်။ ၎င်းတို့မှာ မြန်မာနိုင်ငံ၏ နိုင်ငံ့သမိုင်း၌ ထင်ရှားခဲ့သော မင်းနေပြည်တော် ရုံးစိုက်ရာ မြို့အမည်တို့ ဖြစ်နေခြင်းကို အထူးသတိပြုမှတ်သားမိပါသည်။

(၆) မြန်မာ့သမိုင်းစဉ်၌ ထင်ရှားခဲ့သော တကောင်း၊ ပြည် (သရေခေတ္တရာ)၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ ရွှေဘို၊ ပဲခူး၊ သထုံ၊ ဒဂုံတို့ ဖြစ်ကြပါသည်။ ထိုကဲ့သို့ အဆောင်အမည်များကို မှည့်ခေါ်ထားခြင်းသည် နောင်လာနောက်သားများအတွက် မြန်မာနိုင်ငံ၏ မင်းနေပြည်တော်တို့၏ အမည်တို့ကို အမှတ်တရ သတိတရ၊ ဂရုပြု မှတ်သားမိစေရန် ဖြစ်ပါသည်။ *စာမျက်နှာ ၇ သို့*

**တစ်ဦးနှင့်တစ်ဦး သဘော၊ နားလည်ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး စာနာခြင်း၊ ထောက်ထားခြင်း၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီခြင်း၊ အထူးသဖြင့် နေထိုင်မကောင်းသည့်အခါ ပြုစုခြင်း၊ စောင့်ရှောက်ခြင်း၊ တစ်ဦးနှင့် တစ်ဦး အားပေးအားမြှောက် ခြင်း၊ လက်တွဲခေါ်ခြင်း၊ စည်းရုံးခြင်း၊ ညီညွတ်ခြင်း၊ အပေးအယူတတ်ခြင်း စသည့် အလွန်ကောင်းမြတ်သော လူ့ကျင့်ဝတ်သိက္ခာများကို အဆောင်နေဘဝ၌ ကောင်းစွာရရှိခဲ့"**



ရန်ကုန်တက္ကသိုလ်အတွင်းရှိ ပုဂံဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



### ဆောင်းပါးရှင် ဆရာကြီး ဒေါက်တာ သန်းဦး၏ ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ၁၉၅၀ | ရန်ကုန်တက္ကသိုလ် ဘီအေ (အီးဒီ)ဘွဲ့ |
| ၁၉၅၄ | ကျောင်းအုပ်ကြီး၊ အထက၊ ပုတီးကုန်း၊ ပြည်ခရိုင် |
| ၁၉၆၀ | ဘီအီးဒီဘွဲ့ မဟာသရေစည်သူ ဒေါက်တာ ဦးဘ၏ ပထမ ရွှေတံဆိပ်ဆုကို ဝန်ကြီးချုပ် ဦးနုက ချီးမြှင့်ခဲ့ |
| ၁၉၆၀ | ကျောင်းအုပ်ကြီး၊ အထက၊ အုတ်ဖို၊ သာယာဝတီခရိုင် အမ်အီးဒီဘွဲ့ (အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်) |
| ၁၉၆၃ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ ပညာမင်းကြီးရုံး |
| ၁၉၆၄–၁၉၆၅ | ကျောင်းအုပ်ကြီး၊ ပုသိမ် ဆရာအတတ်သင်ကျောင်း |
| ၁၉၆၆–၁၉၇၇ | လက်ထောက် သုတေသနအရာရှိမှ ဥက္ကဋ္ဌ ရာထူးအထိ ထမ်းဆောင် မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့/ ဦးစီးဌာန |
| ၁၉၇၇–၁၉၈၅ | ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန |
| ၁၉၉၉ | မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းစာအုပ်ဖြင့် (အမျိုးသားစာပေဆုရ) |
| ၁၉၉၉–၂၀၁၃ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၁၉၉၉– ယနေ့အထိ | ဥက္ကဋ္ဌ၊ ပညာတန် ဆောင်အုပ်ချုပ်ရေးအဖွဲ့ |
| ၁၉၉၉– ယနေ့အထိ | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန |
| ၂၀၁၅–ဇန်နဝါရီ | ရန်ကုန်တက္ကသိုလ် Doctor of Letters (Honoris Causa) ဘွဲ့ |
| ၂၀၁၅–မေ | အမေရိကန်နိုင်ငံ ဟာဝိုင်ရီ တက္ကသိုလ် Doctor of Humane Letters, (Honoris Causa) ဘွဲ့ |
| ၂၀၁၅–ဇွန် | နိုင်ငံတော်သမ္မတ၏ ပညာရေး အကြံပေးအဖွဲ့ အဖွဲ့ဝင် |
| ၂၀၁၈ | ပခုက္ကူဦးအုန်းဖေ တစ်သက်တာ စာပေဆုရ |

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်
၁၉၂၀ ၂၀၂၀
University of Yangon

*စာမျက်နှာ ၆ မှ*

၂။

**ကျောင်းဆောင်နေ ကျောင်းသားဘဝ**

ရန်ကုန်တက္ကသိုလ် (တက္ကသိုလ်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်) တွင် ကျောင်းအိပ် ကျောင်းစားအဖြစ် နေထိုင်ရသော အမျိုးသားကျောင်းဆောင်၊ အမျိုးသမီး ကျောင်းဆောင် (Hostels) တို့၌ ကျောင်းဆောင်နေ ကျောင်းသားဘဝ၊ ကျောင်းသူဘဝကို ဤစာရေးသူက အမှတ်တရ တင်ပြလိုသော အာသီသရှိပါ၍ ယခုကဲ့သို့ နောက်ခံသမိုင်းအကျဉ်းနှင့်တကွ အဆောင်နေဘဝကို တင်ပြရခြင်း ဖြစ်ပါသည်။

ဤစာရေးသူသည် အသက်အားဖြင့် ၈၂ နှစ်ရှိပြီ ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်၌ ပထမဘွဲ့အတွက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၄ ခုနှစ်အထိ ပထမအကြိမ် တက္ကသိုလ်စတင်ကျောင်းနေစဉ်က တစ်ကြိမ်၊ ဒုတိယဘွဲ့ ဘွဲ့လွန်အတွက် ၁၉၅၉-၁၉၆၀ ပညာသင်နှစ်တွင် ကျောင်းနေစဉ်က တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ကျောင်းအိပ် ကျောင်းစား **ကျောင်းဆောင်နေကျောင်းသားဘဝ** ကို ရရှိသူဖြစ်ခဲ့ပါသည်။

**ပင်းယဆောင်၌ နေထိုင်ခြင်း**

ဤစာရေးသူသည် လွတ်လပ်ရေးရပြီး နောက်တစ်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့ပါသည်။ ၁၉၅၀-၁၉၅၁ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာဝိဇ္ဇာ ပထမနှစ်သင်တန်းကို တက်ခွင့်ရခဲ့ပါသည်။ စာရေးသူတို့ခေတ်က ဥပစာဝိဇ္ဇာ ပထမနှစ်တွင် စာမေးပွဲမရှိပါ၊ ဒုတိယနှစ်တွင်သာ စာမေးပွဲရှိပါသည်။ (ပထမနှစ်နှင့် ဒုဘိယနှစ်ပေါင်း၍ ဖြေရပါသည်။)

ကျောင်းဆောင်၌ နေထိုင်ရန် လျှောက်ထားခဲ့ရာ ပင်းယကျောင်းဆောင် အောက်ဆုံးမြေညီထပ်၌ နေထိုင်ရန် အခန်းတစ်ခန်းရရှိခဲ့ပါသည်။ ထိုစဉ်က တစ်ယောက်ခန်းတွင် တစ်ယောက်တည်းနေထိုင်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ ပင်းယဆောင် အဆောင်နည်းပြဆရာ (Hall Tutor) မှာ ဆရာဦးဘတုတ် (ယခု သချာင်္ပါမောက္ခ (ငြိမ်း)၊ ဆရာကြီး ဦးဘတုတ်) (သက်ရှိထင်ရှားရှိနေဆဲ ဆရာကြီးတစ်ဦး) ဖြစ်ပါသည်။ ပင်းယဆောင်၌ အဆောင်မှူးမှာ ဥပဒေ မဟာဌာန မဟာဌာနမှူးဦးမြင့် ဖြစ်ပါသည်။

ပင်းယဆောင် မြေညီထပ်၌ စာရေးသူနှင့် အခန်းချင်းဆက် နေထိုင်ကြသူများကို ကောင်းစွာ မှတ်မိနေဆဲဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့မှာ ကွယ်လွန်သွားကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အမည်များကို မဖော်ပြတော့ပါ။

မိဘနှင့်အတူ တက္ကသိုလ်ဝင်တန်းအောင်သည်အထိ အတူနေထိုင် နေထိုင်ခဲ့ရာမှ မိဝေး ဖဝေး၊ ရပ်ဝေး မြေခြား တက္ကသိုလ်ကျောင်းဆောင်သို့ စတင်လာရောက်နေထိုင်စအခါက နေမထိ ထိုင်မသာ ခံစားနေထိုင်ခဲ့ရပါသည်။ ရောက်စ၌ မိမိနေအိမ်ကိုသာ အမြဲသတိရ အထူးလွမ်းဆွတ်နေပါသည်။ နောက်တဖြည်းဖြည်း နေသားတကျ ဖြစ်လာရပါသည်။ နောက် နေတတ်သွားပါသည်။



ရန်ကုန်တက္ကသိုလ်အတွင်းရှိ ပင်းယဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တက္ကသိုလ်ကျောင်းသားဘဝ၌ အဆောင်နေကျောင်းသားဘဝသာ မပါဝင်ခဲ့ပါက ပြီးပြည့်စုံသည့်ဘဝဟု မယူဆပါ။ အကြောင်းရှိပါသည်။ တက္ကသိုလ်ကျောင်းသားဘဝ၌ ထိုစဉ်က ဘာသာတွဲစနစ် (Combination System) အရ ဘာသာတွဲကိုယူရသဖြင့် ဘာသာရပ်တူ ကျောင်းနေဖက်သူငယ်ချင်းများကို ရရှိခဲ့ပါသည်။ ဘာသာရပ်တူ ကျောင်းနေဖက် သူငယ်ချင်းများသာ ရရှိခဲ့ခြင်းဖြစ်ပါသည်။



ယခင်ရန်ကုန်တက္ကသိုလ် ဦးချစ်လက်ဖက်ရည်ဆိုင်နေရာတွင် နှစ်ထပ်စားသောက်ဆိုင်ဆောက်လုပ်ရန် သတ်မှတ်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အမျိုးသားကျောင်းဆောင်၌ နေထိုင်ရသောအခါတွင် ဘာသာရပ်တူ ကျောင်းနေဖက်သူငယ်ချင်းများသာမက ဘွဲ့ကြို ဘွဲ့လွန်၊ ဘာသာရပ်အမျိုးမျိုး၊ အတန်းအမျိုးမျိုး၊ အရပ်ဒေသအမျိုးမျိုး၊ လူမျိုးနွယ်အမျိုးမျိုး၊ ကိုးကွယ်သည့် ဘာသာ အမျိုးမျိုး၊ စရိုက် အလေ့အကျင့်အမျိုးမျိုးရှိကြသည့် အဆောင်နေဖက် သူငယ်ချင်းများနှင့် စားအတူ၊ သွားအတူ၊ လာအတူ၊ ပြောဆိုဆက်ဆံ ပေါင်းသင်းနေထိုင်ကြရခြင်းကြောင့် လူမှုဆက်ဆံရေး၊ အလေ့အကျင့်ကောင်းများကို လက်တွေ့ကျကျ ကျင့်သုံးရသဖြင့် များစွာအကျိုးများလှပါသည်။ အလွန်အဖိုးတန်လှပါသည်။

တစ်ဦးနှင့်တစ်ဦး သဘော နားလည်ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ တစ်ဦးနှင့် တစ်ဦး စာနာခြင်း၊ ထောက်ထားခြင်း၊ တစ်ဦးနှင့် တစ်ဦး ရိုင်းပင်းကူညီခြင်း၊ အထူးသဖြင့် နေထိုင်မကောင်းသည့်အခါ ပြုစုခြင်း၊ စောင့်ရှောက်ခြင်း၊ တစ်ဦးနှင့် တစ်ဦး အားပေးအားမြှောက်ခြင်း၊ လက်တွဲခေါ်ခြင်း၊ စည်းရုံးခြင်း၊ ညီညွတ်ခြင်း၊ အပေးအယူတတ်ခြင်း စသည့် အလွန်ကောင်းမြတ်သော လူ့ကျင့်ဝတ်သိက္ခာများကို အဆောင်နေဘဝ၌ ကောင်းစွာရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဤသည်တို့မှာ **ဆောင်ရန်** များ ဖြစ်ကြပါသည်။ (ရှောင်ရန်များလည်း ရှိပါသည်။ ရှောင်ရန်များကိုတော့ ရှောင်ကြဉ်ကြရန်ပင် ဖြစ်ပါသည်။)

၃။

**တကောင်းကျောင်းဆောင်၌ နေထိုင်ခြင်း**

ဤစာရေးသူသည် ပထမဘွဲ့ (ဘီ၊ အေ၊ အီးဒီဘွဲ့) ကို ရရှိပြီးနောက် ပညာရေးဌာနတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆရာကြီးဘဝသို့ ရောက်ရှိခဲ့ပါသည်။ အလုပ်ခွင်အတွင်း ငါးနှစ်မျှ အမှုထမ်းဆောင်ပြီးနောက် ဘွဲ့လွန်ဘွဲ့တစ်ခုဖြစ်သော ဘီ၊ အီး၊ ဒီ ဘွဲ့သင်တန်းသို့ ၁၉၅၉-၁၉၆၀ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ် ပညာရေး မဟာဌာန၌ တက်ရောက်ခွင့် လျှောက်ထားခဲ့ရာ တက်ရောက်ပညာ ဆည်းပူးခွင့် ရခဲ့ပြန်ပါသည်။

ဤတစ်ကြိမ်တွင် စာရေးသူသည် အမှုထမ်းတစ်ယောက်ဖြစ်နေပါပြီ။ အိမ်ထောင်ကျ၍ သားသမီးများလည်း ရှိနေပြီဖြစ်ပါသည်။ အဆောင်နေခွင့်ကို တကောင်းကျောင်းဆောင် အပေါ်ဆုံးအထပ်လမ်းမကြီးနှင့် ကပ်လျက်အခန်း၌ နေခွင့်ရခဲ့ပါသည်။ ပြည်လမ်းမကြီးနှင့်ကပ်လျက် အခန်းဖြစ်သဖြင့် ကားသံများ နေ့ရောညပါအလွန် ဆူညံနေပါသည်။ အခန်းရောက်စ၌ ထိုအသံများကြောင့် အနှောင့်အယှက်ဖြစ်ရပါသည်။ စာဖတ်ချိန်၊ စာကျက်ချိန်တွင် အဆိုးဆုံးခံစားရပါသည်။ သို့ရာတွင် နောက်ပိုင်း၌ နေသားတကျ ဖြစ်လာပါသည်။

ယခုအခါတွင် မိဘနှင့် ခွဲခွာ၍နေရခြင်း မဟုတ်တော့ဘဲ အိမ်ထောင်နှင့် ခွဲခွာ၍ နေထိုင်ရခြင်း တစ်မျိုးဖြစ်ပါသည်။ မကြာခဏဆိုသလို မိမိအိမ်ထောင်ရှိရာ ဇနီး၊ သားသမီးများဆီသို့ သံယောဇဉ်အရ စိတ်ရောက်နေတတ်ပါသည်။ သောကလည်း ရောက်နေတတ်ပါသည်။

တကောင်းကျောင်းဆောင်၌ နေထိုင်ရစဉ် စားအတူ၊ သွားအတူ၊ လာအတူ၊ ကျောင်းတက်အတူ နေကြရသူများမှာ အလုပ်ခွင်မဝင်ရသေးသည့် လူငယ်ပညာရေး သင်တန်းများနှင့် အလုပ်ခွင်တွင်းမှ တက်ရောက်လာသည့် သင်တန်းသားများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ နေရာအနှံ့ မှ၊ ပြည်နယ်အသီးသီးမှ ပြည်နယ်သားများ၊ တိုင်းဒေသကြီးသားများအပါအဝင် လူမျိုးအနွယ်စုံ၊ ကိုးကွယ်သည့် ဘာသာစုံ၊ လူမျိုးယဉ်ကျေးမှုစုံတို့နှင့် အတူတူတွဲယှဉ်၍ နေထိုင်ခွင့်ရပြန်သဖြင့် များစွာ အကျိုးဖြစ်ထွန်းလာပြန်ပါသည်။ ။

ထိုကဲ့သို့ အတူတကွ နေထိုင်ကြရသဖြင့် တစ်ဦးနှင့် တစ်ဦး အချင်းချင်းထံမှ ဒေသဆိုင်ရာ ထူးခြား၊ ကွဲပြားသည့်အခြေအနေများ၊ ဒေသအလျောက် သင်ကြားသင်ယူမှုပြုကြရသည်များ၊ ဒေသအလျောက် ဆရာဆရာမများ ဘဝရုန်းကန်လှုပ်ရှားနေရမှုများ၊ ဒေသအလျောက် ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင် ဆင်ယင်ကျင်းပမှု၊ ဝတ်စားဆင်ယင်မှု၊ ဓလေ့စရိုက်လက္ခဏာများ ခြားနားမှုအလျောက် *စာမျက်နှာ ၈ သို့*



ရန်ကုန်တက္ကသိုလ်နယ်မြေ၌ ပထမဆုံး သစ်သားဖြင့်တည်ဆောက်ခဲ့ပြီး ၁၉၂၄ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် တကောင်းဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



# အရေးကြီးပြီဆိုရင် သွေးစည်းကြတယ်

စားနပ်ရိက္ခာတွေနဲ့ပတ်သက်လို့ နိုင်ငံတော်ကနေပြီးတော့ အခြေခံလိုအပ်ချက်၊ ဥပမာ ဆန်ပေါ့။ ဆန်မရှားပါးအောင်၊ ဘယ်နေရာမှာမှ ဆန်မပြတ်အောင်၊ အဲဒါတွေလည်း လုပ်နေပါတယ်။ အဲဒီအပြင်မှာ စေတနာရှင်တွေကနေပြီးတော့ ဆန်၊ ဆီ၊ ဆား လှူတဲ့ လုပ်ငန်းတွေ လုပ်လာတယ်ဆိုတာ တွေ့ရတဲ့အခါကျတော့ ကျွန်မတို့အင်မတန်မှ အားလည်း တက်တယ်။ အင်မတန်မှလည်း ဂုဏ်ယူပါတယ်။ ဒါဟာ ကျွန်မတို့နိုင်ငံရဲ့ ကံကောင်းတဲ့ အကျင့်တစ်ခုပဲပေါ့။ အရေးကြီးပြီဆိုရင် သွေးစည်းကြတယ်။ အားလုံးက ဝိုင်းပြီးတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီး ကူညီပေးကြတယ်။ ပြည့်ပြည့်စုံစုံမရှိတဲ့ ပြည်သူတွေအတွက် ကူညီဖို့ ဆိုပြီးတော့ ဆန်၊ ဆီ၊ ဆားလှူတဲ့ အလှူရှင်တွေအားလုံး၊ စေတနာရှင်တွေ အားလုံးကိုလည်း ပြည်သူတွေကိုယ်စား ကျေးဇူးတင်တယ်လို့ ကျွန်မတို့ ပြောချင်ပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် )

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် အောက်တိုဘာ ၃၀

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

သွားလာနေထိုင် ပြောဆိုဆက်ဆံ ဆောင်ရွက်မှုများကို တစ်ဝကြီး စုစည်းရရှိလိုက်ပါသည်။ ထိုသို့ရရှိလာသည့် ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ ဘာသန္တရ ဗဟုသုတ၊ ဒေသဆိုင်ရာ ဗဟုသုတ၊ ဒေသန္တရဗဟုသုတတို့ကို ကျောင်းဆောင်တစ်နေရာတည်းမှာနေရင်း ရယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ ဒေသအသီးသီးတွင် ပညာရေးဝန် ထမ်းနေကြသည့် ပညာရေးမိသားစုဝင်များနှင့် မိတ်ဖွဲ့ကာ မဟာမိတ်ဖြစ်ရခြင်း၊ ကျောင်းနေဖက်၊ အဆောင်နေဖက် မိတ်ဆွေဖြစ်ရခြင်းတို့သည် ပညာရေးမိသားစု စိတ်ဓာတ်ကို ဖွံ့ဖြိုးရှင်သန်လာစေခဲ့ပါသည်။ သင်တန်းဆင်းသွားပြီးနောက် အလုပ်ခွင် အတွင်း၊ အပ နှစ်ဌာန၌ ပြန်လည်ဆုံတွေ့ကြရသည့်အခါများစွာမှ နှစ်ထောင်းအားရ ဝမ်းသာဂုဏ်ယူကြပါသည်။ ၎င်းတို့ထံမှ လှိုက်လှိုက်လှဲလှဲ ကူညီမှုများလည်းရရှိပြီး ပီတိများစွာ ဖြစ်ရပါသည်။ ယနေ့တိုင် မမေ့နိုင်ကြပါ။

ဤစာရေးသူသည် ပင်းယကျောင်းဆောင်နှင့် တကောင်းကျောင်းဆောင်တို့၌ နေထိုင်ခဲ့ရစဉ်အတွင်း ကျောင်းဆောင် သဟာယအသင်းများ၏ ဝါယမစိုက်ထုတ်ဆောင်ရွက်မှု အရပ်ရပ်ကိုလည်း အထူးသတိပြုမှတ်သားမိပါသည်။ အဆောင်သဟာယအသင်းခန်းမကျယ်၌ နေ့စဉ်ထုတ်သတင်းစာ မဂ္ဂဇင်း စာစောင်စသည်များကို နေ့စဉ်ဖတ်ရှုခွင့် ရခဲ့ပါသည်။ ထိုခေတ်က ရေဒီယိုကိုလည်း နံနက်တိုင်း၊ ညတိုင်းနားထောင်ခွင့်ရခဲ့ပါသည်။ သဟာယဆောင်အတွင်း စိတ်ကြိုက်ထိုင်၍ ကစားစရာများကိုလည်း တစ်ယောက်ချင်းနှင့် ဝိုင်းဖွဲ့ကစားခြင်းများ ပြုလုပ်နိုင်ပါသည်။ အထူးသဖြင့် နေ့ကြီးရက်ကြီးအခါကြီးတို့၌ ကျောင်းဆောင်သဟာယ အသင်းက ကြီးမှူးပြီး နံရံကပ်စာစောင်၊ လက်ဝေစာစောင်များ၊ ကျပန်းစကားပြောပွဲများ၊ ဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ ပြင်ပပညာရှင်ဟောပြောပွဲများ စသည့် ပညာပေးပွဲများကို ပြုလုပ်ပေးပါသည်။

ပညာသင်နှစ်အဆုံးတွင် အဆောင်လိုက် ညစာစားပွဲ Grand Dinner ကို မှတ်မှတ်ရရ နာမည်ကြီး၊ နာမည်ကျော် အငြိမ့်များကို ငှားရမ်းပြီး ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရာ အဆောင်သားများ၊ ဖိတ်ကြားထားသူများနှင့်အတူ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြရသည်များကိုလည်း တစ်သက်၌ မမေ့နိုင် အမှတ်တရ ဖြစ်ကြရပါသည်။

ဤစာရေးသူသည် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ ပညာတော်သင် သွားရောက်ရ၍ နိုင်ငံရပ်ခြား တက္ကသိုလ်၌ ပညာသင်ယူစဉ်၌ လည်းကောင်း၊ နေထိုင်ခွင့်ရခဲ့သော ကျောင်းဆောင်၌ ကမ္ဘာအရပ်ရပ်မှ ကျောင်းသားကျောင်းသူများနှင့် အတူတကွယှဉ်တွဲ၍ နေထိုင်ရသည့်အခါတွင်လည်းကောင်း၊ အမိတက္ကသိုလ်အဆောင်များ၌ နေထိုင်ခဲ့ရဖူးသည့် ကြွယ်ဝသော ဘဝအတွေ့အကြုံများ၏ ကျေးဇူးကြောင့် ချောမောပြေပြစ်စွာ၊ ကောင်းမွန်စွာ ပြောဆိုဆက်ဆံနေထိုင် မိတ်ဖွဲ့နိုင်ခဲ့ပါကြောင်း ကိုယ်တွေ့လက်တွေ့ကျကျ တွေ့မြင်ခံစားခံစားဖြစ်ခဲ့ရပါသည်။

အချုပ်အားဖြင့် စာရေးသူအနေဖြင့် တင်ပြဆွေးနွေးလိုသည်မှာ တက္ကသိုလ်ကောလိပ်၊ သိပ္ပံစသည့် ကျောင်းသားဘဝတွင် **စာသင်သားဘဝ** သက်သက်ဖြင့် ပြည့်စုံလုံလောက်မှု ရှိမည်မဟုတ်ပါ။ **အဆောင်နေဘဝ** ပါ တစ်ပါတည်း ထည့်သွင်းပါဝင်မှုပြုပါမှ **ပြည့်စုံသောဘဝ** (Full Life) ကို မုချရရှိကြရလိမ့်မည် ဖြစ်ပါသည်။

ထိုကဲ့သို့ စာသင်သားဘဝ အဆောင်နေဘဝ နှစ်ရပ်စလုံး ကုံလုံမှုဖြင့် နိုင်ငံသားကောင်း၊ နိုင်ငံသမီးမွန် ကမ္ဘာ့သားကောင်း၊ ကမ္ဘာ့သမီးမွန်အဖြစ်တို့သို့ မုချမလွဲမသွေ ပြုစုပျိုးထောင်ပေးမှု၊ တက်လှမ်းမှုပြုနိုင်ကြမည်ဖြစ်ပါကြောင်း ...။ ။

"ကောင်းရာ တုလျက်၊ ကောင်းမှု မြတ်နိုး၊
ကောင်းအောင် ကြိုး၍၊ ကောင်းကျိုးကိုယ်၌
တည်စေမင်း..."

ကန်တော်မင်းကျောင်းဆရာတော်ဘုရားကြီး
(မြန်မာသက္ကရာဇ် ၈၀၀–၈၇၅)

## ၃၀-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၇၉၆၀ | ၅၉၈၄၈၆၄ | ၂၃၄၂၂၅ |
| ၂။ | အိန္ဒိယ | ၈၀၈၉၅၉၃ | ၇၃၇၃၃၇၅ | ၁၂၁၀၄၄ |
| ၃။ | ဘရာဇီး | ၅၄၉၆၄၀၂ | ၄၉၅၄၁၅၉ | ၁၅၉၀၃၃ |
| ၄။ | ရုရှား | ၁၅၉၉၉၇၆ | ၁၂၀၀၅၆၀ | ၂၇၆၅၆ |
| ၅။ | ပြင်သစ် | ၁၂၈၂၇၆၉ | ၁၁၅၂၈၇ | ၃၆၀၂၀ |
| ၆။ | စပိန် | ၁၂၃၈၉၂၂ | စိစစ်ဆဲ | ၃၅၆၃၉ |
| ၇။ | အာဂျင်တီးနား | ၁၁၄၃၈၀၀ | ၉၄၆၁၃၄ | ၃၀၄၄၂ |
| ၈။ | ကိုလံဘီယာ | ၁၀၅၃၁၂၂ | ၉၅၀၃၄၈ | ၃၀၉၂၆ |
| ၉။ | ဗြိတိန် | ၉၆၅၃၄၀ | စိစစ်ဆဲ | ၄၅၉၅၅ |
| ၁၀။ | မက္ကဆီကို | ၉၁၂၈၁၁ | ၆၆၈၆၆၇ | ၉၀၇၇၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀– ၁၀ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၆၉၄၅ | ၃၃၄၂၉၅ | ၁၃၇၈၂ |
| ဖိလစ်ပိုင် | ၃၇၈၉၃၃ | ၃၃၀၄၅၇ | ၇၁၈၅ |
| စင်ကာပူ | ၅၈၀၀၃ | ၅၇၉၀၉ | ၂၈ |
| မြန်မာ | ၅၁၄၉၆ | ၃၁၃၃၀ | ၁၂၁၉ |
| မလေးရှား | ၃၀၈၈၉ | ၂၀၂၄၈ | ၂၄၉ |
| ထိုင်း | ၃၇၇၅ | ၃၅၈၅ | ၅၉ |
| ဗီယက်နမ် | ၁၁၇၇ | ၁၀၆၂ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၁ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၂ | ၀ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၉-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၉၂ |
| | | မင်္ဂလာတောင်ညွန့် | ၇၁ |
| | | မင်္ဂလာဒုံ | ၆၆ |
| | | ကမာရွတ် | ၆၅ |
| | | စမ်းချောင်း | ၅၇ |
| | | မရမ်းကုန်း | ၅၇ |
| | | တာမွေ | ၅၆ |
| | | ရွှေပြည်သာ | ၄၇ |
| | | တောင်ဥက္ကလာပ | ၄၇ |
| | | မြောက်ဥက္ကလာပ | ၄၄ |
| | | သင်္ဃန်းကျွန်း | ၃၇ |
| | | ဗဟန်း | ၃၀ |
| | | လှိုင် | ၂၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၂ |
| | | သန်လျင် | ၂၀ |
| | | အင်းစိန် | ၁၉ |
| | | ဗိုလ်တထောင် | ၁၉ |
| | | မှော်ဘီ | ၁၈ |
| | | ဒလ | ၁၅ |
| | | သာကေတ | ၁၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၄ |
| | | ပုဇွန်တောင် | ၁၃ |
| | | ဆိပ်ကြီးခနောင်တို | ၁၃ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၀ |
| | | ကျောက်တန်း | ၁၀ |
| | | လှည်းကူး | ၁၀ |
| | | ရန်ကင်း | ၇ |
| | | ဒေါပုံ | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၇ |
| | | ကျောက်တံတား | ၆ |
| | | လသာ | ၆ |
| | | အလုံ | ၅ |
| | | ထန်းတပင် | ၄ |
| | | ခရမ်း | ၄ |
| | | လမ်းမတော် | ၄ |
| | | သုံးခွ | ၄ |
| | | ဒဂုံ | ၃ |
| | | ပန်းဘဲတန်း | ၁ |
| | | တွံတေး | ၁ |
| | | တိုက်ကြီး | ၁ |
| | | ကော့မှူး | ၁ |
| | | စုစုပေါင်း | ၉၆၈ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး | ၂၁ |
| | | လက်ပံတန်း | ၁၈ |
| | | ဝေါ | ၁၄ |
| | | မိုးညို | ၁၂ |
| | | ပဲခူး | ၁၀ |
| | | မင်းလှ | ၉ |
| | | ဖြူး | ၈ |
| | | တောင်ငူ | ၇ |
| | | ပန်းတောင်း | ၄ |
| | | ပေါက်ခေါင်း | ၄ |
| | | ကဝ | ၃ |
| | | ဒိုက်ဦး | ၃ |
| | | သနပ်ပင် | ၁ |
| | | ရေတာရှည် | ၁ |
| | | စုစုပေါင်း | ၁၁၅ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၃၅ |
| | | အောင်မြေသာစံ | ၁၈ |
| | | ချမ်းအေးသာစံ | ၇ |
| | | မြင်းခြံ | ၇ |
| | | မြစ်သား | ၅ |
| | | ပြည်ကြီးတံခွန် | ၅ |
| | | ဝမ်းတွင်း | ၄ |
| | | အမရပူရ | ၂ |
| | | မိတ္ထီလာ | ၂ |
| | | မတ္တရာ | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | တောင်သာ | ၁ |
| | | စဉ့်ကူး | ၁ |
| | | စုစုပေါင်း | ၉၂ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ဒေးဒရဲ | ၃၁ |
| | | မော်လမြိုင်ကျွန်း | ၁၃ |
| | | ဓနုဖြူ | ၅ |
| | | ကျိုက်လတ် | ၄ |
| | | မအူပင် | ၂ |
| | | ပုသိမ် | ၂ |
| | | ကြံခင်း | ၁ |
| | | ကျောင်းကုန်း | ၁ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၆၀ |
| ၅။ | ရခိုင်ပြည်နယ် | အမ်း | ၁၂ |
| | | ကျောက်ဖြူ | ၆ |
| | | ကျောက်တော် | ၃ |
| | | မောင်တော | ၃ |
| | | ပုဏ္ဏားကျွန်း | ၃ |
| | | ဘူးသီးတောင် | ၂ |
| | | မြောက်ဦး | ၁ |
| | | စုစုပေါင်း | ၃၀ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂၀ |
| | | ကျွန်းစု | ၁ |
| | | ကော့သောင်း | ၁ |
| | | ထားဝယ် | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | တမူး* | ၈ |
| | | ကလေး | ၄ |
| | | ရွှေဘို | ၃ |
| | | မုံရွာ | ၂ |
| | | ယင်းမာပင် | ၁ |
| | | စုစုပေါင်း | ၁၈ |
| ၈။ | နေပြည်တော် | ဇမ္ဗူသီရိ | ၅ |
| | | ပုဗ္ဗသီရိ | ၃ |
| | | လယ်ဝေး | ၁ |
| | | စုစုပေါင်း | ၉ |
| ၉။ | မွန်ပြည်နယ် | ဘီးလင်း | ၂ |
| | | သထုံ | ၂ |
| | | မုဒုံ | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | မော်လမြိုင် | ၁ |
| | | စုစုပေါင်း | ၇ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁ |
| | | ချောက် | ၁ |
| | | နတ်မောက် | ၁ |
| | | ရေစကြို | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၁။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၂။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | နမ္မတူ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၉-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၃၁) ဦး |

* ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ (၅) ဦးအား အသွားအလာကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၂၉-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၃၁) ဦး တွင် အနံ့မရရှိသူ (၂၆၇) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

❐ *ကျော့ဖုံးမှ*

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၃၀-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၃,၄၉၀) ဦး | (၆၇၅,၉၈၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၉၃) ဦး | (၅၁,၄၉၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၃၂၃) ဦး | (၃၁,၃၃၀) ဦး |
| သေဆုံးလူနာ | (၂၀) ဦး | (၁,၂၁၉) ဦး |

- ယနေ့ သေဆုံးသူ (၂၀) ဦးအနက် ရောဂါအခံရှိသူ (၁၈) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၃၂၃)ဦးတွင်-
  - o ပြည်သူ့ဆေးရုံများ - (၂၆၇) ဦး
  - o COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၁,၀၅၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၉၄၄)ဦးတွင်-
  - o Hotel Quarantine - (၂၉၈) ဦး
  - o Facility Quarantine - (၂၈၃) ဦး
  - o Community Based Facility Quarantine - (၁,၂၃၄) ဦး
  - o Anosmia Center - (၁၂၉) ဦး ပါဝင်ပြီး

  ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၀** – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ယနေ့ရက်စွဲဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအခါ နိုင်ငံတော်တွင် COVID – 19 ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုများ နေ့စဉ်တိုးပွားလျက်ရှိပါကြောင်း၊ ထို့ပြင် နိုဝင်ဘာ ၈ ရက်တွင်လည်း နိုင်ငံတော်အတွက် အရေးကြီးသည့် အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့်လည်း COVID – 19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လည်းကောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးတွင် လည်းကောင်း နိုင်ငံတော်နှင့် အမျိုးသား အကျိုးစီးပွားအတွက် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး၊ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာပြုလုပ်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့် နှစ်၊ နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တပ်မတော်အနေဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဟု သတင်းထုတ်ပြန်ကြေညာအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## အွန်လိုင်းကရာတေး "ခတ" ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်ကကျင်းပသည့် အွန်လိုင်းကရာတေး "ခတ" (၁/၂၀၂၀)၊ MKF Karate Kara Online Series(1/2020) ပထမနေ့ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်ကကျင်းပကြောင်း အဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့ ၂၀၂၀ မှာ ပုံမှန်ကျင်းပမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲ၊ ဂျပန် CUP ပြိုင်ပွဲတို့က ကိုဗစ်ကာလနဲ့ ကြုံကြိုက်လို့ ပုံမှန်မကျင်းပနိုင်တာ ဖြစ်ပါတယ်။ ကစားသမားတွေအနေနဲ့ လေ့ကျင့်မှုလျော့ရဲသွားတာမျိုး၊ ပြတ်တောက်သွားတာမျိုးက လေ့ကျင့်မှုပြန်ကစားရတာခက်တယ်။ ဒါကြောင့် ကိုဗစ်ကာလမှာ လေ့ကျင့်မှုတွေရှိလာအောင် အွန်လိုင်း "ခတ" ပြိုင်ပွဲကျင်းပပေးတာပါ" ဟု အတွင်းရေးမှူး ဦးကျော်ကျော်မိုးကပြောသည်။

ပထမနေ့ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်က အမျိုးသား၊ အမျိုးသမီး Under–12 "ခတ" တစ်ဦးချင်းပြိုင်ပွဲများကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် နိုဝင်ဘာ ၁၄ရက်တွင် အမျိုးသား၊ အမျိုးသမီး Under–14 "ခတ" တစ်ဦးချင်းပြိုင်ပွဲများ၊ နိုဝင်ဘာ ၂၁ ရက်တွင် Cadet ပြိုင်ပွဲများ၊ နိုဝင်ဘာ ၂၈ ရက်တွင် ဂျူနီယာပြိုင်ပွဲများနှင့် ဒီဇင်ဘာ ၅ ရက်တွင် အမျိုးသား၊ အမျိုးသမီး Under–21 ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယခုကျင်းပလျက်ရှိသော အွန်လိုင်းကရာတေး "ခတ" ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၀ ရှိကြောင်း သိရသည်။

**အာကာစိုး**

# မြေပြန့်တောများ ရှားပါးလာခြင်းကြောင့် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ နေထိုင်ကျက်စားသည့် တောင်ငုံးရင်မည်းငှက်များ ပျောက်ကွယ်လုနီးပါးအခြေအနေရောက်ရှိနေ

**ဘုတ်ပြင်း အောက်တိုဘာ ၃၀**

မြေနိမ့်မြေပြန့်တောများ ရှားပါးလာခြင်းကြောင့် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်း ဘုတ်ပြင်းမြို့နယ်ရှိ လေညာသစ်တောကြိုးဝိုင်းနှင့် ငဝန်သစ်တောကြိုးဝိုင်း၌သာ နေထိုင်ကျက်စားသော ရှားပါးတောင်ငုံးရင်မည်းငှက်များ ပျောက်ကွယ်လုနီးပါးအခြေအနေသို့ရောက်ရှိနေကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ သိရသည်။

### တိရစ္ဆာန်များအတွက် ခြိမ်းခြောက်မှု

မြေနိမ့်မြေပြန့်တောများ လျင်မြန်စွာပျက်သုဉ်းလာရခြင်းမှာ တောများရှင်းလင်း၍ ရော်ဘာနှင့် ဆီအုန်းစိုက်ခင်းများတိုးချဲ့စိုက်ပျိုးခြင်းကြောင့်ဖြစ်ပြီး ယင်းဒေသ၌ နေထိုင်ကျက်စားသော တောင်ငုံးရင်မည်းငှက်နှင့် အခြားတောရိုင်းတိရစ္ဆာန်များအတွက် ခြိမ်းခြောက်မှုတစ်ရပ်သဖွယ် ဖြစ်နေသည်ဟု ဆိုသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှအမှုဆောင် ဒါရိုက်တာ ဒေါက်တာသီရိဒေဝီအောင်က " ဒီတောင်ငုံးရင်မည်းငှက်မျိုးစိတ်တွေဟာ အင်မတန်ရှားပြီး မြေနိမ့်မြေပြန့်တောအမျိုးအစားမျိုးမှာသာတွေ့ရနိုင်တဲ့ ငှက်မျိုးစိတ်ဖြစ်ပါတယ်။ ဒေသခံတွေက ဒီငှက်ကို တီတူးငှက်လို့လည်း ခေါ်ကြတယ်။ အရွယ်အစား



တောင်ငုံးရင်မည်းငှက် အထီးတစ်ကောင်ကို တွေ့မြင်ရစဉ်။

သေးငယ်ပြီး အရောင်အသွေးစုံလင်စွာနဲ့ အလွန်လှပတဲ့ ငှက်မျိုး ဖြစ်တယ်။ နိုင်ငံခြားသားငှက်သုတေသနပညာရှင်တွေဆို ဒီငှက်မျိုး ရှိသလား၊ ဘယ်မှာ ကြည့်လို့ရမလဲ။ ရှိနိုင်မယ့်နေရာကို သွားလို့ရသလား လာရောက်လေ့လာချင်လို့ဆိုပြီး တောက်လျှောက်မေးနေတာ။ နောက်ပြီး တစ်ကမ္ဘာလုံးမှာ တောင်ငုံးရင်မဲငှက်ကို ထိုင်းနဲ့ မြန်မာနိုင်ငံမှာသာ တွေ့ရတာ။ ထိုင်းမှာဆိုရင် သူတို့ရဲ့ သဘာဝတောထဲမှာ လုံးဝမျိုးပြုတ်သွားပြီလို့ ထိုင်းနိုင်ငံငှက်ပညာရှင်များက ၂၀၁၄ ခုနှစ်ကတည်းက နိုင်ငံတကာအဖွဲ့အစည်းအချို့ကို ရေးသားတင်ပြထားပါတယ်။ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံ လေညာနဲ့ ငဝန်သစ်တောကြိုးဝိုင်းမှာသာ တွေ့နိုင်တော့တယ်။ ၂၀၀၃ ခုနှစ်မှာ စတွေ့တာပါ" ဟု ပြောသည်။

### မျိုးသုဉ်းမည့်ဘေးနှင့်ရင်ဆိုင်နေရ

ယင်းကဲ့သို့တောများပျက်စီးလာခြင်းကြောင့် သဘာဝတောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စားရာဒေသများ ပျောက်ကွယ်လာခြင်း၊ အကောင်ရေ လျော့ကျခြင်း၊ သားပေါက်နှုန်းလျော့နည်းခြင်းနှင့် အမဲလိုက်ခံရခြင်းတို့ တွေ့ကြုံနေရပြီး မြေနိမ့်မြေပြန့်တောများ ပျောက်ကွယ်သွားပါက ရှားပါးသတ္တဝါများဖြစ်သည့် တောင်ငုံးရင်မဲငှက် အပါအဝင် တခြားသတ္တဝါများပါ ထာဝရပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ တောင်ငုံးရင်မဲငှက် နေထိုင်ကျက်စားရာနေရာသည် ၈၁ ရာခိုင်နှုန်းရှိပြီး ဧရိယာအားဖြင့် ၃၂၂၅ စတုရန်းကီလိုမီတာမှ ၆၅၆ စတုရန်းကီလိုမီတာခန့်အထိကျဆင်းလာကြောင်း၊ မျိုးသုဉ်းမည့်ဘေးနှင့်ရင်ဆိုင်နေရပြီး ၂၀၁၆ ခုနှစ်စာရင်းကောက်ယူမှုအရ အဖို၊ အမအကောင်ရေ ၂၀ ခန့်သာကျန်တော့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာပေါ်တွင်တောင်ငုံးငှက်အမျိုးအစား ၁၄ မျိုးရှိပြီး ၎င်းတို့အနက် ၁၀ မျိုးကို မြန်မာနိုင်ငံတွင် တွေ့ရှိရကာ ၁၀ မျိုးအနက် တောင်ငုံးရင်မည်းငှက်သည် အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN) ၏ အနီရောင်စာရင်းအရ မျိုးသုဉ်းပျောက်ကွယ်ရန် ထိပ်ဆုံးသို့ ရောက်ရှိနေသော ငှက်မျိုးစိတ် တစ်မျိုးဖြစ်ကြောင်းလည်း သိရသည်။

တောင်ငုံးရင်မည်းငှက်တည်ရှိရာ လေညာနှင့် ငဝန်းသစ်တောကြိုးဝိုင်းသည် တစ်ကမ္ဘာလုံး၏ နောက်ဆုံးခံတပ်နေရာတစ်ခုဖြစ်ရာ နှစ်စဉ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA)နှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (မြန်မာ) FFI တို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ Birdlife International ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် BANCA မှ ငှက်ပညာရှင်များသည် သစ်တောဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇီဝမျိုးစုံ မျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ သိရသည်။

**ပိန်းဇလုပ်–သိန်းညွန့်၊ ဓာတ်ပုံ – BANCA**

# ထန်းတပင်မြို့နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများသို့ မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ် ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)က ထမင်းဘူးများ လာရောက်လှူဒါန်း

**ထန်းတပင် အောက်တိုဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုများမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို အသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာငါးခုနှင့် ဆေးရုံနှစ်ခုတို့တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုများကို ဆောင်ရွက်နေပြီး အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများနှင့် ဆေးရုံ နှစ်ခုတို့အတွက် နေ့လယ်စာ ထမင်းဘူး ၈၀၀ ကို မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီထံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) က လာရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



လှူဒါန်းမှုများကို အောက်တိုဘာ ၂၉ ရက်မှ အောက်တိုဘာ ၃၀ ရက်အထိ နှစ်ရက်တာ နေ့လယ်စာအတွက် အာဟာရထမင်းများကို စင်တာငါးခုနှင့် ဆေးရုံ နှစ်ခုတို့ရှိ အသွားအလာကန့်သတ်ထားရှိသူများနှင့် စေတနာ့ဝန်ထမ်းများအတွက် လှူဒါန်းပေးခြင်းဖြစ်ကြောင်းသိရပြီး လှူဒါန်းမှုများ ဆောင်ရွက်ရာတွင်လည်း မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းနှင့် တာဝန်ရှိသူများထံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို) မှ တာဝန်ရှိသူများက အာဟာရထမင်းဘူးများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများမှ ကြိုတင် ကာကွယ်နိုင်ရေးအတွက် ဓာတ်ခွဲအတည်ပြု လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို အ.ထ.က (ထန်းတပင်)၊ အ.ထ.က(ခွဲ) အုတ်ဖို၊ အ.ထ.က(ခွဲ) အတွင်းရေကျော်နှင့် အ.လ.က(ခွဲ) ရွာသစ်အခြေခံပညာကျောင်း စင်တာလေးခု၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် တက်သစ်တိုက်နယ်ဆေးရုံတို့တွင် ထားရှိကြောင်းလည်း သိရသည်။**ဇင်မင်းထိုက်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသောကြောင့် လိုက်ဟဲဗီးဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံအဖြစ်သာ ဆက်လက်ရပ်တည်မည်ဖြစ်သည်။

ကမ္ဘာ့ချန်ပီယံလုပွဲများတွင် အမျိုးသမီး စထရောဝိတ်တန်း၌ ချန်ပီယံ ရှောင်ကျန်နန် (တရုတ်) က စိန်ခေါ်သူ တက်ဖနီတီယို (စင်ကာပူ)ကို အနိုင်ယူပြီး ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။ နှစ်ဦးစလုံး အပြန်အလှန် ထိုးသတ်နိုင်ခဲ့ပြီး ငါးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် ဒိုင်လူကြီးများက ဆုံးဖြတ်ရာ ရှောင်ကျန်နန်က အနိုင်ရခဲ့သည်။ ဖယ်သာဝိတ်တန်းတွင် ချန်ပီယံအသစ်ထွက်ပေါ်ခဲ့ပြီး စိန်ခေါ်သူ ထရန်လီ (ဗီယက်နမ်/အမေရိကန်) က ချန်ပီယံမာတင်ငုယင် (ဗီယက်နမ်/သြစတြေးလျ)ကို အနိုင်ယူခဲ့သည်။

ထရန်လီသည် တတိယအချီတွင် လက်သီးချက်များဖြင့် မာတင်ငုယင်ကို ပွဲသိမ်းခဲ့ခြင်းဖြစ်ပြီး ဖယ်သာဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံသစ် ဖြစ်လာသည်။ လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် လက်ရှိချန်ပီယံ ခရစ္စတီယန်လီ (စင်ကာပူ) က လာပီကတ်စ် (ရိုမေးနီးယား) ကို ပထမအချီမှာပင် အနိုင်ယူကာ ချန်ပီယံဆု ကာကွယ်နိုင်ခဲ့သည်။

Inside The Matrix ပြိုင်ပွဲ၌ပါဝင်သည့် စိန်ခေါ်ပွဲများတွင် အမျိုးသမီးပွဲစဉ်၌ ရီတူဖိုဂတ် (အိန္ဒိယ)က ဆရီပို့ဗ် (ကမ္ဘောဒီးယား) ကို ဒုတိယအချီတွင် လည်းကောင်း၊ အမျိုးသားပွဲစဉ်၌ အန်တိုနီယိုကာရူဆို (သြစတြေးလျ) က ဖိုလာရန် (ဖိလစ်ပိုင်) ကို တတိယအချီတွင် လည်းကောင်း အနိုင်ရခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ– onefc**

## ကျောက်မဲမြို့၌ မူးယစ်ကွင်းဆက်တရားခံပြေးကို ဖမ်းဆီးရာ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးစဉ် သေဆုံး

**နေပြည်တော် အောက်တိုဘာ ၃၀**

ကျောက်မဲမြို့၌ မူးယစ်ကွင်းဆက်တရားခံပြေးကို ယနေ့တွင် ဖမ်းဆီးရာ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးစဉ် သေဆုံးသွားကြောင်း သိရသည်။

ကျောက်မဲမြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ကျောက်မဲမြို့မရဲစခန်း၏ မူးယစ်ကွင်းဆက်တရားခံပြေး ကွမ်းဖုန်း (၅၂ နှစ်) မှာ ကျောက်မဲမြို့ (၈)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်သို့ ပြန်လည်ရောက်ရှိနေကြောင်း သတင်းအရ အဆိုပါ နေအိမ်အား အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် ဝင်ရောက်စီးနင်းရှာဖွေစဉ် ကွမ်းဖုန်းက အရိုးအသွား ၂၀ လက်မခန့်ရှိ ဓားမဖြင့်ခုတ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ဦးခေါင်း၌ ပြတ်ရှဒဏ်ရာ (စိုးရိမ်ရ) ရရှိခဲ့ပြီး နေအိမ်၌ ရောက်ရှိနေသူ ကျော်မင်း(၃၁ နှစ်) ကလည်း ၎င်းကိုင်ဆောင်ထားသည့် ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးစလုံး ကျည်ထိမှန် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး နေအိမ်ကို အသေးစိတ်ရှာဖွေရာ ဘိန်းဖြူ ၈၀ ဂရမ်ခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅၀၊ ဓားမတစ်လက်၊ ဓားမြှောင်တစ်လက်၊ CZP-07 9mm အမျိုးအစားပစ္စတိုတစ်လက်၊ ကျည်ကတ်တစ်ခု၊ ၉ မမကျည် ကိုးတောင့်တို့ သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့ပြင် နေအိမ်အတွင်း မူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲရန် ရောက်ရှိနေသည့် အိုက်စိုင်း (ခ)အောင်သိန်း (၃၀ နှစ်)၊ ထက်သူပိုင် (၂၅ နှစ်) နှင့် ကျော်မင်းနောင်(ခ) အိုက်နောင့်(၃၆ နှစ်) တို့ သုံးဦးကိုလည်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးနှင့် ဖမ်းဆီးရေးဆောင်ရွက်ရာတွင် အချို့က ပြန်လည်ခုခံတုံ့ပြန်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ထိခိုက်သေကျေ၊ ဒဏ်ရာရရှိမှုများ ရှိခဲ့သဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၃၄ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၅ ဒသမ ၃၄ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်တိုဘာ ၂၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



စိုင်းရွှေ (ခ) စိုင်းသိန်းနိုင်နှင့် တင်ဆန်းဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ နှင့်အတူတွေ့ရစဉ်။

အဆိုပါ ထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၆ ရက် နံနက် ၅ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီး မိုင်တိုင်အမှတ်(၅)နှင့်(၆)အကြားတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ စိုင်းရွှေ(ခ)စိုင်းသိန်းနိုင်နှင့် တင်ဆန်းဦးတို့အား Nissan Diesel အမျိုးအစား မော်တော်ယာဉ်နှင့်အတူ တွေ့ရှိရ၍ ရှာဖွေစစ်ဆေးခဲ့ရာ မော်တော်ယာဉ် ကြမ်းခင်းအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀၀၀၀ သိမ်းဆည်း ရမိခဲ့ကြောင်း။

၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း၊ စိုင်းရွှေ (ခ) စိုင်းသိန်းနိုင်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၇ ရက်က အင်းစိန်မြို့နယ်၊ မြို့သစ် (၈) ရပ်ကွက်၊ အမှတ်-၁၂၀(က)တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅၄၆၉ သန်း ဖမ်းဆီးရမိမှုနှင့် ၂၀၁၉ ခုနှစ် မတ် ၃ ရက်က မောင်တောမြို့နယ် ဝေသာလီကျေးရွာ မောင်တော - အငူမော် ကားလမ်းတွင် စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၇၇၅ သန်း ဖမ်းဆီးရမိခဲ့သည့်အမှုတို့မှ ကွင်းဆက်တရားခံပြေးတစ်ဦး ဖြစ်ကြောင်း၊ တင်ဆန်းဦးမှာလည်း ၂၀၁၉ ခုနှစ် မတ် ၂၄ ရက်က ကော့သောင်းမြို့နယ် မြောက်တော်ဝင်ကျွန်း အနောက်ဘက် ရေမိုင် ၂၀ ခန့် အကွာတွင် အိုက်စ် ၁၇၃၇ ကီလိုဖမ်းဆီးရမိခဲ့သည့်အမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့လယ်ကောင်ရှိ လူနေအိမ်၌ အိမ်ရှင်များကိုရိုက်နှက်ပြီး ငွေများလုယူမှု ဖြစ်ပွားကာ အမျိုးသမီးတစ်ဦးသေဆုံး

**ဗန်းမော် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့လယ်ကောင် လူနေအိမ်အတွင်း၌ အိမ်ရှင်များကို ရိုက်နှက်၍ ငွေများလုယူမှု ဖြစ်ပွားကာ အိမ်ရှင်၏ ဇနီးသေဆုံးပြီး ခင်ပွန်းဖြစ်သူ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မ..... သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၁ နာရီခန့်က ဗန်းမော်မြို့ မင်းကုန်းရပ်ကွက် ဂျူဗလီလမ်းနေအိမ် အပေါ်ထပ်တွင် ညီမဖြစ်သူနှင့်အတူရှိနေစဉ် ၎င်းထံသို့ ရန်ကုန်မြို့နေ အစ်မဖြစ်သူက ဖုန်းဆက်ကာ ဖခင်ဖြစ်သူအား ဖုန်းခေါ်မရကြောင်း ပြောသဖြင့် နေအိမ်အောက်ထပ်သို့ ဆင်းသွားခဲ့ရာ ဖခင်ဖြစ်သူမှာ မီးခံသေတ္တာထားသည့် အခန်းအတွင်း၌ လက်နှင့်ပါးစပ်တို့အား တိပ်များဖြင့်ပတ်လျက်လဲနေသည်ကို တွေ့ရသဖြင့် ညီမဖြစ်သူအား အော်ခေါ်ပြီး မိခင်ဖြစ်သူကို ရှာဖွေရာ မီးဖိုခန်းအတွင်း၌ လက်ကိုတိပ်ဖြင့်ပတ်လျက် ဦးခေါင်းတွင် သွေးများထွက်နေပြီး သတိလစ်၍ လဲနေသည်ကို တွေ့ရသည်။

မ..... က ဖခင်ကိုပတ်ထားသောတိပ်များကို ဖြုတ်ပေး ပြီးမေးမြန်းရာ လူသုံးဦးက နေအိမ်အတွင်း လေယာဉ် လက်မှတ်ရောင်းသည့်နေ ရာသို့ လာရောက်၍ ‘လေယာဉ်လက်မှတ်ရှိလား’ ဟု မေးပြီး ဖခင်ဖြစ်သူအား တုတ်ဖြင့်ရိုက်ကာ အနီးရှိမီးခံသေတ္တာကို ဖွင့်ခိုင်းပြီး ငွေကျပ်သိန်း ၂၀ ခန့် ယူဆောင်သွားခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ မိခင်..... (၄၅ နှစ်) ကို ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားပြီး ဖခင်ဖြစ်သူတွင် ဦးခေါင်းနောက်စေ့ ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သမီးဖြစ်သူ မ...... က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ဗန်းမော်မြို့မ ရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းရှာဖွေစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ - နန်းရီ**

● *ကျောဖုံးမှ*

ပွဲစဉ်တွင် အိုင်းယက်စ်အသင်း၌ ပါဝင်ကစားထားကြောင်း သိရသည်။

ဂရာဘင်ဘာ့ဂ်သည် အိုင်းယက်စ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၅ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူပေးထားနိုင်ကာ ဂိုးရရှိအောင် သုံးကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် ၂၀၁၀ ပြည့်နှစ်တွင် အိုင်းယက်စ် လူငယ်အကယ်ဒမီသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် အိုင်းယက်စ်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သူဖြစ်သည်။ အိုင်းယက်စ်အသင်းနှင့်ပွဲဦးထွက်ပွဲစဉ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ပီအက်စ်ဗွီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ပါဝင်ကစားခဲ့ကြောင်း သိရသည်။ ထို့အပြင် ဂရာဘင်ဘာ့ဂ်သည် အိုင်းယက်စ်အသင်းတွင် အသက်ငယ်ဆုံးကစားသမားအဖြစ် စံချိန်တင်ထားခဲ့သော ကလားရင့်ဆီးဒေါ့ဖ်၏ ၁၆ နှစ်နှင့် ၂၄၂ ရက်ကို ကျော်ဖြတ်ကာ ၁၆ နှစ်နှင့် ၁၃၀ ရက်ဖြင့် အသက်ငယ်ဆုံး အိုင်းယက်စ်ကစားသမားအဖြစ် စံချိန်သစ် တင်ထားနိုင်ခဲ့သူဖြစ်သည်။ အိုင်းယက်စ်အသင်းသည် နယ်သာလန်အမှတ်ပေးပြိုင်ပွဲ၌ ခြောက်ပွဲကစားပြီးချိန်တွင် ငါးပွဲအထိ အနိုင်ရရှိထားပြီး တစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည့် အသင်းဖြစ်သည်။ ထို့အပြင် အိုင်းယက်စ်အသင်းသည် အဆိုပါ ခြောက်ပွဲတွင် ရဂိုးက ၂၄ ဂိုးအထိ ရှိပြီး ပေးဂိုး သုံးဂိုးသာ ရှိထားသည်ကို တွေ့ရသည်။

ဂရာဘင်ဘာ့ဂ်သည် ဇွန်လအတွင်းက အိုင်းယက်စ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုထားကြောင်း သိရသည်။ အိုင်းယက်စ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဗန်ဒီဘိခ်ကို မန်ယူအသင်းသို့ ရောင်းချခဲ့သည်။ နွေရာသီအပြောင်းအရွှေ့ကာလတွင် အိုင်းယက်စ်အသင်းမှ ပေါင်သန်း ၄၀ ဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော ဗန်ဒီဘိခ်သည် အိုးထရက်ဖို့ဒ်၌ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိထားသေးပြီး ပရီမီယာလိဂ်တွင် ပွဲထွက်ခွင့်မရရှိသေးကြောင်း သိရသည်။ သို့သော်လည်း နည်းပြဆိုးလ်ရှားက ဗန်ဒီဘိခ်အနေဖြင့် နောက်ပိုင်းတွင် ပွဲထွက်ခွင့်ပိုမိုရရှိလာလိမ့်မည်ဟု ပြောကြားထားသည်။

ဆိုးလ်ရှား၏ မန်ယူအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ပွဲစဉ် (၇) တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်ကို နိုဝင်ဘာ ၁ ရက် ည ၁၁ နာရီတွင် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

## တာမွေမြို့နယ်တွင် ဆိုင်ကယ်ဖြင့် လုယက်မှုကျူးလွန်သူနှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၃၀**

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၇ လမ်း အမှတ်(၂၄)နေ တရားလိုဒေါ်..... သည် အောက်တိုဘာ ၂၅ ရက် ည ၈ နာရီခွဲခန့်က နေအိမ်သို့ပြန်လာစဉ် အမျိုးသားသုံးဦးသည် နောက်မှ ဆိုင်ကယ်ဖြင့်လိုက်လာပြီး ၎င်း၏ ငွေကျပ် ၁၁ သိန်း သုံးထောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ပိုက်ဆံအိတ်ကို လုယူထွက်ပြေးသွားသဖြင့် အဆိုပါ အမျိုးသားသုံးဦးအား အရေးယူပေးပါရန် တာမွေမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုမှပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ဖမ်းဆီးရမိရေး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် တာမွေမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်အား လိုက်လံစုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ အောင်အောင်(ခ) အောင်ကြီး၊ မိုးဝင်းနှင့် စည်သူ(ခ)ကုလားလေး တို့ဖြစ်ကြောင်း သိရှိရ၍ ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်က အောင်အောင်(ခ) အောင်ကြီးကို ၎င်း၏နေအိမ်၌လည်းကောင်း၊ မိုးဝင်း ကို (၆၀)ရပ်ကွက် မေတ္တာလမ်းပေါ်၌လည်းကောင်း ဖမ်းဆီးရမိသည်။

ဖမ်းဆီးရမိသူ အောင်အောင် (ခ) အောင်ကြီးနှင့် မိုးဝင်းတို့ထံမှ ပြစ်မှုကျူးလွန်စဉ်အသုံးပြုသည့် ဆိုင်ကယ်တစ်စီးနှင့် သက်သေခံပစ္စည်း ငွေကျပ် ၁၁ သိန်း သုံးထောင်ကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပင်လည်ဘူး၊ နောင်ချိုနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၉ ရက် ညပိုင်းက ပင်လည်ဘူးမြို့နယ် ပင်လောင်ကျေးရွာအနီး ကားလမ်းတွင် ကျော်မိုး မောင်းနှင်ပြီး တင်ချိုဝင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၃၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ် - မန္တလေး ကားလမ်း၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ခရီးသည် ဇေယျာလင်းနှင့်အောင်အောင်မျိုး (ခ) အောင်မျိုးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ကို လည်းကောင်း။

ထို့အတူ အောက်တိုဘာ ၂၈ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် (ခ) နေ စိုင်းတစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ ကို လည်းကောင်း၊ ထို့ပြင် အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့မ ရဲစခန်း (ပ) ၃၇၄/ ၂၀၂၀၊ ရှမ်းပြည်နယ် လက်နက်အမိန့်အပိုဒ် ၁၂(က)/၁၂(ဂ) အမှုမှ တရားခံ အားဂျူးအား စစ်ဆေး ပေါ်ပေါက်ချက်အရ ၎င်းနေထိုင်သည့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အားစောနှင့် အားချာတို့ကို တွေ့ရှိပြီး Ecstasy ဆေးပြား ၁၇၀ ၊ ဆေးခြောက် သုည ဒသမ ၀၅၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ခန္တီးမြို့နယ်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် နေအိမ်နှစ်လုံး မီးလောင်

**ခန္တီး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေကျေးရွာတွင် ဦးမောပီး၏ နေအိမ် မီးဖိုမီးကြွင်း မီးကျန်မှ တစ်ဆင့် ယမန်နေ့ ညနေ ၅ နာရီ ၃၅ မိနစ်ခန့်က နေအိမ်နှစ်လုံးမီးလောင်ကြောင်း ခန္တီးမြို့နယ် မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံအောင်ထံမှ သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခန္တီးမြို့နယ် မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံအောင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် ဆင်သေနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး စုစုပေါင်း သုံးစီးဖြင့် သန္တေ မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ရာ ညနေ ၆ နာရီ ၄ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဦးမောပီး၏ နေအိမ်နှင့် ဦးကြည်ချမ်း၏ နေအိမ်တို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမောပီးအား ခန္တီးမြို့နယ် ရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စနေမောင်မောင်(ခန္တီး)**

# ဂျပန် ဒစ္စနေးလ် ဥယျာဉ်မှ ကိုဗစ်-၁၉ ကာလအတွင်း ဒေါ်လာ ၂၈၈ သန်း ဆုံးရှုံးဟုပြော



တိုကျိုဒစ္စနေးလ်ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။

**တိုကျို အောက်တိုဘာ ၃၀**

ဂျပန် ဒစ္စနေးလ် ဥယျာဉ်မှ ယခုနှစ်ပထမနှစ်ဝက်ကာလအတွင်း ဒေါ်လာ ၂၈၈ သန်းဆုံးရှုံးသွားသည်ဟု ဖော်ပြခဲ့သည်။ တိုကျိုဒစ္စနေးလ် ဥယျာဉ်နှင့် ရေကမ္ဘာတို့မှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအန္တရာယ်ကြောင့် ပိတ်ထားရသည်မှာ လအတန်ကြာမြင့်နေပြီ ဖြစ်သည်။ စက်တင်ဘာလအထိ ခြောက်လတာအတွင်း လက်မှတ်ရောင်းချရငွေမှာ ၇၆ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။ ဒစ္စနေးလ်ဥယျာဉ်နှစ်ခုကို ဖေဖော်ဝါရီနှောင်းပိုင်းတွင် ပိတ်ပစ်ခဲ့ရခြင်းဖြစ်ကာ ဇူလိုင်လရောက်မှ ကန့်သတ်ထားသည့် ဧည့်သည့်အရေအတွက်သာ လက်ခံခွင့်ပြုသည့်ပုံစံဖြင့် ပြန်လည်ဖွင့်ခွင့်ပြုခဲ့သည်။

ကာလတိုအတွင်း လာရောက်လည်ပတ်သူ ဧည့်သည်အရေအတွက်ကိုတိုးမြှင့်ရန် မလွယ်ကူကြောင်း အမှုဆောင်ညွှန်ကြားရေးမှူး ယိုကိုတာ အာကီယိုရှီက ပြောသည်။ ကုမ္ပဏီဘက်မှ လက်မှတ်နှုန်းထားအသစ်များဖြင့် ပြန်လည်ဆွဲဆောင်ရန် ကြိုးပမ်းမည်ဟု သိရသည်။

လာမည့်နှစ် မတ်လအထိ လာရောက်လည်ပတ်သူအရေအတွက်မှာ ၆၇ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားပြီး အမေရိကန်ဒေါ်လာသန်း ၄၉၀ ဆုံးရှုံးမည်ဟု ကြိုတင်မျှော်လင့်ထားသည်။ အလုပ်သမား ၄၀၀၀ အတွက် ဆောင်းရာသီ အပိုဆုငွေပေးခြင်းကို လျှော့ချရန်လည်း ကုမ္ပဏီဘက်မှ ဆုံးဖြတ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်

# ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ကိုဗစ်-၁၉ လူနာများအား နယ်စပ်ဖြတ်ကျော်ရွှေ့ပြောင်းမှုအတွက် ငွေကြေးဆိုင်ရာ အကူအညီပေးမည်

**ဘရပ်ဆဲလ် အောက်တိုဘာ ၃၀**

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအတွင်း ကိုဗစ်-၁၉ လူနာများအား နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းရေးအတွက် ငွေကြေးဆိုင်ရာ အကူအညီပေးအပ်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့ကြီးက ပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြန်လည်ကူးစက် ဖြစ်ပွားမှုများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ယိုင်နဲ့လာခြင်းမှ ကာကွယ်ရန်ရည်ရွယ်သည့်အနေဖြင့် ရန်ပုံငွေဆိုင်ရာ အထောက်အကူပြုရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပနိုင်ငံများ ဖြစ်ကြသည့် ပြင်သစ်နှင့် စပိန်နိုင်ငံတို့တွင် မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် တစ်သန်းကျော်လွန်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံအချို့တွင် ဆေးရုံများ၌ လူနာအရေအတွက် အဆမတန် ဖြစ်လာသည့်အတွက် ဝန်နှင့်အား မမျှ ဖြစ်လျက်ရှိသည်။ အောက်တိုဘာ ၃၀ ရက်တွင် ဥရောပသမဂ္ဂအဖွဲ့ခေါင်းဆောင်များသည် အွန်လိုင်း အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပကြသည်။

အဆိုပါ အစည်းအဝေးအပြီးတွင် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က ဥရောပသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအတွင်း နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းမည့် ကိုဗစ်-၁၉ လူနာများအတွက် ယူရိုသန်း ၂၂၀ ကို အထောက်အကူပြုရန်ပုံငွေအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သတင်းထောက်များသို့ ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားသမ္မတဟောင်းအား တရားရုံးချုပ်က ထောင်ဒဏ် ၁၇ နှစ်ချမှတ်

**ဆိုးလ် အောက်တိုဘာ ၃၀**

တောင်ကိုရီးယားတရားရုံးချုပ်က တောင်ကိုရီးယားနိုင်ငံသမ္မတဟောင်း လီမြောင်ဘတ်အား အကျင့်ပျက်ခြစားမှုဆိုင်ရာ ပြစ်မှုများဖြင့် အောက်တိုဘာ ၂၉ ရက်က ထောင်ဒဏ် ၁၇ နှစ် ချမှတ်ခဲ့သည်။

တောင်ကိုရီးယားတရားရုံးချုပ်က ဒုတိယအကြိမ်တရားစီရင်ချက်ကို အတည်ပြုခဲ့ပြီး လီမြောင်ဘတ်အား ထောင်ဒဏ် ၁၇ နှစ်ချမှတ်ခဲ့သည့်အပြင် ဒဏ်ငွေအဖြစ် တောင်ကိုရီးယားဝမ်ငွေ ၁၃ ဘီလီယံပေးဆောင်ရန်နှင့် ပြစ်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ဝမ် ၅ ဒသမ ၇၈ ဘီလီယံကို ပြန်လည်ပေးဆောင်ရန် ချမှတ်ခဲ့သည်။ တရားရုံးချုပ်က လီမြောင်ဘတ်အား အာမခံမပေးသည့် ဆုံးဖြတ်ချက်ကို ဆက်လက်ကျင့်သုံးခဲ့ပြီး လာမည့်ရက်အနည်းငယ်အတွင်း ထောင်ထဲသို့ ပို့ဆောင်မည် ဖြစ်သည်။

၂၀၁၈ ခုနှစ်ဧပြီလတွင် တောင်ကိုရီးယားတရားရုံးက အကျင့်ပျက်ခြစားမှု၊ အာဏာအလွဲသုံးမှု၊ အခွန်တိမ်းရှောင်မှု စသည့်ပြစ်မှုများဖြင့် လီမြောင်ဘတ်အား တရားစွဲခဲ့ပြီး အောက်တိုဘာလတွင် ထောင်ဒဏ် ၁၅ နှစ်ချမှတ်လိုက်ပြီး ဒဏ်ငွေအဖြစ် တောင်ကိုရီးယားဝမ်ငွေ ၁၃ ဘီလီယံပေးဆောင်ရန် အမိန့်ချမှတ်လိုက်သည့်အပေါ် ၎င်းက မကျေနပ်ဘဲ အယူခံဝင်ခဲ့ရာ တရားရုံးချုပ်က ယခုလို ထောင်ဒဏ် ၁၇ နှစ်ချမှတ်လိုက်ခြင်းဖြစ်သည်။

လီမြောင်ဘတ်သည် ၁၉၄၁ ခုနှစ်တွင် မွေးဖွားခဲ့ပြီး တောင်ကိုရီးယားသမ္မတအဖြစ် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လေးဦးမြောက် ထောင်ဒဏ်ချမှတ်ခံရသည့် တောင်ကိုရီးယားနိုင်ငံ သမ္မတဟောင်းတစ်ဦးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်ပြည်မကြီးမှ ရက်တိုဧည့်သည်များ စင်ကာပူနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုမည်

**စင်ကာပူ အောက်တိုဘာ ၃၀**

တရုတ်ပြည်မကြီးမှ ရက်တိုခရီးသွားဧည့်သည်များအား စင်ကာပူနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးပြီးပါက ၁၄ ရက်သီးခြားနေထိုင်ရန် မလိုအပ်ကြောင်း စင်ကာပူမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားလိုက်သည်။

ခရီးသည်များအနေဖြင့် နိုဝင်ဘာ ၆ ရက်မှစတင်ပြီး လေဆိပ်သို့ ဆိုက်ရောက်ချိန်တွင် ပီစီအာရ် စစ်ဆေးမှုခံယူရမည် ဖြစ်သည်။ ကိုဗစ်-၁၉ စစ်ဆေးမှု ခံယူပြီးနောက် ၎င်းတို့ တည်းခိုရာနေရာသို့ သွားခွင့်ပြုမည်ဖြစ်ပြီး ရလဒ်များကို ၄၈ နာရီအတွင်းနှင့် (ပုံမှန်အားဖြင့် ၁၂ နာရီအတွင်း) ထုတ်ပြန်မည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် စစ်ဆေးမှုရလဒ်တွင် ပိုးကင်းစင်ကြောင်း အတည်မပြုသေးမီအထိ ၎င်းတို့ နားခိုရာနေရာများတွင် သီးခြားနေထိုင်ရမည်ဖြစ်သည်။ ပိုးကင်းစင်ကြောင်း စစ်ဆေးမှုရလဒ်ထွက်ပေါ်လာသည်နှင့် ၎င်းတို့သည် စင်ကာပူနိုင်ငံတွင် ဆောင်ရွက်စရာ ရှိသည်များကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။

အဆိုပါ ခရီးသွားများအနေဖြင့် စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်သို့မဟုတ် ထို့နေ့ နောက်ပိုင်းတွင် ဝင်ရောက်ရန် လေကြောင်းခရီးသွားခွင့်ပြုချက်ကို အောက်တိုဘာ ၃၀ ရက်မှ စတင်လျှောက်ထားနိုင်ကြောင်း စင်ကာပူမြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောသည်။ **ဆင်ဟွာ**

# စပိန်၌ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရန် ဒေသလေးခုကို ကန့်သတ်ပိတ်ဆို့မှုထပ်မံပြုလုပ်



ကပ်ရောဂါဖြစ်ပွားနေချိန်အတွင်း စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် လာရောက်လည်ပတ်ကြသည့် ခရီးသွားအချို့ကို တွေ့ရစဉ်။

**မက်ဒရစ် အောက်တိုဘာ ၃၀**

စပိန်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ပိုမိုဆိုးရွားလာလျက်ရှိရာ ရောဂါကူးစက်မှုကိုထိန်းချုပ်ရန် ဒေသလေးခုကို အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုထပ်မံပြုလုပ်ရန် အာဏာပိုင်များက ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အန်ဒလူစီယာ၊ ကက်စတီးလ်၊ လီယွန်နှင့် ကက်စတီးလ်ယာလာမန်ချာ ဒေသများတွင် အဝင်အထွက်၊ အသွားအလာကန့်သတ် ပိတ်ဆို့လိုက်သည်။ အဆိုပါ ဒေသများရှိ နယ်စပ်ဂိတ်များကိုလည်း လာမည့် နိုဝင်ဘာ ၉ ရက်အထိ ပိတ်ထားမည်ဖြစ်ကာ မာစီယာဒေသတွင် နယ်စပ်များကို ၁၄ ရက်ကြာသည်အထိ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

စပိန်၌ အောက်တိုဘာ ၂၇ ရက်နေ့ တစ်နေ့တည်း၌ ရောဂါထပ်မံကူးစက်ခံရသူ ၁၈၄၁၈ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၆၇ ဦးရှိခဲ့ရာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုအတွင်း နေ့စဉ်လူသေဆုံးမှုအများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ရောက်ရှိခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားခဲ့ချိန်မှ စတင်ကာ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးရောဂါကူးစက် ခံရသူအရေအတွက်စုစုပေါင်း ၁၁၁၆၇၈၃ ဦးရှိပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၃၅၂၉၈ ဦးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျပန်-အမေရိကန်ဆက်ဆံရေး ပုံမှန်အတိုင်း ဆက်လက်တည်ရှိသွားမည်

**တိုကျို အောက်တိုဘာ ၃၀**

နိုင်ငံ၏သမိုင်းတွင် အကျိုးကျေးဇူးအများဆုံးအဖြစ် တချို့လူများက သတ်မှတ်ယူဆသော အမေရိကန်ရွေးကောက်ပွဲကျင်းပရန် တစ်ပတ်သာလိုသည့်အချိန်တွင် ဂျပန်နိုင်ငံရေးကျွမ်းကျင်သူတစ်ဦးက အဆိုပါအပြောင်းအလဲလောင်းကြေးမှာ ဂျပန်နိုင်ငံအတွက် လက်လှမ်းမမီနိုင်စရာအကြောင်းမရှိဟု ပြောကြားလိုက်သလို ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးမှာ ပုံမှန်အတိုင်း ဆက်လက်တည်ရှိမည်ဖြစ်ကြောင်းနှင့် အမေရိကန် သမ္မတမည်သူဖြစ်ဖြစ် ပြောင်းလဲသွားမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဌာန၏ ဝါရင့်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝမ်တာနာဘေးဆူနီယိုက အမေရိကန်ရွေးကောက်ပွဲကို အချက်နှစ်ချက်ဖြင့် စောင့်ကြည့်နေကြောင်း၊ တစ်ချက်မှာ တရုတ်နိုင်ငံဖြစ်ပြီး တခြားတစ်ချက်မှာ အမေရိကန်၏ မဟာမိတ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောင် အသစ်တက်လာမည့် အမေရိကန်သမ္မတသည် တရုတ်နိုင်ငံအပေါ် မည်သို့ချဉ်းကပ်မည်နည်းနှင့် ဂျပန်နှင့် တခြားမဟာမိတ်နိုင်ငံများသည် နိုင်ငံတကာနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် မရှိမဖြစ်အရေးပါဆုံးအဖြစ် မည်သို့ရှုမြင်မလဲဆိုသည်မှာ အရေးကြီးကြောင်း ၎င်းက ပြောကြားလိုက်သည်။

တနင်္လာနေ့က လွှတ်တော်တွင် ပြောကြားသော နိုင်ငံရေးမိန့်ခွန်းတွင် ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲက လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဖြစ်ရေး ဂျပန်နိုင်ငံသည် တခြားနိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ ယင်းရည်မှန်းချက်ကို ရှင်ဇိုအာဘေး လက်ထက်တွင် စတင်ခဲ့သည်။

ဂျပန်နိုင်ငံသည် တရုတ်နှင့် ဆက်ဆံရေးပိုကောင်းရန် နှစ်သက်လိုလားသလို ထရမ့်အောင်မြင်ခြင်းကိုလည်း ကြိုဆိုမည်ဖြစ်ကြောင်းနှင့် ဂျိုးဘိုင်ဒင်နိုင်ခဲ့လျှင်လည်း အမေရိကန်၏ ရပ်တည်ချက်သဘောထား ပြောင်းလဲသွားမည်ဟု သူ မထင်ကြောင်း ဝမ်တာနာဘေးက ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါယိုရှီဟီဒဲတို့ အောက်တိုဘာ ၆ ရက်က ဂျပန်ဝန်ကြီးချုပ်ရုံးခန်းတွင် တွေ့ဆုံနှုတ်ဆက်စဉ်။

# ပြင်သစ်နိုင်ငံတွင် ဓားကိုင်တိုက်ခိုက်မှုကြောင့် လူသုံးဦးသေဆုံးပြီးနောက် လုံခြုံရေးများတိုးမြှင့်

**ပါရီ အောက်တိုဘာ ၃၀**

ပြင်သစ်နိုင်ငံတောင်ပိုင်း နိစ်မြို့တွင် လူတစ်ဦး ဓားကိုင်တိုက်ခိုက်မှုကြောင့် လူသုံးဦး သေဆုံးခဲ့သည့် ကိစ္စရပ်အပေါ် ပြင်သစ်သမ္မတက အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ပြောကြားလိုက်ပြီးနောက် အစိုးရက အမျိုးသားလုံခြုံရေးအဆင့်ကို အမြင့်ဆုံးအဆင့်အထိ သတိပေးမှုပြုလုပ်ခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က စစ်ရေးဆိုင်ရာမူဘောင်အတွင်း လုံခြုံရေးကို ၃၀၀၀မှ ၇၀၀၀ အထိတိုးမြှင့်ချသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပြင်သစ်သမ္မတ မက်ခရွန်သည် အခင်းဖြစ်ပွားရာ နိုထရီဒိန်းဘတ်ဆလီကာအဆောက်အအုံသို့ အောက်တိုဘာ ၂၉ ရက်က သွားရောက်ခဲ့သည်။ ထို့အပြင် သမ္မတက ဘာသာရေးလွတ်လပ်ခွင့်ကို ကာကွယ်ရန်လည်း ကတိပြုခဲ့သည်။



ပြင်သစ်နိုင်ငံ နိစ်မြို့တွင် လုံခြုံရေးယူနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

တိုက်ခိုက်ရေးသမားကို ရဲများက ပစ်ခတ်ဖမ်းဆီးပြီးနောက် ထိန်းသိမ်းထားလိုက်သည်။ ဓားကိုင်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူတစ်ဦးမှာ ဘတ်ဆလီကာ အဆောက်အအုံတွင် ဝတ်ပြုနေသည့် အသက် ၆၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး ကျန်သေဆုံးသူနှစ်ဦးမှာ အသက် ၅၀ ကျော်အမျိုးသားတစ်ဦးနှင့် အသက် ၄၀ ကျော် အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြသည်။

အကြမ်းဖက် ဆန့်ကျင်ရေး အစိုးရ ရှေ့နေချုပ်က ဓားကိုင်တိုက်ခိုက်သူဟုစွပ်စွဲခံထားရသူမှာ အသက် ၂၁ နှစ် ရှိ တူနီးရှားနိုင်ငံသားတစ်ဦး ဖြစ်ကြောင်း ပြောကြားလိုက်သည်။

သံသယရှိသူမှာ အာရေဗျဘာသာစကားဖြင့် ဘုရားသခင်သည်အကြီးမြတ်ဆုံးဟု ထပ်တလဲလဲ ဟစ်ကြွေးနေသည်ဟု အစိုးရရှေ့နေက ဆက်လက် ပြောကြားလိုက်သည်။

ပါရီဆင်ခြေဖုံးရှိ ဆရာတစ်ဦး ဓားဖြင့်တိုက်ခိုက်ခံရပြီး နှစ်ပတ်မပြည့်မီတွင် ယခုလို တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဆရာမှာ လွတ်လပ်စွာဖော်ထုတ်ခွင့် စာသင်ချိန်တွင် ကျောင်းသားများကို မိုဟာမက်ရုပ်ပြောင်ပုံကို ပြသခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂခေါင်းဆောင်များက အဆိုပါတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ထုတ်ပြန်ကြေညာချက်တွင် ဥရောပသမဂ္ဂခေါင်းဆောင်များက နိုင်ငံတကာအသိုင်းအဝိုင်းအား ကွဲပြားမှုများထက်စာလျှင် တွေ့ဆုံဆွေးနွေးမှုများဆီသို့ ရှေးရှုလုပ်ဆောင်ကြရန်၊ အသိုင်းအဝိုင်းများနှင့် ဘာသာတရားများကြား နားလည်မှုရှိရန် တိုက်တွန်းပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

# တိုကျိုတွင် ဗိုင်းရပ်စ်စစ်ဆေးမှုပေါင်း တစ်နေ့လျှင် ၆၀၀၀၀ဝန်းကျင် တိုးချဲ့စစ်ဆေးသွားမည်

**တိုကျို အောက်တိုဘာ ၃၀**

ရာသီတုပ်ကွေးဖြစ်ပွားချိန်တွင် တိုကျိုအစိုးရက ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများကို ခြောက်ဆ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် စီစဉ်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ထုတ်ပြန်လိုက်သည်။

တိုကျိုတွင် လတ်တလော၌ ဗိုင်းရပ်စ်စစ်ဆေးမှုများကို တစ်နေ့လျှင် ၁၀၂၀၀ ခန့် ပြုလုပ်လျက်ရှိကြောင်း သိရသည်။ သို့သော်လည်း ကျွမ်းကျင်သူများက တိုကျိုမြို့အနေဖြင့် ကိုရိုနာဗိုင်းရပ်စ်လှိုင်း နောက်တစ်ခါ ထပ်မံရိုက်ခတ်မှုအတွက် ကြိုတင်ပြင်ဆင်ထားရန် သတိပေးထားသည်။

**၆၀၀၀၀ နီးပါး စစ်ဆေးနိုင်ရန် စီမံထား**

တိုကျိုအရာရှိများက ကိုဗစ်-၁၉ စစ်ဆေးမှုကို တစ်နေ့လျှင် ၆၀၀၀၀ နီးပါး စစ်ဆေးနိုင်ရန် စီမံထားကြောင်း အင်န်အိတ်ချ်ကေသို့ ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ စစ်ဆေးရာတွင် ရလဒ်အမြန်ထွက်ပေါ်စေမည့် အင်တီဂျန်ဖြင့် စစ်ဆေးခြင်းနှင့် ပီစီအာရ် စစ်ဆေးခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်ကုန်တွင် တိုးချဲ့စမ်းသပ်စစ်ဆေးမှုစနစ်များ အဆင်သင့်ဖြစ်စေရန် အရာရှိများက ဆေးဘက်ဆိုင်ရာများတွင် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တနင်္ဂနွေနေ့မှစကာ ရာသီတုပ်ကွေးလူနာလေးဦး တိုကျိုမြို့တွင်ရှိကြောင်း အတည်ပြုခဲ့သည်။ ရာသီတုပ်ကွေးဖြစ်ပွားမှုသည် ဒီဇင်ဘာလတွင် စတင်လေ့ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်တောင်ပိုင်း ကမ်းရိုးတန်းတွင် ဟာရီကိန်းဇီတာ တိုက်ခတ်မှုကြောင့် လူငါးသိန်းကျော် ဓာတ်အားပြတ်တောက်မှု ခံစားခဲ့ရပြီး သေဆုံးမှုများလည်းရှိ

**ဟူစတန် အောက်တိုဘာ ၃၀**

အဆင့်-၂ ဟာရီကိန်းမုန်တိုင်း ဇီတာသည် အောက်တိုဘာ ၂၈ ရက်က မက္ကဆီကို ပင်လယ်ကွေ့နှင့် ထိစပ်လျက်ရှိသည့် အမေရိကန်တောင်ပိုင်း ကမ်းရိုတန်းတစ်လျှောက်ဝင်ရောက်တိုက်ခဲ့ရာ အမေရိကန်ပြည်ထောင်စု လူဝီစီးယားနားပြည်နယ်ရှိ လူဦးရေငါးသိန်းကျော်ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ရသလို သေဆုံးမှုများလည်းရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၂၈ ရက်က ပြောကြားလိုက်သည်။

**လျှပ်စစ်မီးပြတ်တောက်ခဲ့**

လူဝီစီးယားနားပြည်နယ်တွင် လူ ၅၃၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ရကြောင်း လူဝီစီးယားနား အုပ်ချုပ်ရေးမှူးရုံးက ပြည်သူ့ဝန်ဆောင်မှုကော်မရှင်၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

နယူးအော်လင်းစ်ဒေသတွင် လူပေါင်း ၄၇၀၀၀၀ ခန့် အောက်တိုဘာ ၂၉ ရက်နံနက်ပိုင်းအထိ လျှပ်စစ်မီးပြတ်တောက်ခဲ့ရကြောင်း စွမ်းအင်ကုမ္ပဏီများက ပြောသည်။ စွမ်းအင်ကုမ္ပဏီများက ယခုသီတင်းပတ်နောက်ဆုံးတွင် လျှပ်စစ်မီးပြန်လည်ရရှိနိုင်ကြောင်း ပြောကြားလိုက်သည်။

တချို့ဒေသများတွင် လျှပ်စစ်မီးပြန်လည်ရရှိရန် ၁၀ ရက်ခန့် စောင့်ဆိုင်းရမည်ဖြစ်သည်။

**လူသုံးဦးထက်မနည်းသေဆုံး**

မုန်တိုင်းကြောင့် တချို့သစ်ပင်များလျှပ်စစ်ကြိုးပေါ် လဲပြိုကျနေသောကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။

အမျိုးသားဟာရီကိန်းဌာနသတင်းထုတ်ပြန်ချက်အရ ဟာရီကိန်းမုန်တိုင်း ဇီတာသည် အပူပိုင်းမုန်တိုင်းအဖြစ် အဆင့်လျော့ကျလာပြီဖြစ်သည်။

မုန်တိုင်းတိုက်မှုကြောင့် လူဝီစီးယားနား၊ မစ္စစ္စပီနှင့် ဂျော်ဂျီယာပြည်နယ်များတွင် လူသုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းမီဒီယာများတွင် ဖော်ပြထားသည်။

ဆင်ဟွာ



ဟာရီကိန်း ဇီတာတိုက်မှုကြောင့် သစ်ပင်တစ်ပင် ထက်ပိုင်းကျိုးကျကာ ခြံစည်းရိုးပေါ်ပိမိနေသည်ကို တွေ့ရစဉ်။

# ကူးစက်မှုတိုးနေသော်လည်း ဥရောပတွင် ကျောင်းများ ဆက်လက်ဖွင့်ထားဆဲဖြစ်

**ခြူးစန္ဒီနွေး**

**အခုဆိုရင် ဥရောပမှာ ကိုဗစ်-၁၉ ကူးစက်မှုတွေ တစ်ကျော့ပြန် များပြားလာပြီး ဒုတိယအကျော့ရိုက်ခတ်မှုကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြန်လည်ချမှတ်နေရပါတယ်။ ကိုဗစ်-၁၉ ကူးစက်မှုကို ရပ်တန့်ဖို့အတွက် အသွားအလာပိတ်ဆို့မှုတွေ၊ ကန့်သတ်ချက်တွေ ပြန်လည်လုပ်ဆောင်နေရပေမယ့် ကျောင်းတွေကို ပိတ်မပစ်ပါဘူး။**



ဂျာမနီနိုင်ငံတွင် ကျောင်းတက်လာသည့် ကလေးငယ်များကို တွေ့ရစဉ်။

### ကျောင်းတွေပိတ်မပစ်သေး

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာ မာကယ်ဟာ ပြည်သူတွေရဲ့ နေထိုင်မှုဘဝပုံစံမှာ ကန့်သတ်ချက်တွေကို ထုတ်ပြန်ခဲ့ပါတယ်။ ဘားတွေ၊ စားသောက်ဆိုင်တွေ၊ ကဇာတ်ရုံတွေ၊ ကပွဲခန်းမတွေ၊ အားကစားရုံတွေ၊ တက်တူးထိုးပေးတဲ့ နေရာတွေကို ယာယီပိတ်ထားဖို့ ကြေညာခဲ့ပါတယ်။ ပိတ်ထားရမယ့်အထဲမှာ ကျောင်းတွေနဲ့ နေ့ကလေးထိန်းကျောင်းတွေတော့ မပါပါဘူး။ ပြီးခဲ့တဲ့ နွေဦးကာလတုန်းကလည်း ကိုဗစ် -၁၉ ကြောင့် ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ရာမှာ ကျောင်းတွေကို ဦးစွာပိတ်ခဲ့ရပါတယ်။ အခု တစ်ကြိမ်မှာတော့ ပထမတစ်ကြိမ်နဲ့ မတူတော့ပါဘူး။ တခြားသော စီးပွားရေးလုပ်ငန်းတွေကို ပိတ်ခိုင်းပေမယ့် ကျောင်းတွေကိုတော့ ဆက်လက်ဖွင့်ခွင့်ပေးခဲ့ပါတယ်။

### ပြင်သစ်မှာလည်း ကျောင်းတွေဆက်ဖွင့်

ပြင်သစ်နိုင်ငံမှာလည်း အလားတူပါပဲ။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ဟာ ယာယီပိတ်ရမယ့် လုပ်ငန်းတွေစာရင်းကို အောက်တိုဘာ ၂၈ ရက်မှာ ကြေညာခဲ့ပါတယ်။ ဒါပေမယ့် ကျောင်းတွေတော့ မပါပါဘူး။ အိုင်ယာလန်မှာတော့ အခုလအစောပိုင်းကတည်းက တစ်နိုင်ငံလုံးအနှံ့ ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ပေမယ့် ကျောင်းတွေကို ဖွင့်မြဲအတိုင်း ဖွင့်ခွင့်ပေးခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက်ဟာ လူတိုင်းအတွက်တော့ ကျေနပ်စရာမဖြစ်ပေမယ့် မူဝါဒချမှတ်သူတွေဟာ ကျောင်းတွေမှာ ကူးစက်မှု မဖြစ်စေရေးအတွက် ကာကွယ်ရေးအစီအမံတွေကို အတတ်နိုင်ဆုံးလုပ်ဆောင်နေကြပါတယ်။

### ကြိုတင်ပြင်ဆင်ထား

ကျောင်းတွေမှာ ကူးစက်မှုနှုန်း လျော့ကျအောင် ကျောင်းသားနဲ့ ဆရာတွေအတွက် နှာခေါင်းစည်း လိုအပ်ချက် မရှိအောင် စီမံပေးတာ၊ စာသင်ခန်းအတွင်း ပုံမှန် လေဝင်လေထွက် ကောင်းမွန်အောင် စီမံပေးတာ၊ အတန်းနားချိန်တွင် ကျောင်းဝင်းအတွင်း အသွားအလာကန့်သတ်တာမျိုးတွေ လုပ်ဆောင်ပေးပါတယ်။ ပြီးခဲ့တဲ့ နွေဦးတုန်းက ကူးစက်မှုတိုးစဉ်အတွင်း ကျောင်းတွေပိတ်ထားရပြီး အဲဒီတုန်းက သင်ခန်းစာတွေ ရရှိခဲ့တဲ့အတွက် ယခုတစ်ကြိမ်မှာ အတတ်နိုင်ဆုံးကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားတယ်လို့ မူဝါဒချမှတ်သူတွေက ပြောပါတယ်။

### ပညာရေးဟာ အရေးကြီး

အိုင်ယာလန် ဝန်ကြီးချုပ် မိုက်ကယ်မာတင်ကတော့ တိုင်းပြည်အတွင်းမှာ ကန့်သတ်ချက်တွေကို ရှောင်ရှားလို့တော့ မရတော့ဘူး။ စီးပွားရေးအပေါ်မှာ ထိခိုက်မှုတွေ ရှိလာမှာဖြစ်ပေမယ့် ဒီထက်ပိုပြီး ရှောင်ရှားဖို့ဆို မဖြစ်နိုင်တော့ဘူး။ အရေးကြီးတာက ကျောင်းတွေ ဆက်ပြီးဖွင့်နိုင်ဖို့ပဲလို့ ပြောပါတယ်။ လူငယ်တွေနဲ့ကလေးတွေရဲ့အနာဂတ်ကို ကိုဗစ် -၁၉ ရဲ့ နောက်ထပ် သားကောင်တွေအဖြစ် မခံနိုင်ဘူးလို့ အိုင်ယာလန်ဝန်ကြီးချုပ်က နိုင်ငံကို မိန့်ခွန်းပြောခဲ့ပါတယ်။ ကျောင်းသားတွေရဲ့ ပညာရေးဟာ အရေးကြီးတယ်လို့ သူက ဆက်ပြောပါတယ်။ အခု တစ်ကမ္ဘာလုံးက စိုးရိမ်နေကြရတာကတော့ ဒီကပ်ရောဂါကြောင့် ကလေးတွေရဲ့ ပညာရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို အနှောင့်အယှက်ဖြစ်မှာကို စိုးရိမ်နေကြရပါတယ်။

### အိမ်တွင်းအကြမ်းဖက်မှုတွေ များလာ

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်ကတော့ ကျောင်းတွေဆက်ဖွင့်ဖို့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး ရှင်းလင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ မတ်လနဲ့ ဧပြီလတို့မှာ ကျောင်းတွေ၊ နေ့ကလေးထိန်းကျောင်းတွေ ပိတ်ခဲ့ရပြီး မိသားစုတွေအပေါ် သက်ရောက်မှုတွေ ရှိခဲ့ပါတယ်။ အမျိုးသမီးနဲ့ကလေးတွေအပေါ် အကြမ်းဖက်မှုတွေဟာ တစ်ရှိန်ထိုးတိုးမြင့်လာပါတယ်။ ဒါကြောင့် အားကစားပွဲတွေ၊ စားသောက်ဆိုင်တွေနဲ့ယဉ်ကျေးမှုဆိုင်ရာပွဲတွေကို ပိတ်ပင်ခဲ့ပေမယ့် ကျောင်းတွေနဲ့ နေ့ကလေးထိန်းကျောင်းတွေကို ဆက်လက်ဖွင့်ထားဖို့ အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို အင်ဂျလာမာကယ်က ပြောပြခဲ့ပါတယ်။ ကလေးတွေကို အိမ်မှာပဲ ထားခြင်းဟာ မိဘတွေကို အခက်တွေ့စေပါတယ်။ အထူးသဖြင့် အလုပ်တစ်ဖက်၊ ကလေးတစ်ဖက်နဲ့ ရုံးတက်ရတဲ့ မိခင်တွေ အတွက်တော့ မလွယ်ကူလှပါဘူး။

### ကြိုတင်ခန့်မှန်းသည်ထက် သာလွန်

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေကလည်း ထောက်ပြကြပါတယ်။ ပြီးခဲ့တဲ့ နွေရာသီတုန်းက အဖြစ်အပျက်တွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာတော့ ကျောင်းတွေမှာ ကိုဗစ်-၁၉ ကူးစက်တဲ့နှုန်းဟာ နည်းပါးတယ်လို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေက ပြောပါတယ်။ အထူးသဖြင့် အသက်ငယ်တဲ့ ကျောင်းသားတွေမှာ ကိုဗစ် -၁၉ ကူးစက်ခံရရင် အပျော့စားလက္ခဏာမျှသာ ပြပါတယ်။ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လူအချင်းချင်းခပ်ခွာခွာနေခြင်းနဲ့ စာသင်ခန်းတွေမှာ လေဝင်လေထွက်ကောင်းမွန်အောင် ပြုလုပ်ထားခြင်းတို့ဟာ ကြိုတင်ခန့်မှန်းထားတာထက်ကို သာလွန်မှုရှိနေတာကို တွေ့မြင်ရမှာပါလို့ ဆေးဘက်ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။

### ကူးစက်မှုအန္တရာယ်တိုးနေဆဲ

ဒီလိုပြောလို့ ကျောင်းတွေမှာ ကူးစက်မှုအန္တရာယ် လုံးဝကင်းစင်တာမျိုးတော့ မဟုတ်ပါဘူး ။ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပအနောက်ပိုင်းတို့မှာဆိုရင် ကျောင်းတွေကနေ အစရှာမရဘဲ ကူးစက်မှုအရင်းအမြစ်ဖြစ်စေခဲ့ပါတယ်။ ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေအတွက်ကတော့ ကူးစက်မှုအန္တရာယ်ဟာ တိုးနေဆဲပါပဲ။ နောက်ပြီး မိသားစုဝင်တွေထဲမှာ ကိုယ်ခံအားမကောင်းတဲ့ သက်ကြီးရွယ်အိုတွေကို ဆက်ပြီး ကူးစက်သွားမှာကိုလည်း စိုးရိမ်ရပါတယ်။ ရောဂါထိန်းချုပ်၊ ကာကွယ်ရေး ဥရောပစင်တာရဲ့ တွေ့ရှိချက်အရတော့ နိုင်ငံပေါင်း ၂၇ နိုင်ငံမှာ ကလေးတွေ ကူးစက်ခံရမှုနှုန်းဟာ ၅ ရာခိုင်နှုန်းအောက် လျော့တယ်လို့ ဖော်ပြထားပါတယ်။ ကျောင်းတွေ ပိတ်ထားခြင်းအားဖြင့် ကလေးတွေရဲ့ ကျန်းမာရေးကို သိသိသာသာ ကာကွယ်ပေးတာမျိုး မတွေ့ရှိရဘူးလို့လည်း အဆိုပါစင်တာက ပြောပါတယ်။

### နှာခေါင်းစည်းတပ်ရုံမျှဖြင့် မလုံလောက်

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ကတော့ တိုင်းပြည်အတွင်း ကူးစက်မှုတွေ တိုးလာတဲ့အတွက် သီတင်းပတ်လေးပတ်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ အသက်ခြောက်နှစ်အရွယ်ကစလို့ မူလတန်းကလေးတွေဟာ နှာခေါင်းစည်းကို တပ်ဆင်ဖို့ အမိန့်ထုတ်ခဲ့ပါတယ်။ အရင်တုန်းကတော့ အသက် ၁၁ နှစ်အထက် ကလေးတွေအတွက်သာ နှာခေါင်းစည်းတပ်ဆင်ဖို့ အမိန့်ထုတ်ခဲ့တာပါ။ ဒါပေမယ့်လည်း ကျောင်းသားတွေဟာ နေ့လယ်စာစားချိန်အပါအဝင် လူအုပ်နဲ့ ရောထွေးနေနိုင်တဲ့ အချိန်တွေရှိနေသေးတာကြောင့် နှာခေါင်းစည်းတပ်ရုံမျှနဲ့ လုံလောက်မှု မရှိဘူးလို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။

### မလွယ်ကူသောကိစ္စ

အခုအချိန်ထိတော့ နေ့လယ်စာ စားချိန်မှာ ပြတင်းပေါက်တွေ ပိတ်ထားတဲ့ အလုံပိတ်အခန်းထဲမှာ လူစုလူဝေးနဲ့ စားသောက်တာဟာ အန္တရာယ်တစ်ခုပဲလို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ ပြတင်းပေါက်တွေဖွင့်ထားပြီး သန့်ရှင်းတဲ့ လေဝင်လေထွက်စနစ်ဟာ ဗိုင်းရပ်စ်ပျံ့နှံ့မှုနှုန်းကို လျော့ကျစေတယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။ ဒါပေမယ့်လည်း ပိုမိုအေးလာမယ့် ရာသီဥတုမှာ ပြတင်းပေါက်တွေ ဖွင့်ထားဖို့ဆိုတာကတော့ တကယ့်ကို မလွယ်တဲ့ကိစ္စပါပဲ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

**"အရေးကြီးတာက ကျောင်းတွေ ဆက်ပြီးဖွင့်နိုင်ဖို့ပဲလို့ ပြောပါတယ်။ လူငယ်တွေနဲ့ ကလေးတွေရဲ့အနာဂတ်ကို ကိုဗစ် -၁၉ ရဲ့ နောက်ထပ် သားကောင်တွေအဖြစ် မခံနိုင်ဘူးလို့ အိုင်ယာလန်ဝန်ကြီးချုပ်က နိုင်ငံကို မိန့်ခွန်းပြောခဲ့ပါတယ်။ ကျောင်းသားတွေရဲ့ ပညာရေးဟာ အရေးကြီးတယ်လို့ သူက ဆက်ပြောပါတယ်။ အခု တစ်ကမ္ဘာလုံးက စိုးရိမ်နေကြရတာကတော့ ဒီကပ်ရောဂါကြောင့် ကလေးတွေရဲ့ ပညာရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို အနှောင့်အယှက်ဖြစ်မှာကို စိုးရိမ်နေ"**

## နိုင်ငံတကာသတင်းတိုထွာ

### အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၇၂ ဦး ထပ်တိုးလာ

**ဗျူနိုအေးရိစ် အောက်တိုဘာ ၃၀**

အာဂျင်တီးနားနိုင်ငံ၌ အောက်တိုဘာ ၂၉ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၇၂ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက် စုစုပေါင်း ၃၀၄၄၂ ဦး ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၃၂၆၇ ဦးရှိရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသည့် အတည်ပြု လူနာအရေအတွက် စုစုပေါင်း ၁၁၄၃၈၀၀ ရှိပြီ ဖြစ်သည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ပျောက်ကင်းသွားသူအရေအတွက် စုစုပေါင်းမှာ ၉၄၆၁၃၄ ဦးဖြစ်သည်။

ဗျူနိုအေးရိစ်ပြည်နယ်၌ ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၅၄၃၁၈၁ ဦးရှိပြီး ပြည်နယ်များအားလုံးအနက် ရောဂါကူးစက်မှု အဆိုးဆုံးဖြစ်သည်။ အောက်တိုဘာ ၂၉ ရက်တွင် ကျန်းမာရေးဝန်ကြီး ဂီနက်စ် ဂွန်ဇာလက် ဂါစီယာက နိုင်ငံအတွင်း ဖြစ်ပွားနေသည့် ရောဂါတိုက်ဖျက်ရေးဆိုင်ရာ အခြေအနေ များ တိုးတက်မှုရှိလာပြီဖြစ်ကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံတွင် ပြီးခဲ့သည့် မတ် ၃ ရက်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်မှုစတင်ဖြစ်ပွားခဲ့သည်။ အစိုးရက လူမှုဝေးကွာ အစီအမံများကို လာမည့် နိုဝင်ဘာ ၈ ရက်အထိ အချိန်ထပ်တိုးထားကြောင်း သိရသည်။

ဆင်ဟွာ

### အီကွေဒေါနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ လက်တင်အမေရိကတွင် အနိမ့်ဆုံးဖြစ်

**ကွီတို အောက်တိုဘာ ၃၀**

အီကွေဒေါနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုနှင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ လက်တင်အမေရိကနှင့် ကာရေဘီယံတွင် အနိမ့်ဆုံးဖြစ်သည်ဟု သမ္မတ လီနင် မိုရီနိုက အောက်တိုဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။ အီကွေဒေါနိုင်ငံမှာ လက်တင်အမေရိကတွင် ခုနစ်ခုမြောက် ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်ပြီး ပြီးခဲ့သည့် ၂၄ နာရီတွင် ကူးစက်ခံရသူပေါင်း ၁၃၉၄ ဦး ထပ်မံတွေ့ရှိခဲ့သည်။

ထို့ကြောင့် စုစုပေါင်း ကူးစက်ခံရသည့် အရေအတွက်မှာ ၁၆၆၃၀၂ ဦး ရှိသည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၁၂၆၂၂ ဦး ရှိပြီး ၎င်းတို့ထဲမှ ၄၃၁၀ မှာ ကိုဗစ် -၁၉ သံသယရှိသူဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးရခြင်း ဟုတ်မဟုတ် အတည်မပြုနိုင်ပေ။ အီကွေဒေါနိုင်ငံတွင် ဒုတိယအကျော့အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီး နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ လူအချင်းချင်း ခပ်ခွာခွာနေခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဥရောပအချို့နိုင်ငံများတွင် ကူးစက်မှုတိုးနေသည့်အတွက် တစ်နိုင်ငံလုံးအနှံ့ ပိတ်ဆို့မှုများကို ပြန်လည်ချမှတ်နေရပြီး ယင်းအဖြစ်အပျက်ကို သင်ခန်းစာယူကြရန် လည်း အီကွေဒေါ သမ္မတက တိုက်တွန်းခဲ့သည်။

ဆင်ဟွာ

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈ ရက်သာ**

**လိုတော့သည်။**

## ကြိုတင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်များသို့ အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုအခြေအနေများအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ဖွဲ့စည်းထားရှိသော ကြိုတင်ဆန္ဒမဲ ကောက်ယူရေးအဖွဲ့များသည် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲများကို ၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့ကာလအတွင်း ကောက်ယူပေးလျက်ရှိပါသည်။

၂။ ထိုကဲ့သို့ ကြိုတင်ဆန္ဒမဲများရယူရာတွင် ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များ ထည့်သွင်းသည့်စာအိတ်များကို မဲဆန္ဒရှင်များက လုံခြုံစွာပိတ်ခဲ့မှုမရှိခြင်း၊ အချို့စာအိတ်များကို ကော်သုတ်၍ ပိတ်ရာ၌ ဆန္ဒမဲလက်မှတ်ကို အစွန်းအထင်း ဖြစ်ပေါ်နိုင်စေခြင်း၊ တာဝန်ရှိသူက စာအိတ်များကို ဖွင့်ဖောက်သည့်အခါ ဆန္ဒမဲ လက်မှတ်စုတ်ပြဲမှုဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် အဆိုပါ ဆန္ဒမဲလက်မှတ်များကို ပယ်မဲအဖြစ် သတ်မှတ်မည် မဟုတ်ပါ။

၃။ ထို့အပြင် ကြိုတင်ဆန္ဒမဲကောက်ယူရေးအဖွဲ့များက အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်များ၏ နေအိမ်များသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲများရယူရာတွင် ကောက်ယူရမည့် မဲဆန္ဒရှင် အရေအတွက် များပြားခြင်းကြောင့် အောက်ပါအခြေအနေမျိုး တွေ့ရှိရသဖြင့် ယင်းဆန္ဒမဲလက်မှတ်များကိုလည်း ပယ်မဲအဖြစ် သတ်မှတ်မည်မဟုတ်ပါ-

(က) သတ်မှတ်ထားသော အမှန်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုရမည့်အစား ဘောလ်ပင်ဖြင့် အမှန်ခြစ်၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

( ခ ) ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏ လက်မှတ် သို့မဟုတ် ဆန္ဒမဲလက်မှတ်၏ ကျောဘက်တွင် ကော်မရှင်အဖွဲ့ခွဲ တံဆိပ်တုံး သို့မဟုတ် တာဝန်ခံ ထုတ်ပေးသူ၏ လက်မှတ်နှင့် အမည်ပါရှိသော ဆန္ဒမဲလက်မှတ်၊

( ဂ ) လွှတ်တော်အလိုက်ထည့်သွင်းရမည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ် လွဲမှားသော်လည်း မဲဆန္ဒရှင်က မှန်ကန်စွာ ဆန္ဒပြုထားသော ဆန္ဒမဲလက်မှတ်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြိုတင်ဆန္ဒမဲများ ကောက်ယူပြီးစီးပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲရုံများအလိုက်ထားရှိသော ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံးအတွင်းသို့ ပြောင်းရွှေ့ထည့်သွင်းရန်အတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ရဲလုံခြုံရေး အစောင့်အရှောက်ဖြင့် ထိန်းသိမ်းထားရှိသော မဲရုံအလိုက် ချိပ်ပိတ်ထားသည့် ကြိုတင်ဆန္ဒမဲပုံးများကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် သတ်မှတ်ထားသည့်နေရာမှ စောင့်ကြပ်ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်မြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေး

**ပြည် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးတွင် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းမှ စတင်၍ ကြိုတင်ဆန္ဒမဲပေးခဲ့ကြရာ ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ကော်မရှင်ရုံးတွင် မဲဆန္ဒရှင်ပြည်သူများ ကြိုတင်ဆန္ဒမဲပေးကြသည်။ **(အောက်ပုံ)**

ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများအား ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ကိုဗစ် - ၁၉ ရောဂါကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**



## ကျောင်းကုန်းမြို့၌ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိ

**ကျောင်းကုန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲများကို အောက်တိုဘာ ၂၉ ရက်မှစတင်ပေးလျက်ရှိရာ ယနေ့ ဒုတိယနေ့ အဖြစ် အသက် ၆၀ နှင့်အထက် ဆန္ဒမဲပေးခွင့်ရှိသူများ မဲပေးလျက်ရှိကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်အတွင်း ရပ်ကွက် နှင့်ကျေးရွာ ၆၈ အုပ်စုမှ ဆန္ဒမဲပေးခွင့်ရှိသူ တစ်သိန်းနှစ်သောင်းကျော်ရှိပြီး အရွေးချယ်ခံပါတီခုနစ်ခုရှိကြောင်း၊ မြို့နယ်အတွင်း မဲရုံပေါင်း ၁၂၅ ရုံရှိပြီး အထူးရဲ ၁၂၅ ဦးနှင့် မြို့နယ်အတွင်းရှိ သန္နေရဲ ၉၆ ဦးတို့က လုံခြုံရေးတာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဝင်းပကျေးရွာတွင် အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ အေးချမ်းစွာ ကြိုတင်မဲပေး

**သုဝဏ္ဏဝတီ အောက်တိုဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဝင်းပကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း (ဝင်းပ) ၌ ဖွင့်လှစ်ထားသည့် မဲရုံသို့ အောက်တိုဘာ ၃၀ ရက်တွင် ဒုတိယနေ့အဖြစ် အထွေထွေ ရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူများသည် မဲရုံဖွင့်လှစ်ထားသည့် နေရာသို့ ကြိုတင်ဆန္ဒမဲများကို အေးချမ်းစွာ လာရောက်ပေးကြသည်။

"မဲပေးတဲ့ရက် ပထမဆုံးနေ့ ကော်မရှင်ရုံးထဲမှာ နေရာကျဉ်းတော့ အခက်အခဲ ရှိပါတယ်။ လူဦးရေ ၅၀ ပဲ မဲထည့်နိုင်ခဲ့ပါတယ်။ ဒါကြောင့် မဲရုံနေရာဖြစ်တဲ့ကျောင်းမှာ ပြောင်းရွှေ့မဲထည့်ရလို့ ဒီနေ့မှာ လူဦးရေ ၁၀၀ လောက် မဲထည့်နိုင်မှာပါ။ မဲပေးဖို့ရှစ်ရက် အချိန်ရတဲ့အတွက် အသက် ၆၀ နှစ်နဲ့အထက် မဲပေးသူ လူဦးရေ ၃၆၀ ပဲ ရှိတာကြောင့် သတ်မှတ်ရက်အတွင်း မဲပေးဖို့အတွက် အဆင်ပြေပါတယ်'' ဟု ဝင်းပကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင်ခွဲ ဥက္ကဋ္ဌဖြစ်သူ စောသာစိန်က ပြောသည်။

သထုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)တွင်ပါဝင်သော ဝင်းပကျေးရွာအုပ်စု မဲရုံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၂၉၈၈ ဦး ရှိကြောင်း သိရသည်။ ထို့အပြင် နယ်မြေအေးချမ်းသာယာသည့်အတွက် ကြိုက်နှစ်သက်ရာပါတီများကို လွတ်လပ်စွာ မိမိသဘောဆန္ဒအရ ဆန္ဒမဲများ လာရောက်ပေးနေကြသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် သထုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ၌ ပြည်သူ့လွှတ်တော်အတွက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းရှစ်ဦး၊ အမျိုးသားလွှတ်တော်အတွက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းရှစ်ဦး၊ တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်အတွက် ပါတီမှ ကိုယ်စားလှယ်လောင်း ၁၀ ဦး၊ ပြည်နယ်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်အတွက် ကရင်ခုနစ်ဦး၊ ပအိုဝ်းခုနစ်ဦး၊ ဗမာခြောက်ဦး စုစုပေါင်း တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀ ဝင်ရောက်အရွေးချယ်ခံကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။**

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ထပ်မံရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၃၀**
နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။

ယနေ့ ရောက်ရှိသော ပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များနှင့် PPE Medical Protective Clothing များ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထောက်အကူပစ္စည်းများ အထူးလေယာဉ်ဖြင့် ရောက်ရှိစဉ်။



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထောက်အကူပစ္စည်းများ အထူးလေယာဉ်ဖြင့် ရောက်ရှိစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၆၀ နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ ဒုတိယနေ့ ကြိုတင်ဆန္ဒမဲပေး

**ရန်ကုန် အောက်တိုဘာ ၃၀**
နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် အသက်အရွယ် ကြီးရင့်သူများနှင့် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ ဒုတိယနေ့ ကြိုတင်ဆန္ဒမဲပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ဆက်လက်ဆောင်ရွက်ကြရာ ကြိုတင်ဆန္ဒမဲပေးရန် စိတ်ဝင်စားမှုများလာကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။




ဒလမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးမှုကို တွေ့ရစဉ်။

"မနေ့ကစပြီး အသက် ၆၀ နှင့် အထက် အသက်အရွယ်ကြီးရင့်သူတွေ ကြိုတင်ဆန္ဒမဲ ပေးနိုင်အောင် အိမ်တိုင်ရာရောက် စာရင်းလိုက်ကောက်ကြတယ်။ လိုက်ကောက်ကြတဲ့အခါ လူတော်တော်များများက ကြိုတင်မဲပေးလို့ရတယ်ဆိုတာ သိကုန်ကြတယ်။ တချို့လည်း ငါတို့ရပ်ကွက် ငါတို့လမ်းတွေ ဘယ်တော့လာမလဲမေးတာတွေ ရှိနေကြပါတယ်။ မနေ့က အိမ်တိုင်ရာရောက် လိုက်ကောက်တဲ့ အဖွဲ့တွေရဲ့ အတွေ့အကြုံအရ လိုအပ်ချက်တွေ အားနည်းချက်တွေ ပြုပြင်လိုက်တဲ့အတွက် ဒီနေ့မှာတော့ အဆင်ပြေပြေ ကောက်ယူလို့ ရပါတယ်။ မဲဆန္ဒရှင်တွေကလည်း မဲထည့်ဖို့ စိတ်ဝင်စားလာကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ပြောသည်။

လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန်အတွက် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှင့် အထက် အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ရွေ့လျား စနစ်ဖြင့် ဆန္ဒမဲကောက်ယူရေး ဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲ မထည့်လိုက်ရသူများ အနေဖြင့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲနေ့တွင် မဲလာရောက်ထည့်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

"ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မဖြစ်အောင် အသက် ၆၀ နှင့် အထက်တွေကို မဲရုံမှာလာပြီး လူစုလူဝေးမဖြစ်အောင် နေအိမ်အရောက် ကောက်တာကို ဆောင်ရွက် ရတာပါ။ အသက် ၆၀ ကျော်တွေသည် အခု ကြိုတင်မဲကို မဖြစ်မနေပေးရမှာ မဟုတ်ပါဘူး။ လာကောက်လို့ ကျန်နေခဲ့ရင်လည်း ရပ်ကွက်ကျေးရွာ ကော်မရှင်ရုံးကို အကြောင်းကြားပြီး ပေးလို့ရပါတယ်။ ကိုယ်ကသွားလာနိုင်တယ်ဆိုရင် ရုံးမှာ သွားပေးလို့ရတယ်။ မသွား မလာနိုင်ဘူးဆိုရင်လည်း ဆက်သွယ်ပြီး အိမ်မှာပေးလို့ရပါတယ်။ မသန်စွမ်းတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ ကလေးမီးဖွားပြီး မိခင်များလည်း ကြိုတင်မဲပေးလို့ ရပါတယ်။ မဲစာရင်းမှာ မိမိနာမည်ပါဖို့တော့လိုပါတယ်။ ဒီအချိန်ကတော့ မဲစာရင်းမှာ ပါတဲ့သူတွေ ပေးခွင့်ရပါတယ်။

"ကြိုတင်မဲတွေကို မိုဘိုင်းလိုက်ကောက်တဲ့အပြင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်ရုံးမှာလည်း အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ကြိုတင်မဲ ထည့်နိုင်အောင် ဆောင်ရွက်ထားပါတယ်။ အဲဒီနေရာတွေမှာ နိုင်ငံ့တာဝန် ထမ်းဆောင်နေသူတွေ လုပ်ငန်းတာဝန် တစ်ခုခုနဲ့ ခရီးသွားမယ့်သူတွေ ရွေးကောက်ပွဲကာလမှာ တာဝန်ထမ်းဆောင်မယ့် ကော်မရှင်အဖွဲ့ဝင်တွေ၊ မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ အဖွဲ့ဝင်တွေက ခန့်အပ်လွှာပြပြီး ကြိုတင် ဆန္ဒမဲပေးလို့ ရပါတယ်။ အလားတူပဲ မဲပေးတဲ့နေ့မှာ အရေးပေါ် မဖြစ်မနေ ခရီးသွားရမယ့်သူတွေက ၁၀ ရက် ကြိုတင်မဲထဲ မှာလာပြီး ပေးလို့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကျော်မိုးကြည်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲအနေဖြင့် မဲရုံများသို့ လာရောက်ဆန္ဒမဲပေးထားသည့် ကြိုတင်မဲများနှင့် ကောက်ယူထားသည့် ကြိုတင်မဲများကို လုံခြုံမှုရှိစေရန် ရွေးကောက်ပွဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"သန်လျင်မြို့နယ်မှာ မဲပေးပိုင်ခွင့်ရှိသူဦးရေက နှစ်သိန်းနှစ်သောင်းကျော်တယ်။ အဲဒီထဲမှာ အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူက နှစ်သောင်းခုနစ်ထောင်ကျော် ရှိပါတယ်။ ဒုတိယနေ့မှာ သန်လျင်တစ်မြို့နယ်လုံး ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်မဲကောက်ယူရေး အဖွဲ့တွေက နံနက်ပိုင်းကစပြီး ကြိုတင်မဲတွေ လိုက်လံကောက်ယူနေပါတယ်။ ဒီနေ့က မိုးရွာနေတော့ အခက်အခဲတော့ရှိတယ်။ ကျွန်တော်တို့မြို့နယ်မှာတော့ ရပ်ကွက်ကျေးရွာ ကော်မရှင်ရုံးတွေမှာ မဲလာပေးတာ နည်းတယ်။ လိုက်လံကောက်ယူတာ များတယ်။ ရွေ့လျားမဲစာရင်း ကောက်ယူရေးမှာ အခက်အခဲတွေ တော့ရှိတယ်။ မြို့ပေါ်ရပ်ကွက်တွေနဲ့မတူဘူး။ ဒီဘက်မှာက ကျေးရွာတွေအထိ ဆင်းကောက်ရတော့ တချို့က လယ်ကွင်းတွေထဲနေတဲ့ အိမ်ထောင်စုတွေရှိတယ်။ မဲစာရင်း ကောက်ယူတဲ့ သူတွေအနေနဲ့ လယ်ကွင်းတွေထဲထိ ဆင်းပြီး ကောက်ယူရတယ်။ ဗွက်တောတွေထဲ ဖြတ်သွားရတယ်။ ချောင်းတွေ မြောင်းတွေဖြတ်ပြီး သွားရတယ်။ အခက်အခဲတွေကြားထဲကပဲ မညည်းမညူနဲ့ လုပ်ကြပါတယ်" ဟု သန်လျင်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းက ပြောသည်။

သန်လျင်မြို့နယ် ထန်းပင်ကုန်းရပ်ကွက်နေ အသက် ၈၀ အရွယ် ဦးစိုးသိန်းက "ဒီနေ့ ထန်းပင်ကုန်းရပ်ကွက် မူလတန်းကျောင်းမှာ ဖွင့်ထားတဲ့ မဲရုံမှာ ကြိုတင်မဲသွားပေးခဲ့ပါတယ်။ အဘအမြင် ပြောရရင် ဒီနေ့ မဲပေးတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတပါတယ်။ တော်တော်များများလည်း ကြိုတင်မဲ လာပေးတာတွေ့ရတယ်။ မဲရုံမှူးတွေကလည်း ဆက်ဆံရေးကောင်းပါတယ်။ မဲရုံမှာလည်း ကျန်းမာရေးဌာနက ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်ထားတာ တွေ့ရပါတယ်" ဟု ပြောသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် မဲရုံပေါင်း ၅၉၀၈ ရုံ ပြင်ဆင်ဆောင်ရွက်ထားပြီး မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၅၈ သိန်းကျော်ခန့်ရှိကြောင်း၊ ထို့အထဲတွင်မှ အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ရှစ်သိန်းကျော်ခန့်ရှိကြောင်း၊ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကိုကိုးကျွန်းမြို့နယ်တွင် မဲရုံနှစ်ရုံ ပြင်ဆင်ဆောင်ရွက်ထားပြီး မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၁၄၆၆ ဦးခန့်ရှိကြောင်း၊ ထိုအထဲတွင်မှ အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူဦးရေ ၉၉ ဦးရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များမှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများ၏ စကားသံများ

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြသည်။**


ဦးဇော်မင်း


ဒေါ်ခင်စိန်ကြည်


ဦးထွန်းရှိန်


ဒေါ်သန်းမြိုင်

ယနေ့တွင်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲများကို လျှို့ဝှက်ဆန္ဒပြု မဲပေးလျက်ရှိကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်များရှိ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်နေကြသည့် ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ မဲရုံမှူးများနှင့် ကြိုတင်ဆန္ဒမဲပေးကြသည့် ပြည်သူများ၏ ပြောကြားချက်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

**ဦးဇော်မင်း (ဥက္ကဋ္ဌ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်)**

သပြေကုန်းရပ်ကွက်မှာ ဆန္ဒမဲပေးဖို့အတွက် မဲရုံ နှစ်ရုံ ရှိပြီး မဲဆန္ဒရှင်ဦးရေ ၄၃၀၀ ကျော် ရှိပါတယ်။ အသက် ၆၀ ကျော် ကြိုတင်ဆန္ဒမဲပေးမယ့်ဦးရေ ၃၆၀ ကျော် ရှိပါတယ်။ အသက်၆၀ ကျော်ပြီး ကျန်းမာသန်စွမ်းတဲ့သူတွေကတော့ မဲရုံမှာလာရောက်မဲ ပေးကြပါတယ်။ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် အသက် ၆၀ ကျော်တဲ့ ကျန်းမာရေးမကောင်းတဲ့သူ၊ မဲရုံကိုလာရောက်မဲမပေးနိုင်တဲ့သူတွေအတွက် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ဝင် တစ်ဦး၊ မဲရုံမှူး၊ ပါတီတွေက ကိုယ်စားလှယ်တွေနဲ့အတူ အိမ်အရောက်သွားပြီး မဲပေးနိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် ရပ်ကွက်ထဲမှာရှိတဲ့ မသန်စွမ်းသူတွေကိုလည်း မဲပေးနိုင်ဖို့အတွက် အိမ်အရောက် ဆောင်ရွက်ပေးပါတယ်။ ကိုဗစ်-၁၉ ကာလမှာ အသက် ၆၀ ကျော် အသက်အရွယ်ကြီးရင့်တဲ့သူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက် သီးခြားအနေနဲ့ ကြိုတင်မဲပေးရတဲ့အတွက် ရောဂါကာကွယ်ပြီးသား ဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေအနေနဲ့လည်း စိတ်ကျေနပ်မှုရမယ်လို့ ယုံကြည်ပါတယ်။ မဲလာရောက်ပေးတဲ့သူတွေ မဲစာရင်းအလွယ်တကူရှာတွေ့နိုင်ဖို့ လမ်းညွှန်ဇယားတွေ ကပ်ထားပါတယ်။ မဲဆန္ဒ


ဦးထွန်းဝင်း


ဦးညိုကြီး


ဒေါ်ကာရုံ

ရှင်တစ်ဦးက သူ့ရဲ့မဲစာရင်းကို အလွယ်တကူ မတွေ့ဘူးဆိုရင် သူနေထိုင်တဲ့ ခြံအမှတ်ကိုပြောတာနဲ့ မဲစာရင်း ချက်ချင်းသိနိုင်အောင် ဆောင်ရွက်ထားပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့လည်း လာရောက်မဲပေးတဲ့သူတွေကို အပူချိန်တိုင်းပေးတယ်။ လက်ဆေးဘေစင်တွေ၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ အပူချိန်တိုင်းကိရိယာတွေကို အဆင်သင့် အသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးထားပါတယ်။

**ဒေါ်ခင်စိန်ကြည် (မဲဆန္ဒရှင်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

အဒေါ်က အသက် ၆၀ ကျော်ပြီ ဖြစ်တဲ့အတွက် ကြိုတင်မဲ လာပေးတာပါ။ မဲစာရင်းကို ယခင်ကတည်းက လာကြည့်ထားတော့ အခုမဲပေးတဲ့အခါမှာလည်း လွယ်လွယ်ကူကူနဲ့ မဲပေးနိုင်ပါတယ်။ မဲပေးရတာလည်း အဆင်ပြေပါတယ်။ လွတ်လပ်စွာမဲပေးနိုင်ခဲ့တယ်။ တစ်ဦးတစ်ယောက်က စိတ်အနှောင့်အယှက်ပေးတာမျိုး မရှိပါဘူး။ ကိုယ့်စိတ်ကြိုက် မဲပေးခဲ့ရပါတယ်။ အခုလို မဲပေးခဲ့ရတဲ့အတွက်လည်း နိုင်ငံသားတစ်ဦးအနေနဲ့ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက တာဝန် ထမ်းဆောင်နိုင်ခဲ့တယ်လို့ မြင်ပါတယ်။ ကိုဗစ်ကာလဆိုတော့ တန်းစီတဲ့နေရာမှာလည်း သတ်မှတ်တဲ့အကွာအဝေးနဲ့ တန်းစီရတယ်။ မဲပေးမယ့်နေရာကို ဝင်တဲ့အခါမှာလည်း အဖျားတိုင်းတယ်။ လက်သန့်ဆေးရည်နဲ့ လက်ဆေးရတယ်။ မဲပေးပြီးတော့ ပြန်ထွက်လာတဲ့အခါမှာလည်း လက်ကို ဆပ်ပြာနဲ့ သန့်စင်အောင် ဆေးကြောရပါတယ်။

**ဦးထွန်းရှိန် (မဲဆန္ဒရှင်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

ကြိုတင်မဲပေးရတာ အားလုံး အဆင်ပြေပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကိုလည်း တိတိကျကျလိုက်နာပြီး လိုအပ်တာတွေ အသုံးပြုနိုင်ဖို့ ဆောင်ရွက်ပေးပါတယ်။ လုံလုံခြုံခြုံနဲ့ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရပါတယ်။ မဲပေးဖို့ တန်းစီရတဲ့အချိန်ကနေစပြီး မဲပေးပြီးတဲ့အချိန်ထိ နည်းနည်းတော့ ကြာသွားပါတယ်။ ကြာတယ်ဆိုတာကလည်း မဲလာပေးတဲ့သူတချို့က သူတို့ရဲ့ မဲစာရင်းတွေကြိုတင် မကြည့်ထားကြတော့ နည်းနည်းကြန့်ကြာမှုတွေ ရှိပါတယ်။ ဒါပေမယ့် လိုအပ်တာတွေကို မဲရုံတာဝန်ရှိသူတွေက ကူညီပေးနေပါတယ်။ ဒါကြောင့် နောက်ရက်တွေမှာ ကြိုတင်မဲပေးမယ့်သူတွေအနေနဲ့လည်း မဲစာရင်းတွေကြည့်ထားကြဖို့ ပြည်သူတစ်ယောက်အနေနဲ့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်သန်းမြိုင် (မဲဆန္ဒရှင်၊ စက်ကုန်းကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်)**

အဘွားက အသက် ၇၅ နှစ် ရှိပါပြီ။ အသက် ၆၀ ကျော်တွေအတွက် ကြိုတင်မဲပေးကြဖို့ စီစဉ်ပေးထားတဲ့အတွက် ကျည်တောင်ကန်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှာ ကြိုတင်ဆန္ဒမဲ လာပေးတာ ဖြစ်ပါတယ်။ မဲစာရင်းလည်း ကြိုပြီးကြည့်ထားတော့ မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ လွတ်လွတ်လပ်လပ်ရှိပါတယ်။ ကိုယ့်စိတ်ကြိုက်ပေးခဲ့ရပါတယ်။ နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာတွေကိုလည်း ဆောင်ရွက်နိုင်ဖို့ မဲရုံအဝင်မှာ တာဝန်ရှိသူတွေက ဆောင်ရွက်ပေးထားပါတယ်။ အဘွား အမျိုးသားကလည်း အသက် ၇၅ နှစ် ရှိပါပြီ။ သူကတော့ ကျန်းမာရေးအခြေအနေအရ မဲလာမပေးနိုင်လို့ တာဝန်ရှိသူတွေက အိမ်တိုင်ရာရောက် မဲပေးနိုင်ဖို့ လာရောက်ဆောင်ရွက်ပေးကြမယ်လို့ သိရပါတယ်။ အဲဒီအတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးထွန်းဝင်း (မဲရုံမှူး၊ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ ပုဗ္ဗသီရိမြို့နယ်)**

ဒီတစ်ကြိမ် ရွေးကောက်ပွဲက မဲရုံမှူးတွေကို သင်တန်းပေးထားတဲ့အတွက် လုပ်ငန်းတွေဆောင်ရွက်ရတဲ့အခါမှာ အရင်ကထက် ပိုပြီး အဆင်ပြေပါတယ်။ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေအတိုင်း မဲရုံတိုင်းမှာ ကျန်းမာရေးဝန်ထမ်းတွေရှိသလို လုံခြုံရေးအတွက်လည်း မဲရုံတွေအတွက် အထူးရဲတွေကလည်း တာဝန်ယူဆောင်ရွက်နေပါတယ်။ လိုအပ်တဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပစ္စည်းတွေကိုလည်း ကျန်းမာရေးဌာနက ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်။ မနေ့ကစပြီး ကြိုတင်မဲပေးခွင့်ရှိသူတွေ လာရောက်မဲပေးနေကြပါပြီ။ နောက်ပိုင်းရက်တွေမှာတော့ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက တာဝန်ရှိသူတွေ၊ မဲရုံတာဝန်ရှိသူတွေ ပါဝင်တဲ့အဖွဲ့က အိမ်အရောက်သွားပြီး လာရောက်မဲမပေးနိုင်တဲ့ သက်ကြီးရွယ်အိုတွေ၊ ကျန်းမာရေးမကောင်းသူတွေနဲ့ မသန်စွမ်းတွေအတွက် မဲထည့်နိုင်အောင် လိုက်လံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးညိုကြီး (ဥက္ကဋ္ဌ၊ ကျည်တောင်ကန်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ပုဗ္ဗသီရိမြို့နယ်)**

ကျွန်တော်တို့နယ်မြေမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၃၈၀၀ ကျော် ရှိပါတယ်။ ကြိုတင်ဆန္ဒမဲပေးမယ့်သူ ၂၀၀ ကျော် ရှိပါတယ်။ ဒီနေ့အထိ ကြိုတင်ဆန္ဒမဲလာပေးတာ လူဦးရေ ၁၀၀ ကျော်ရှိပါတယ်။ ကြိုတင်ဆန္ဒမဲလက်မှတ်တွေ ထည့်ထားတဲ့ မဲပုံးတွေကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးမှာ လုံခြုံစိတ်ချရအောင်ထားပြီး မဲရုံမှူး၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲက တာဝန်ရှိသူတွေ၊ ပါတီကိုယ်စားလှယ်တွေနဲ့ ရဲတပ်ဖွဲ့က လုံခြုံမှုရှိအောင် နေ့၊ ည တာဝန်ယူစောင့်ရှောက်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့က မဲပေးတဲ့သူတွေ လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ် မဲပေးနိုင်ဖို့နဲ့ ဆန္ဒမဲတွေ လုံခြုံစိတ်ချဖို့အတွက် အဓိက ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ အုပ်စုမှာရှိတဲ့ မဲဆန္ဒရှင်တွေအားလုံး မဲစာရင်းလာကြည့်ကြပါတယ်။ ကြည့်ကြဖို့လည်း လိုက်လံဆော်ဩတယ်။ မဲစာရင်းတွေ ကပ်ထားပေးတယ်။ မဲဆန္ဒရှင်တွေ အနှောင့်အယှက် မဖြစ်စေဖို့အတွက် ပါတီဝန်းရံသူတွေ၊ ပါတီထောက်ခံသူတွေ မဲရုံနားကို မလာရောက်ကြဖို့ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်တွေကို ပြောထားပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်အတိုင်း သတ်မှတ်ထားတဲ့ဧရိယာအတွင်း မဝင်ရောက်နိုင်အောင် လုံခြုံရေးတွေချထားပြီး ဖြစ်ပါတယ်။

**ဒေါ်ကာရုံ (မဲဆန္ဒရှင်၊ ကုန်းမြင့်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

အဒေါ်က အင်ဖက်ရောင်းပါတယ်။ အင်ဖက်ရောင်းပြီးအပြန် မဲလာပေးတာပါ။ ငါးနှစ်မှတစ်ခါ မဲပေးရတဲ့အတွက် အခွင့်အရေးကို လက်မလွတ်ရအောင် အခုလို အားတဲ့အချိန်မှာ ကြိုတင်မဲလာပေးတာ ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ် ကြိုတင်ဆန္ဒမဲပေးခွင့်ရပါတယ်။ ကိုယ်နှစ်သက်တဲ့ ပါတီကိုယ်စားလှယ်လောင်းတွေကို ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြီး မဲထည့်ခဲ့ပါတယ်။ မဲပေးတဲ့အခါမှာလည်း မဲရုံထဲကိုဝင်တာနဲ့ လက်ဆေးရတယ်။ အပူချိန်တိုင်းရတယ်။ လက်သန့်ဆေးရည်တွေ ဖျန်းပေးတယ်။ တစ်ဦးနဲ့တစ်ဦး သတ်မှတ်အကွာအဝေးနဲ့ မဲပေးရတော့ အစစအရာရာအဆင်ပြေပါတယ်။ အဲဒီအတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ သီရိ ငါးမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၌ လက်ရှိစာရင်းအရ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၉၀၁၀၀၀ ကျော်ရှိပြီး အသက် ၆၀ ကျော် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၁၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း- မျိုးမြင့်၊ မျိုးသူဟိန်း၊ ဓာတ်ပုံ- စိုးဝင်းထွန်း**

## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။



# မြို့နယ်အသီးသီးတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေး




တောင်ကြီးမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ နှင့် ရွေးကောက်ပွဲနေ့တွင် တာဝန်ထမ်းဆောင်ကြမည့်သူများ အောက်တိုဘာ ၂၉ ရက်က ကြိုတင်ဆန္ဒမဲပေးစဉ်။
မောင်မောင်သန်း(တောင်ကြီး)



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ မဲရုံတွင် အောက်တိုဘာ ၃၀ ရက်က အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် ရောက်ရှိနေမှုကို တွေ့ရစဉ်။
မိုးသောက်(ရွှေဘို)



ရေတာရှည်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်တစ်ဦး ကြိုတင်ဆန္ဒမဲပေးစဉ်။
သန်းလွင်(ဆွာ)




ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၄) ရပ်ကွက်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေမှုကို အောက်တိုဘာ ၃၀ ရက်က တွေ့ရစဉ်။
ကျော်မျိုးအောင်(ပြန်/ဆက်)



၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ၏ ကြိုတင်မဲများကို ကော့မှူးမြို့နယ်တွင် ရွေ့လျားစနစ်ဖြင့် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်က ကြိုတင်ဆန္ဒမဲပေးမှုကို တွေ့ရစဉ်။
ကျော်သူရ(ပြန်/ဆက်)



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် ဓမ္မာရုံ၌ အောက်တိုဘာ ၃၀ ရက်က၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲလာရောက်ပေးကြစဉ်။
တင်စိုး(မြန်မာ့အလင်း)




သံတောင်ကြီးမြို့နယ်တွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်တစ်ဦး ကြိုတင်ဆန္ဒမဲပေးစဉ်။
မြို့နယ်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကာလ မီးရှူးမီးပန်းနှင့် ဖြောက်အိုးများ ပစ်ဖောက်မှုကြောင့် ယမ်းငွေ့များပျံ့လွင့်ကာ နေအိမ်နေပြည်သူများ အထိတ်တလန့်ဖြစ်စေ

**ရန်ကုန် အောက်တိုဘာ ၃၀**

သီတင်းကျွတ်ကာလတွင် အများပြည်သူ အထိတ်တလန့်မဖြစ်စေရန်နှင့် ကိုဗစ်-၁၉ ရောဂါကာလ၌ စိတ်အေးချမ်းစွာ နေထိုင်နိုင်ရန် ရပ်ကွက်၊ ကျေးရွာတို့တွင် မီးရှူးမီးပန်းနှင့် ဖြောက်အိုးများ ရောင်းချခြင်းမပြုရန်နှင့် မဖောက်ကြရန် သက်ဆိုင်ရာက အောက်တိုဘာလ တတိယပတ်က နိုင်ငံပိုင်သတင်းစာတွင် ကြေညာထားရာ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့ရှိ ရပ်ကွက်၊ ကျေးရွာတို့တွင် မီးရှူး၊ မီးပန်းနှင့်၊ ဖြောက်အိုးများ ညပိုင်းတွင် အပြိုင်အဆိုင် ဖောက်သောကြောင့် နေအိမ်များအတွင်းထိ ယမ်းငွေ့များ လွင့်ပျံ့လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၃၁ ရက်သည် သီတင်းကျွတ်လပြည့်နေ့ ဖြစ်ပြီး အောက်တိုဘာ ၂၅ ရက်မှစ၍ ညပိုင်းတွင် လမ်းများအတွင်း ဖြောက်အိုးနှင့် မီးရှူးမီးပန်း များ လွှတ်တင်လျက်ရှိရာ ယနေ့ညပိုင်းတွင် ရပ်ကွက်၊ ကျေးရွာအတွင်း အသံများဆူညံလျက် ယမ်းငွေ့များရှူရှိုက်နေရသောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာလတွင် စိတ်အေးချမ်းစွာ နေထိုင်လိုသော ရပ်ကွက်ပြည်သူတို့အနေဖြင့် စိတ်အနှောင့်အယှက် ကြုံတွေ့နေရကြောင်း သိရသည်။

"ဖြောက်အိုးနဲ့ မီးရှူးမီးပန်းတွေ မဖောက်ဖို့ ဒေသန္တရအမိန့်ထုတ်ထားတယ်။ ကျွန်တော်တို့က ရပ်ကွက်၊ ကျေးရွာကို အမိန့်ထုတ်ပြန်လိုက်တာ။ လိုက်နာတဲ့ပြည်သူတွေရှိသလို မလိုက်နာဘဲ ဖောက်တာလည်း ရှိမှာပါ။ ရောင်းချနေတာကြားရင် သွားရောက်အရေးယူမှာပါ" ဟု လှိုင်သာယာမြို့နယ်အရှေ့ပိုင်း အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပြောသည်။

မီးရှူးမီးပန်းနှင့် ဖြောက်အိုးများကို ဈေးနှင့် ရပ်ကွက်၊ ကျေးရွာတို့ရှိ စတိုးဆိုင်များ၊ ကုန်ခြောက်ဆိုင်များ၊ မီးပုံးနှင့် မီးရှူးမီးပန်းတစ်ပိုင်တစ်နိုင် ရောင်းချသောဆိုင်များမှာ ရောင်းချလျက်ရှိပြီး ကိုဗစ်-၁၉ ကာလတွင် စိတ်ဖိစီးမှုကြုံတွေ့နေရသော ရပ်ကွက်၊ ကျေးရွာပြည်သူတို့အနေဖြင့် ကျယ်လောင်သော ဖြောက်အိုးဖောက်သံကြောင့် စိတ်အနှောင့်အယှက်ကြုံတွေ့ရသည့်နည်းတူ မီးရှူးမီးပန်းတို့ကြောင့် ယမ်းငွေ့များကို ရှူရှိုက်နေရလျက်ရှိကြောင်း သိရသည်။ ၁၆၄

# ကိုဗစ်-၁၉ ကာလ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေး

**လဟယ် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေ ပြန်လည်ထုတ်ချေးခြင်းကို ကူးကူးနောက်ကုန်းကျေးရွာတွင် အိမ်တိုင်ရာရောက်စနစ်ဖြင့် လုပ်ငန်း(၃)မျိုးအတွက် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။



အဆိုပါ မြစိမ်းရောင်စီမံကိန်း ချေးငွေ ထုတ်ချေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် တောင်သူ ၁၄ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၂၄ ဦး၊ အရောင်းအဝယ် လုပ်ငန်းဆောင်ရွက်ရန် နှစ်ဦးကို စုစုပေါင်း အသင်းဝင် ၄၀ တို့အား ငွေတစ်ရာကျပ်လျှင် အတိုးနှုန်း ပြား ၅၀ ဖြင့် ချေးငွေ သိန်း ၃၀၀ အား ကိုဗစ်-၁၉ ကာလ ကျန်းမာရေး လမ်းညွှန်ချက်နှင့်အညီ ချေးယူသူ လက်ဝယ်အရောက် ပြန်လည် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

မွေးကြူဇင်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၀ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၄ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၉ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၈၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၂၃၁ | ၂၃၀၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၃၀၆ | ၁၁၂၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၅၄ | ၁၁၉၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၇၃ | ၁၂၈၀၉၀၀ |
| EFR | ၃၃၀၀ | ၃၅၅၀ | ၁၀၅ | ၃၄၇၁၀၀ |

ခင်ရတနာ - စုစည်းသည်




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ဖူးပွင့်ဝေစည် ကြာငါးမည်၊ တူရာသီ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

**တက္ကသိုလ်ပွင့်သူအောင်**

သီတင်းကျွတ်လသည် မြန်မာ့ တစ်ဆယ့်နှစ်လရာသီတွင် သတ္တမမြောက်လ ဖြစ်သည်။ သီတင်းကျွတ်လကို ဗေဒင်အခေါ်အားဖြင့် တူရာသီဟူ၍လည်း ခေါ်ကြသည်။ ယင်းလတွင် အဿဝဏီနက္ခတ်သည် "စန်း"ဟုခေါ်သော လမင်းနှင့် အတူယှဉ်ပြိုင် ထွန်းပလျက်ရှိသည်။ ရာသီပန်းအနေဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်(ကြာပုဏ္ဍရိတ်)၊ ကြာခေါင်းလောင်း(ပဒုမ္မာ)ဟူသော ကြာမျိုးငါးပါးတို့ဖြစ်ပြီး ရာသီပွဲအဖြစ် ဆီမီးမြင်းမိုရ်ပွဲ(ဝါ) တာဝတိံသာပွဲများ ကျင်းပလေ့ရှိသည်။

သီတင်းကျွတ်လတွင် နံနက် ၆ နာရီ နေထွက်၍ ညနေ ၆ နာရီ၌ နေဝင်သဖြင့် နေ့တာနှင့် ညတာ ညီမျှသောလ ဖြစ်သည်။ ထို့ကြောင့် ရှေးစာဆိုတော်ကြီးဖြစ်သူ ကင်းဝန်မင်းကြီးက "သီတင်းကျွတ်ပြီ၊ တူရာသီ၊ အဿဝဏီရှိန်ဝါရွှန်း၊ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုရ်အချာထွန်း"ဟု ရေးဖွဲ့ခဲ့သည်။

သီတင်းကျွတ်အခါသမယသည် မိုးရာသီ၏ နောက်ဆုံးနှုတ်ဆက်သောလ တစ်နည်းအားဖြင့် မိုးရာသီ မကုန်ဆုံးသေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၍ ဥတုရာသီ သာယာတော့မည့် ဆောင်းဥတုရာသီ၏ အရုဏ်ဦးအချိန်ဟု တင်စားကြသည်။ သီတင်းကျွတ်အချိန်အခါသမယတွင် "ဝါဆိုကင်းလွတ် သီတင်းကျွတ်မို့" ဆိုသည့် စကားနှင့်အညီ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်တွင် ပုရိမ ဝါဆိုတော်မူကြသော သံဃာတော်များသည် သီတင်းကျွတ်လ၏ လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြပြီဖြစ်သဖြင့် အရပ်တစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေ ကြွချီတော်မူနိုင်ကြပြီလည်း ဖြစ်သည်။

### သီတင်းကျွတ်လ၏ အဓိပ္ပာယ်

သီတင်းကျွတ်လကို ရှေးအခါက "သန်တူလ"ဟု ခေါ်ဆိုခဲ့ရာ "သန်"မှာ မိုးရာသီ၊ "တူ"မှာ တူရာသီ ချိန်ခွင်ဖြစ်၍ သန်တူလကို "ဝဿန္တဥတု၊ တူရာသီ"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ အချို့ပညာရှင်များကမူ "သန်"ဟူသည့်ပုဒ်မှာ ကောက်စပါးဟုဆိုပြီး "တူ"ဟူသောပုဒ်သည် အသံချင်းနီးစပ်သော ထူဟူသည့် ပုဒ်နှင့်တွဲယူရသောကြောင့် တစ်စုံတစ်ရာကို ထောင်စေသည် မတ်စေသည်ဟူ၍ အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် သီတင်းကျွတ်လ(ဝါ)သန်တူသည် ကောက်စပါးပင်များ ပေါက်ဖွား၊ ထွက်ထ၊ ထောင်မတ်သည့်လဟူ၍လည်း အဓိပ္ပာယ်ရသည်။

ထို့အပြင် ထူပါရုံဘုရားစသော ကျောက်စာများ၌ မိုးကာလတွင် လုပ်ဆောင်ရသည့်လယ်ကို "သန်လယ်"ဟုလည်းကောင်း၊ ဆောင်းရာသီ၌ လုပ်ကိုင်ရသည့်လယ်ကို "မုရင်းလယ်"ဟုလည်းကောင်း ရေးထိုးရာ သီတင်းကျွတ်လကို "သန်တူလ"ဟူ၍ ခေါ်ဝေါ်ကြခြင်းပင်ဖြစ်သည်။

ထို့အပြင် သက္ကရာဇ် ၉၂၅ ခုနှစ်တွင် မူလ မင်းရဲကျော်စွာ ထိုးခဲ့သော စစ်ကိုင်းပုညရှင် စေတီကျောက်စာကို ၁၁၃၇ ခုနှစ်တွင် ဘိုးတော်မင်းတရား ဆင့်ထိုးတွင် ဆင့်ထိုးအပိုဒ်၌ "သက္ကရာဇ် ၁၁၄၂- ခု၊ သတင်းကျွတ်လပြည့်ကျော်"ဟူ၍ ပါရှိသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တော်တိုင် "သတင်းကျွတ်"ဟူ၍ "သ"သက်သက်ဖြင့်ရေးလျက် ရှိသည်။ ထို့အပြင် ပုဂံစောရဟန်းကျောက်စာတွင် သတင်းတိုင်း သတင်းချွတ်ဟူ၍လည်းကောင်း၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက် ရေးထိုးခဲ့သော မူလကျောက်စာတို့တွင် "သတင်း"ဟူ၍ လည်းကောင်း ယခုခေတ်ကဲ့သို့ လုံးကြီးတင်ဆန်ခတ်ပြီး မရေးဘဲ သတင်းဟု "သ"သက်သက်ဖြင့် ရေးခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

### တာဝတိံသာပွဲတော်နှင့် မီးမြင်းမိုရ်ပွဲ

ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ ညနေပိုင်းတွင် သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗ သရက်ဖြူပင်အနီး၌ တိတ္ထိတို့ကို ရေ၊ မီးအစုံစုံ တန်ခိုးပြာဋိဟာ ပြသတော်မူခဲ့သည်။ ထိုပြာဋိဟာပွဲကြီး ပြီးဆုံးပြီးနောက် မယ်တော်မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန်အတွက် ဂေါတမဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူပြီး သတ္တမ ဝါကပ်တော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာနတ်ပြည်သို့ရောက်ရှိပြီး သန္တုသိတမည်သော မယ်တော်မိနတ်သား အမှူးပြုသည့် စကြဝဠာအပေါင်း တိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာ ပရိသတ်တို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့၊ ည မစဲ ဟောကြားတော်မူသည်။ ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ အဘိဓမ္မာတရား ဟောကြားခြင်းသည် ဝါတွင်း သုံးလမြောက်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခဲ့သည်။



"ပုဂံစောရဟန်းကျောက်စာတွင် သတင်းတိုင်း သတင်းချွတ်ဟူ၍လည်းကောင်း၊ အင်းဝခေတ်မှ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားလက်ထက် ရေးထိုးခဲ့သော မူလကျောက်စာတို့တွင် "သတင်း"ဟူ၍ လည်းကောင်း ယခုခေတ်ကဲ့သို့ လုံးကြီးတင်ဆန်ခတ်ပြီးမရေးဘဲ သတင်းဟု "သ" သက်သက်ဖြင့် ရေးခဲ့သည်ကို လေ့လာတွေ့ရှိရသည်"

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။ ထိုအခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းပေးသည်။ ယင်းစောင်းတန်းသုံးသွယ်တို့၏ အခြေကို သင်္ကဿနဂိုရ်မြို့တံခါးတွင် တည်ရှိစေပြီး စောင်းတန်း၏ ဦးဖျားမှာ မြင်းမိုရ်တောင်ထိပ်၌ တည်ကြသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းမှ ရောင်ခြည်တော်ခြောက်သွယ်ဖြင့် တင့်တယ်စွာ သက်ဆင်းကြွမြန်းပြီး နတ်အပေါင်းတို့က လယ်ယာဘက်ရှိ ရွှေစောင်းတန်းမှလည်းကောင်း၊ ဗြဟ္မာကြီးများက လက်ဝဲဘက်ရှိ ငွေစောင်းတန်းမှလည်းကောင်း အသီးသီး ခြံရံလိုက်ပါ သက်ဆင်းလာကြသည်။

ပဉ္စသိခ်နတ်သားက "သုံးဂါဝုတ်" ပမာဏရှိသော "ဗေဠုဝ"နတ်စောင်းကြီးကို လက်သံကုန်တီးခတ်လျက် ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ဖြစ်သော ပန်းနံ့သာ အမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကို ခတ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကို တလွဲလွဲ ခတ်လျက်လည်းကောင်း၊ သိကြားမင်းက ဝိဇယုတ္တာခရုသင်းကို မှုတ်လျက်လည်းကောင်း၊ လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်းလိုက်ပါ လာကြသည်။ ထို့နည်းတူ ကျန်စကြဝဠာတိုက်တို့တွင် နေထိုင်ကြသော နတ်တို့သည်လည်း အမျိုးမျိုးသောပူဇော်မှုကိုပြုလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုးလျက် ပူဇော်ကာ သက်ဆင်းလိုက်ပါလာကြသည်။

ယင်းအချိန်၌ သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့်တွင် သင်္ကဿနဂိုရ်မြို့တံခါးသို့ မြတ်စွာဘုရားအား ဖူးမြော်ကြရန် ရောက်ရှိနေကြပြီဖြစ်သည်။ ထိုသို့ ဗုဒ္ဓမြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်း ခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက် စောင်းတန်းဦးတွင် လယ်ယာခြေတော်ကို ချတော်မူသည်။ ယင်းလက်ယာခြေတော်ချရာအရပ်သည် နောင်သောအခါဝယ် "အစလေ စေတိယဋ္ဌာန"ဟူ၍ အမည်ထင်ရှားခဲ့သည်။

ထိုသို့ ရှင်သာရိပုတ္တရာ အမှူးပြုသည့် လူနတ်ဗြဟ္မာပေါင်းစုံပါဝင်သော ပရိသတ်အပေါင်းတို့က ဗုဒ္ဓမြတ်စွာဘုရားရှင်အား သောင်းသောင်းဖြဖြ ပူဇော်သည့်ပွဲကြီးကို ရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့ ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ကြခြင်းပင်ဖြစ်သည်။ ယင်းသို့ ဗုဒ္ဓမြတ်စွာဘုရားရှင် တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ "တာဝတိံသာပွဲတော်"ဟုလည်းကောင်း၊ တာဝတိံသာနတ်ပြည်တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ "မီးမြင်းမိုရ်ပွဲ"ဟုလည်းကောင်း အသီးသီး ခေါ်ဝေါ်ခဲ့ကြသည်။

### သီတင်းကျွတ်လနှင့် ရှေးစာပေများ

သီတင်းကျွတ် မီးထွန်းပွဲတော်ကြီးနှင့်ပတ်သက်၍ သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာ သရုပ်ဖော်ရေးဆွဲထားသည့် ပန်းချီကားကို ပုဂံရှိ မြင်းကပါ ဂူပြောက်ကြီးဘုရား၌ ယနေ့ထက်တိုင် တွေ့မြင်နိုင်သည်။ ထို့အပြင် အင်းဝခေတ်တွင် ကျင်းပသည့် မီးမြင်းမိုရ်ပွဲအကြောင်းကို လောကဗျူဟာကျမ်းတွင်လည်း ဖော်ပြထားသည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်းက သီတင်းကျွတ်လတွင် ဆီမီးထွန်းညှိ ပူဇော်ပုံကို ဘိုးတော်ဘုရားလက်ထက်က ထင်ရှားကျော်ကြားခဲ့သော ရှေးစာဆိုပညာရှင်ကြီး ဦးယာက "ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စို၊ မြင်းမိုရ်ပွဲကြီး"ဟူ၍ လူးတားဖြင့် ရေးစပ်ခဲ့သည်။

ဦးယာကပင် "ကုန်းဘောင်ခေတ် ပြည်သူပြည်သားများအနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် လှပစွာဝတ်စားဆင်ယင်ကြကာ မောင်မယ်စုံ ယှဉ်တွဲ၍ ဆင်နွှဲကြပုံကိုလည်း "သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်က တိုင်မြောက်၊ မယ်က ဖောက်၍၊ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်း၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်ရွှန်းဆီမီးတိုင်နှင့်လေး"ဟူ၍ စပ်ဆိုခဲ့သည်။

### အဘိဓမ္မာအခါတော်နေ့

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" အစရှိသည်ဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာ၌ ပဝါရဏာပြုပြီး လူ့ပြည်လူ့ရွာသို့ ဆင်းသက်တော်မူသည်ကိုအကြောင်းပြုလျက် ထိုနေ့ကို "အဘိဓမ္မာနေ့"ဟု သမုတ်ကာ အဘိဓမ္မာပူဇော်ပွဲများ ကျင်းပကြလေ့ရှိသည်။

အဘိဓမ္မာတရားတော်သည် မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် သုတ္တန်တရားတော်တို့ထက် သာလွန်ထူးခြားသောတရား ဖြစ်သောကြောင့် အဘိဓမ္မာတရားတော်ဟု ခေါ်ခြင်းပင်ဖြစ်သည်။ အဘိဓမ္မာတရားတော်သည် အလွန် အဖိုးအနဂ္ဃထိုက်ပြီး ယင်းအဘိဓမ္မာ တရားတော်တွင်-

(၁) ကုသိုလ်၊ အကုသိုလ် စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော "ဓမ္မသင်္ဂဏီကျမ်း"

(၂) ခန္ဓာစသောတရားတို့ကို သုတ္တနည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့် ဝေဖန်ဟောကြားသော "ဝိဘင်းကျမ်း"

(၃) ဓာတ်အမျိုးမျိုးကိုဟောကြားသော "ဓာတုကထာကျမ်း"

(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသော "ပုဂ္ဂလပညတ်ကျမ်း"

(၅) အယူဝါဒနှင့်ဆိုင်သောစကားတို့၏ တည်ရာဖြစ်၍ အဘိဓမ္မာ အနှစ်သာရတို့နှင့်ပြည့်စုံသော "ကထာဝတ္ထုကျမ်း"

(၆) အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယ အစုံစုံပြု၍ ဟောကြားသော "ယမိုက်ကျမ်း"

(၇) အကြောင်းအမျိုးမျိုးကိုလည်းကောင်း၊ ကုသိုလ်စသောတရားတို့ကို ၂၄ ပစ္စည်းတို့ဖြင့်လည်းကောင်း ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် "ပဋ္ဌာန်းကျမ်း"ဟူ၍ ခုနစ်ကျမ်းရှိသည်။

### အဘိဓမ္မာတရားတော်၏ ထူးခြားချက်များနှင့် အကျိုးတရားများ

အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ် နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်းဟူသော ဂမ္ဘီရလေးမျိုးနှင့် ပြည့်စုံသည်သာမက ထူးခြားချက်လေးမျိုးဖြစ်သည့်-

(၁) မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၂) တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၃) မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသော တရားဖြစ်ခြင်း၊

(၄) ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့သည် တစ်လှည့်စီ ဟောကြားတော်မူသော တရားဖြစ်ခြင်းဟူ၍ ထူးခြားချက်များနှင့် ပြည့်စုံနေခြင်းပင်ဖြစ်သည်။

အဘိဓမ္မာတရားတော်၏ အာနိသင်ကလည်း အလွန်နက်နဲသည်။ ထို့ကြောင့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူရခြင်းကြောင့်-

(၁) လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမ ရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်စေခြင်း

(၂) မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် လမ်းကြောင်း အထောက်အပံ့ကောင်း ရနိုင်ခြင်း၊

(၃) ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေခြင်း၊

(၄) ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေခြင်း အစရှိသော အကျိုးတရားများ ရရှိစေသည်။

ထို့ကြောင့် ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလျက်ရှိသော သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာပုံ၊ လူတို့ကလည်း ဆီမီးများ ပဒေါ်ထွန်းညှိ ကြိုဆိုကြပုံတို့ကို ရည်မှန်းကာ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူကြလျက် ဘေးဥပဒ်အန္တရာယ်ကင်းဝေးပြီး ကျက်သရေမင်္ဂလာ အဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ ရေးသားလိုက်ရပါသည်။ ။

# ၂၀၂၀ ပြည့်နှစ် ၊ မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

၂၀၂၀ ပြည့်နှစ် ၊ မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

စာမျက်နှာ -၉

## ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများတည်ဆောက်ပြီးစီးမှုအခြေအနေ

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာအတွက် ဓာတ်အားပေးရန် • ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၆၉ % |
| ၂ | အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာအတွက်- • ဓာတ်အားလိုင်းနှင့် ခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း | ၄၉ % |
| ၃ | သံတွဲမြို့နယ်၊ ကျောက်ကြီးကျေးရွာအပါအဝင်ကျေးရွာ (၃၈) ရွာအတွက်- • ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း | ၅၅ % |
| ၄ | ကြိမ်ချောင်းခွဲရုံမှ တောင်ပြိုဝဲသို့ ၃၃ကေဗွီလိုင်း ၁၇မိုင်၊ တောင်ပြိုဝဲတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း - • ခွဲရုံမြို့ပြလုပ်ငန်း | ၁၀ % |



အမ်းမြို့နယ်၊ ဂဇုကိုင်းဓာတ်အားခွဲရုံ တည်ဆောက်နေပုံ | မောင်တောမြို့နယ်၊ ကြိမ်ချောင်းဓာတ်အားခွဲရုံ တည်ဆောက်နေပုံ

## ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု



ကျောက်ဖြူမြို့နယ်၊ဇင်ကျွန်းကျေးရွာ Mini Grid ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေပုံ | မြေပုံမြို့နယ်၊ကျွန်းသာယာကျေးရွာ Mini Grid ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေပုံ






စာမျက်နှာ -၁၀

၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် အီတလီနိုင်ငံမှချေးငွေ ကျပ်(၁၅၉၀.၇၂၈)သန်းဖြင့် မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့်ဘူးသီးတောင်မြို့နယ်(၄)မြို့နယ်ရှိ ကျေးရွာ(၃၁)ရွာ အတွက် တစ်အိမ်သုံး ဆိုလာ (၆၀)ဝပ်(၁၆၂၃)စုံ၊တစ်အိမ်သုံးဆိုလာ(၁၀၀)ဝပ် (၇၂၈)စုံနှင့် အများပြည်သူသုံးဆိုလာ(၃၄၃)စုံ၊ စုစုပေါင်းဆိုလာ (၂၆၉၄)စုံကို တပ်ဆင်နိုင်ရန် တင်ဒါအောင်သော ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

## ကျေးလက်ရေရရှိရေး



ဘူးသီးတောင်မြို့နယ်၊ ဂန္ဓမာကျေးရွာ အိမ်တိုင်ရာရောက်ရေပေးရေးလုပ်ငန်း | ရမ်းဗြဲမြို့နယ်၊ တောလယ်ကျေးရွာ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း

## ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေ

| လုပ်ငန်း | (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈) ထိ | (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉) ထိ | (၁-၉-၂၀၁၉) မှ (၃၁-၁၂-၂၀၁၉) ထိ | (၁-၁-၂၀၂၀) မှ (၃၀-၄-၂၀၂၀) ထိ | (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀) ထိ | စုစုပေါင်း |
|---|---|---|---|---|---|---|
| လက်တူးတွင်း | ၁၈၁ | ၃၀ | ၈ | ၁၃ | ၂၂ | ၂၅၄ |
| ရေကန် | ၁၅၆ | ၇၀ | ၉ | ၂၇ | ၄၄ | ၃၀၆ |
| စိမ့်စမ်း | ၁၈ | ၁၄ | ၅ | ၁၃ | ၂ | ၅၂ |
| ရေကန်အနက်နှိုက်ခြင်း | ၄၄ | - | - | - | - | ၄၄ |
| တွင်းတိမ် | ၅ | ၅ | - | - | - | ၁၀ |
| တွင်းနက် | - | ၁ | - | - | - | ၁ |
| အခြားရေရရှိရေး | ၅၁ | ၃၇ | ၁ | ၂၇ | ၄၂ | ၁၅၈ |

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကျေးရွာမတည်ငွေစီမံကိန်း






စာမျက်နှာ -၁၁

## (၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်)အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ




## (၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း




## လူထုဗဟိုပြုစီမံကိန်း






စာမျက်နှာ -၁၂

## အစီရင်ခံသည့်ကာလအတွင်းစီမံကိန်းလုပ်ငန်းပြီးစီးမှု




## COVID-19 စီးပွားရေးကုစားမှုအစီအစဉ်(COVID-19 Economic Relief Plan-CERP) အရ Cash For Work (ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး) စီမံကိန်း လုပ်ငန်းများ

ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားစဉ်အတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် Cash For Work (ဝင်ငွေရရှိရေး အလုပ်အကိုင်ဖန်တီးပေး) စီမံကိန်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ စတင်၍ ရမ်းဗြဲ၊ မာန်အောင်၊ သံတွဲနှင့်တောင်ကုတ်မြို့နယ်များရှိကျေးရွာ (၁၁၁)ရွာ၌ တစ်ရွာလျှင် ငွေကျပ် သိန်း(၁၀၀)ဖြင့်ဆောင်ရွက်ခဲ့ပါသည်၊






ဘူးသီးတောင်မြို့နယ်၊ ဗီရွက်-ပန်းကုံးမ ကျေးရွာချင်းဆက် လမ်းပေါ်ရှိ တံတား(၁)စင်း တည်ဆောက်ခြင်း



*(ဆက်လက်ဖော်ပြပါမည်)*

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ

အေးမင်းထက်(ရေဦး)

*ယမန်နေ့မှအဆက်*

**လုပ်ငန်းဆောင်ရွက်မည့်နည်းလမ်းများ**

ဥပဒေ၏ ပုဒ်မ ၉ တွင် " ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုကြီးကြပ်မှုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်အရ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ရမည်-

(က) ပုဂ္ဂလိက ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( ခ ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြုအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်၍ ဆောင်ရွက်စေခြင်း၊

( ဂ ) နည်းပညာ လိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( င ) နည်းပညာအကူအညီလိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

( စ ) အခြားသင့်လျော်သော နည်းလမ်းတစ်ခုခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သူတို့အတွက် လုံခြုံရေး၊ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ဟန့်တားမှုမပြုစေရေး၊ ဥပဒေပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာစေရေးအတွက် ပြစ်မှုနှင့် ပြစ်ဒဏ်များပြဋ္ဌာန်းချက်တို့ကိုလည်း အောက်ပါအတိုင်း တွေ့ရှိရပါသည်-

ဥပဒေပုဒ်မ ၄၀ တွင် မည်သူမဆိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများကို တာဝန်အရ အကောင်အထည်ဖော်ဆောင်ရွက်သူအား-

(က) ရာဇဝတ်မကင်းသော အနိုင်အထက်ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

( ခ ) ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် တားဆီးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

ဥပဒေပုဒ်မ ၄၁ တွင် မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

**ကျေးလက်ဒေသနေပြည်သူများ၏ ရပိုင်ခွင့်နှင့် တာဝန်များ**

ကျေးလက်ပြည်သူတို့သည် နေရာတကာတွင် တွေဝေငေးမောပြီး နောက်ကလိုက်မနေစေရန်နှင့် မိမိတို့၏ ဘဝတိုးတက်ရေးဖြစ်သောကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရပ်များတွင် စည်းလုံးတက်ကြွစွာဖြင့် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ကြစေရန် ၎င်းတို့၏ တာဝန်နှင့် ရပိုင်ခွင့်များ ပြဋ္ဌာန်းချက်ကိုလည်း တွေ့ရှိရပါသည်။

ဥပဒေ၏ ပုဒ်မ ၁၇ တွင် ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမှိုက်စနစ်တကျ စွန့်ပစ်ရေး ဆောင်ရွက်ရန်၊

( ခ ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့် လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

( ဂ ) ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံသုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းရန်၊

(ဃ) ပုဒ်မခွဲ (ခ) အရ ချေးယူငွေနှင့် ကျသင့်သည့်အတိုးငွေတို့ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်-

(၁) သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပြန်လည်ပေးဆပ်ခြင်း၊

(၂) သတ်မှတ်ကာလ ကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ခြင်း။

( င ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

( စ ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းရုံးပညာပေးခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာလူထုအကြား စည်းလုံးမှုကို ပျက်ပြားစေမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာကော်မတီများ၏ လမ်းညွှန်ချက်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်။ *စာမျက်နှာ ၂၃ သို့*



ကြံခင်းမြို့နယ် ထိန်ပင်မြောင်ကျေးရွာ အသေးစားဓာတ်အားပေးစနစ်ကို တွေ့ရစဉ်။



ပေါက်မြို့နယ် ပုတီးကျေးရွာ ကျေးရွာခန်းမ ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။

**"တစ်ယောက်အားနှင့် ယူသော်မရ ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဆိုသည့် စကားနှင့်အညီ ပြည်ထောင်စုလွှတ်တော်အသီးသီးမှလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အသီးသီးကလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်းကောင်း၊ ကျေးလက်ဒေသနေပြည်သူလူထုကလည်းကောင်း၊ ကျေးလက်ဒေသ၏ ဖွံ့ဖြိုးရေးတိုးတက်ရေးကဏ္ဍကို အာရုံစိုက်၍ ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပပုဂ္ဂလိကများအနေဖြင့်လည်း ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုးပမ်းနေမှုများကို ကြည့်မြင်သုံးသပ်ကာပါဝင်ကူညီကြရန် လိုအပ်မည်"**

# အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ်ဖြင့် ကျောက္ကာကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိ

**ပုလော အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက္ကာကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့မှ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်သော အသေးစားလျှပ်စစ်ဓာတ်အားပေးစနစ် တည်ဆောက်ရေးစီမံကိန်းဖြင့် အောက်တိုဘာ ၁၀ ရက်မှစတင်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ယခင်က ပုဂ္ဂလိက မီးဖြင့် တစ်ယူနစ်လျှင် ငွေကျပ် ဖ၅၀ ပေးသွင်းရကာ ယခုဆိုလျှင် တစ်ယူနစ်ကို ငွေကျပ် ၃၅၀ ပေးရပြီး အသုံးပြုနိုင်သည့် အင်အားမှာ အိမ်တစ်ဆောင်လျှင် (၁၂၀၀ ဝပ်)၊ အသေးစားစက်မှု လုပ်ငန်းတစ်ခုလျှင် (၃၀၀၀ ဝပ်) အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ အသေးစာဓာတ်အားပေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းမှာ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး မီးလင်းရန်နှင့် အသေးစားကုန်ထုတ်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ လျှပ်စစ်မီးမရရှိသေးသော ဝေးလံဒေသရှိ လူနေမှုအဆင့်အတန်း မြင့်မားစေရန်နှင့် ဒေသတွင်းရှိ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

အဆိုပါ အသေးစားဓာတ်အားပေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀ ရာခိုင်နှုန်း၊ Techno- Hill Engineering Co.,Ltd. ဖ၀ ရာခိုင်နှုန်းနှင့် ဒေသခံပြည်သူမှ ၂၀ ရာခိုင်နှုန်းဖြင့် ပူးပေါင်း၍ ပုလောမြို့နယ် ခန္တီကျေးရွာတွင် ဖ၃ ကီလိုဝပ်၊ လယ်ဖက်ကျေးရွာတွင် ၉၂ ကီလိုဝပ်၊ ကံမော်ကြီး ကျေးရွာတွင် ဖ၁ ကီလိုဝပ် ၊ ကုလားမခေါင်း ကျေးရွာတွင် ၄၀ ကီလိုဝပ် ၊ ပြင်ကြီးကျေးရွာတွင် ၄၀ ကီလိုဝပ်၊ ကျောက္ကာကျေးရွာတွင် ၂၀၉ ကီလိုဝပ်ဖြင့် ၂၄ နာရီ လျှပ်စစ်မီးများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**အေးအေးမော် (ပြန်/ဆက်)**



ကျောက္ကာကျေးရွာ၌ လျှပ်စစ်မီးရရှိမှုကို တွေ့ရစဉ်။

# လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ ရွာ၌ တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေး လုပ်ဆောင်ပေးမည်

**မုံရွာ အောက်တိုဘာ ၃၀**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ ၂၉ ရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေး လုပ်ဆောင်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းကျော်မျိုးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း လုပ်ဆောင်ပေးမည့် ဝပ် ဖ၀ အားရှိ တစ်အိမ်ထောင်သုံးဆိုလာမီးလင်းရေး၏ ကုန်ကျစရိတ်ထက်ဝက်ကို သုံးစွဲသူကျေးရွာနေပြည်သူများက ကုန်ကျခံရမည်ဖြစ်ပြီး ကျန်ကုန်ကျစရိတ်ထက်ဝက်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေမှ ကျခံလုပ်ဆောင်ပေးမည်ဖြစ်သည်။

အဆိုပါ ကျေးရွာ ၂၉ ရွာရှိ အိမ်ခြေ ၂၅၈၄ အိမ်တွင် ဝပ် ဖ၀ အားရှိ တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေး ၂၅၈၄ စုံကို တပ်ဆင်ပေးသွားမည်ဖြစ်ရာ မီးလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပြီးပါက ဒေသနေပြည်သူများ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီး ရရှိမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းမှ ကျေးရွာ လေးရွာနှင့် နန်းယွန်းမြို့နယ်အတွင်းမှ ကျေးရွာ နှစ်ရွာတို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တစ်အိမ်ထောင်သုံးဆိုလာမီးလင်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မြို့နယ်များ၌ မဲရုံစောင့်ကြည့်ကြပ်မတ်ရန် အထူးရဲသင်တန်းဆင်း

## မော်လမြိုင်

မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ဖွင့်လှစ်သော အထူးရဲသင်တန်းဆင်းပွဲကို မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ အောက်တိုဘာ ၂၈ ရက်က ကျင်းပရာ သင်တန်းဆင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညီညီက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက် အ.လ.က (ခွဲ) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သင်တန်းသား ၅၉ ဦး တက်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညီညီက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

မော်လမြိုင်မြို့နယ်အတွင်း အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ပြီး သင်တန်းကာလ လေးပတ်ကြာ သင်ကြားပို့ချပေးကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## တောင်ကြီး

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်အတွင်းရှိ မဲရုံ ၂၄၅ ရုံ၌ တာဝန်ပေးမည့် အထူးရဲ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၈ ရက်က လမ်းမတော်ရပ်ကွက် ဘုရင့်နောင်လမ်း အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း သဇင်ဆောင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်မင်းအောင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပစဉ် လုံခြုံရေး တာဝန်ဆောင်ရွက်ကြမည့် အထူးရဲတပ်ဖွဲ့ဝင်များအဖြစ် မဲရုံများ၌ စောင့်ကြည့်ကြပ်မတ်ရန်အတွက် သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှ အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ပို့ချပေးသည်။ အထူးရဲသင်တန်းဆင်းပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းအောင်၊ တောင်ကြီးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာမိုထွန်း၊ တောင်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ချီဖွေ

ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ လုံခြုံရေးတာဝန် ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်မှူး ယာယီရဲမှူး နိုင်တင်အေးက သင်တန်းကာလအတွင်း အထူးရဲများသိသင့် သိထိုက်သော ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေ၊ ဥပဒေများကို သင်ကြားပို့ချခဲ့ပြီးဖြစ်၍ အထူးရဲများက မိမိတို့ တာဝန်ကျရာ မဲရုံများတွင် လုံခြုံရေးဆောင်ရွက်ရာ၌ ပေးအပ်ထားသော အထူးရဲတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းသား ၄၇ ဦး တက်ရောက်ပြီး သင်တန်းကာလကို အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ သင်တန်းမှူး ဒု-ရဲအုပ် နိုင်ထွန်းဦးနှင့် အခြားသင်တန်းနည်းပြ သုံးဦးတို့က စာတွေ့လက်တွေ့ သင်ကြားပို့ချဆောင်ရွက်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**နန်းမြင့်(ပြန်/ဆက်)**

# ရွာငံမြို့နယ် ပယ်ကင်းကျေးရွာ၌ ၄၀၀ ဗို့အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ရွာငံ အောက်တိုဘာ ၃၀**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ်အတွင်းရှိ ပယ်ကင်းကျေးရွာ၌ မြစိမ်းရောင် စီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ လုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေကျပ် ၃ ဒသမ ၅ သန်းဖြင့် ယခုနှစ်စက်တင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ပြောသည်။

ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင် စီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေများကိုလည်း လေလွင့်ဆုံးရှုံးမှုမရှိစေရေး လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။ **ငြိမ်းသူ**

*စာမျက်နှာ ၂၂ မှ*

ဥပဒေပုဒ်မ ၁၁ တွင် ကျေးလက်ဒေသနေပြည်သူတို့၏ ရပိုင်ခွင့်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

(က) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲရာတွင် အကြံပြုဆွေးနွေးခွင့်၊

(ခ) မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ တင်ပြပိုင်ခွင့်၊

(ဂ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်၊ ကြည့်ရှုလေ့လာခွင့်၊ သတင်းအချက်အလက်များ တောင်းခံရယူခွင့်နှင့် လွတ်လပ်စွာ ဝေဖန်အကြံပြု ဆွေးနွေးတင်ပြခွင့်၊

(ဃ) ဦးစီးဌာနနှင့် သက်ဆိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစီးဌာနသို့ တင်ပြ၍ မိမိကျေးရွာ အစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ခွင့်၊

(င) ဤဥပဒေပါအရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးခြင်း လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အရင်းမပျောက်မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်၊

(စ) ပုဒ်မခွဲ (င) ပါ လုပ်ငန်းမှရရှိသည့် အတိုးငွေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲခွင့်၊

(ဆ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲမှုကို မေးမြန်းခွင့်၊

(ဇ) ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခွင့်၊

(ဈ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ရပိုင်ခွင့်။

သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများသည် ကျေးလက်ဒေသနေပြည်သူတို့၏ ရပိုင်ခွင့်များကို အပြည့်အဝရရှိစေရန်နှင့် တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်စေရန် ဖော်ဆောင်ပေးကြရမည်ဖြစ်သည့်အပြင် ကျေးလက်ဒေသနေပြည်သူများကလည်း နိုးကြားတက်ကြွသော အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**နိဂုံးချုပ်တင်ပြချက်**

"ဥပဒေဟူသည် အဓိကအားဖြင့် ဥပဒေပြုအာဏာပိုင်က ပြုလုပ်သော ဥပဒေဖြစ်သည်။ ခေတ်အဆက်ဆက်က ပြုလုပ်လာခဲ့ကြသော ဥပဒေများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်ကို ပယ်ဖျက်၊ အသစ်ပြုလုပ်သင့်သည်ကို ပြုလုပ်ကျင့်သုံးကြရသည်"ဆိုသည့် တရားဥပဒေအခြေခံသဘောတရားများနှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်က ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ အဖြစ် ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါသည်။

ဤဥပဒေအား ကိုင်တွယ်ဖော်ဆောင်ရမည့် ပြည်ထောင်စုဝန်ကြီးဌာနဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ၎င်းလက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သည် ဥပဒေပြဋ္ဌာန်းချက်များကို ထိရောက်မှန်ကန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်တွေ့အားဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကျေးလက်ဒေသနေပြည်သူများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

"တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏" ဆိုသည့် စကားနှင့်အညီ ပြည်ထောင်စုလွှတ်တော်အသီးသီးမှလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့အသီးသီးကလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများကလည်းကောင်း၊ ကျေးလက်ဒေသနေပြည်သူလူထုကလည်းကောင်း၊ ကျေးလက်ဒေသ၏ဖွံ့ဖြိုးရေး တိုးတက်ရေးကဏ္ဍကို အာရုံစိုက်၍ ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကများအနေဖြင့်လည်း ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီကြိုးပမ်းနေမှုများကို ကြည့်မြင်သုံးသပ်ကာပါဝင်ကူညီကြရန် လိုအပ်မည်ဖြစ်ပါသည်။

ထိုသို့ဆိုလျှင် မြန်မာ့ကျေးလက်ဒေသသည် ဆင်းရဲနွမ်းပါးမှုများ လျော့နည်းပပျောက်ပြီး မကြာမီ အချိန်အတွင်း ဖွံ့ဖြိုးတိုးတက်လာမည် အမှန်ပင်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

# ကိုလိုနီခေတ်ဦး ကျောက်မီးသွေးတူးဖော်ရေးနှင့် ရထားပို့ဆောင်ရေး

သိပ္ပံစာရေးဆရာကိုကိုအောင်

**ဗြိတိသျှတို့ စိုးမိုးမှုအောက်တွင် မီးရထား၊ မီးသင်္ဘောနှင့် စက်မှုလုပ်ငန်းများအတွက် ကျောက်မီးသွေးရှာဖွေတူးဖော်ရေးက တဖြည်းဖြည်းနှင့် အရေးပါလာသည်။ ထိုစဉ်က စက်မှုလုပ်ငန်းကြီးငယ်များမှာ ရေနွေးငွေ့သုံးစက်များကို သုံးကြရသဖြင့် လိုအပ်သော ကျောက်မီးသွေးကို အိန္ဒိယမှ တင်သွင်းဝယ်ယူခဲ့ရသည်။ ပြည်တွင်း၌ တူးဖော်ရရှိလျှင် ပိုမိုသက်သာလွယ်ကူမည်ဖြစ်သည့်အတွက် Burma Coal Company က ၁၈၈၅ ခုနှစ် မတိုင်မီကပင် အောက်မြန်မာနိုင်ငံ၌ ကျောက်မီးသွေးများကို ရှာဖွေတူးဖော်ခဲ့သည်။ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်သောအခါ ဘားမားကိုးလ်ကုမ္ပဏီက အထက်မြန်မာနိုင်ငံရှိ ကျောက်မီးသွေးတွင်းများကိုပါ တစ်ဦးတည်း ချုပ်ကိုင်လုပ်ဆောင်ခဲ့သည်။**

### မြန်မာနိုင်ငံမှ ကျောက်မီးသွေးတွင်းများ

ကျောက်မီးသွေးကို သရက်မြို့ စီရင်စု၊ ချင်းတွင်းမြစ်ညာ မြစ်သာနှင့်ယူးမြစ်အကြား၊ ရွှေဘိုစီရင်စု၊ ရှမ်းပြည်မြောက်ပိုင်း လားရှိုးတစ်ဝိုက်တို့တွင် တွေ့ရှိရသည်။ ဘားမားကိုးလ်ကုမ္ပဏီသည် သရက်မြို့ စီရင်စုအတွင်းရှိ ကျောက်မီးသွေးတွင်းများကို တူးဖော်လုပ်ကိုင်ခဲ့သော်လည်း အောင်မြင်ဖြစ်ထွန်းမှုနည်းသဖြင့် ၁၈၈၉-၉၀ ပြည့်နှစ်ခန့်တွင် လုပ်ငန်းရပ်ဆိုင်းခဲ့သည်။ လားရှိုး ကျောက်မီးသွေးတွင်းများကိုလည်း ၁၈၈၉ ခုနှစ်ခန့်ကပင် တွေ့ရှိ၍ တူးဖော်စမ်းသပ်မှုများကို ပြုလုပ်ကြရာတွင် သက်နုကျောက်မီးသွေးများဖြစ်ပြီး အရည်အသွေးညံ့သဖြင့်လည်းကောင်း၊ ရထားလမ်းမပေါက်သေး၍ ခရီးလမ်းပန်းခက်ခဲသဖြင့်လည်းကောင်း အရင်းရှင်များက လုပ်ငန်းမစလိုကြပေ။ ချင်းတွင်းမြစ်ညာနှင့် ယူးမြစ်အကြားရှိ ကျောက်မီးသွေးတွင်းကိုမူ ဆင်ဒီကိတ်တစ်ခုက လိုင်စင်ခံယူ၍ ၁၈၈၉-၉၀ ပြည့်နှစ်ခန့်ကပင် စတင်တူးဖော်လုပ်ကိုင်ခဲ့သည်။

ရွှေဘိုစီရင်စုရှိ သင်းကတောကျောက်မီးသွေးတွင်းမှာ အထွက်ကောင်းသည့်အပြင် အရည်အသွေး လည်းကောင်းသဖြင့် အထင်ရှားဆုံးဖြစ်သည်။ သင်းကတော ကျောက်မီးသွေးတွင်းကို Mr. Herrmann ဦးဆောင်သော ဆင်ဒီကိတ်က လိုင်စင်ယူ၍ တူးဖော်ခဲ့ပြီး ၁၈၉၂ ခုနှစ်ခန့်တွင် Burma Coal Company သို့ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးခဲ့သည်။ သင်းကတောတွင်းမှထွက်သော ကျောက်မီးသွေးကို မြန်မာပြည်မီးရထားကုမ္ပဏီက ပင်တိုင်ဝယ်ယူ အသုံးပြုခဲ့သလို အစိုးရမီးသင်္ဘောများကလည်း အသုံးပြုခဲ့ကြသဖြင့် လုပ်ငန်းမှာ တွင်ကျယ်အောင်မြင်လာခဲ့သည်။ ကဘွက်ကျောက်မီးသွေးတွင်းကိုလည်း ဘားမားကိုးလ်ကုမ္ပဏီကပင် ချုပ်ကိုင်ထားသည့်အပြင် ရွှေဘိုစီရင်စု လက်ခုပ်ပင် ကျောက်မီးသွေးတွင်းကိုပါ လက်ဝါးကြီးအုပ် တူးဖော်လုပ်ကိုင်ခဲ့သည်။ လက်ခုပ်ပင်တွင်းမှ ၁၈၉၉ ခုနှစ်တွင် ကျောက်မီးသွေး ၈၇၇၀ တန်၊ ၁၉၀၀ ပြည့်နှစ်တွင် ၈၄၃၀ တန်၊ ၁၉၀၁ ခုနှစ်တွင် ၁၂၄၆၉ တန်ထွက်ရှိခဲ့သည်။ အထွက်နှုန်းကောင်းသော်လည်း မီးရထားကုမ္ပဏီ၏ လိုအပ်ချက်အရသာ တူးဖော်ထုတ်လုပ်ရသဖြင့် လုပ်ငန်းမှာ တုံ့ဆိုင်းမှုရှိခဲ့သည်။

နိုင်ငံခြားသားအရင်းရှင်များသည် ကုမ္ပဏီများကို အမည်အမျိုးမျိုးဖြင့်ထူထောင်ကြပြီး ရေနံ၊ ကျောက်သံပတ္တမြား၊ ရွှေ၊ ဓာတ်သတ္တု၊ ကျောက်မီးသွေး စသောတွင်းထွက်သယံဇာတနှင့် ရတနာများ တူးဖော်ရောင်းချခွင့်ကို ခွဲဝေချုပ်ကိုင်ကာ အမြတ်ထုတ်ခဲ့ကြသည်။ ခေတ်မီစက်များ၊ ကိရိယာများ၊ ကျွမ်းကျင်ပညာရှင်များကို အသုံးချပြီး တွင်းထွက်သယံဇာတများ တူးဖော်ရေးနယ်ပယ်တွင် စက်မှုခေတ်ကို စတင်ပေါ်ထွန်းစေခဲ့ကာ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ရေနံနှင့် ဓာတ်သတ္တုများကို နေရာရစေခဲ့သည်။

ဘော်တွင်းမိုင်းသည် ကမ္ဘာပေါ်တွင် ငွေအများဆုံးထွက်သောတွင်း ဖြစ်ခဲ့သလို ၁၉၁၂ ခုနှစ်က မြန်မာနိုင်ငံသည် အဖြိုက်နက်အများဆုံးထွက်သော နိုင်ငံလည်းဖြစ်ခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးမှထွက်သော အဖြိုက်နက်တန်ချိန် ၈၀၈၀ တွင် မြန်မာနိုင်ငံမှတန်ချိန် ၂၃၀၀ ပါဝင်ခဲ့သည်။ ခဲမဖြူထုတ်လုပ်မှုတွင်လည်း ကမ္ဘာပေါ်ရှိ ခဲမဖြူအများဆုံးထွက်ရှိသော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံက နံပါတ် ၅ နေရာ၌ ရှိနေခဲ့သည်။

၁၉၀၀ ပြည့်နှစ်မတိုင်မီက နိုင်ငံခြားသားကုမ္ပဏီများသည် မြန်မာနိုင်ငံ၌ ဓာတ်သတ္တုတူးဖော်ရေးကို လုပ်ကိုင်ရန် စိတ်ဝင်စားမှုနည်းနေခဲ့ကြသေးသည်။ ပထမကမ္ဘာစစ်၏အရှိန်ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဓာတ်သတ္တုများ အရောင်းအဝယ်သွက်လာသောအခါ အရင်းရှင်ကုမ္ပဏီများက အပြိုင်အဆိုင် တူးဖော်ထုတ်ယူလာကြကာ လုပ်ငန်းကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ကြတော့သည်။ ရေနံမှအပဖြစ်သော မြန်မာ့ဓာတ်သတ္တုအမျိုးမျိုးကို ပြည်ပသို့တင်ပို့ရောင်းချမှုသည် ၁၉၁၀ ပြည့်နှစ်တွင် စတင်ခဲ့ကာ ထိုနှစ်က ခဲအများဆုံးတင်ပို့နိုင်ခဲ့သည်။ တစ်ဖန် ၁၉၁၅ ခုနှစ်နှင့် ၁၉၁၆ ခုနှစ်တွင် အဖြိုက်နက် အများဆုံးတင်ပို့ရောင်းချရပြီး ၁၉၂၀ ပြည့်နှစ်တွင် ခဲမဖြူ ကြေးနီနှင့်သွပ်အများအပြားကို တင်ပို့ရောင်းချနိုင်ခဲ့သည်။ ပြည်ပသို့တင်ပို့ရောင်းချရသော ဓာတ်သတ္တုများ၏တန်ဖိုးသည် ၁၉၀၀ ပြည့်နှစ်နှင့် ၁၉၁၀ ပြည့်နှစ်အကြားတွင် ဆယ်ဆတိုးတက်ပြီး ၁၉၁၁ ခုနှစ်မှ ၁၉၁၆ ခုနှစ်များအတွင်းကလည်း ဆယ်ဆတိုးတက်ခဲ့သည်။ ထိုကဲ့သို့ အကျိုးအမြတ်တိုးတက်ရရှိမှုများမှာ နိုင်ငံခြားသား အရင်းရှင်ကုမ္ပဏီများ၏ အကျိုးစီးပွားသာဖြစ်ပြီး တိုင်းပြည်အတွက်လည်းကောင်း၊ တိုင်းရင်းသားများအတွက်လည်းကောင်း အကျိုးခံစားရမှု လုံးဝမရှိခဲ့ပေ။

မြန်မာနိုင်ငံအတွင်းရှိ သတ္တုတွင်းများကို The Indian Mines Act အရ စာရင်းတင်ပြီး ဥပဒေနှင့်ညီမညီကို အစိုးရက စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ သတ္တုတွင်းများကို စစ်ဆေးရေးလုပ်ငန်းမှာ Chief Inspector of Mines in India ၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင်ရှိခဲ့သည်။ သို့ရာတွင် ကရင်နီနယ်ရှိ မော်ချီးသတ္တုတွင်းမှာ ဗြိတိသျှအိန္ဒိယ၏ ကြီးကြပ်မှုအောက်တွင် မပါသောကြောင့် Indian Mines Act ၏ အာဏာသက်ရောက်မှု မရှိခဲ့ပေ။ အိန္ဒိယသတ္တုတွင်းများ အက်ဥပဒေ၏ အာဏာသက်ရောက်သော မြန်မာ့သတ္တုတွင်းများမှာ ၁၉၃၃ ခုနှစ်က ၂၃၄ တွင်းရှိခဲ့ပြီး ၁၉၃၄-၃၅ ခုနှစ်က ၃၀၉ တွင်းရှိခဲ့သည်။ ထို ၃၀၉ တွင်းအနက် ၂၈၆ တွင်းမှာ ထားဝယ်နှင့် မြိတ်စီရင်စုတို့တွင်ရှိသော ခဲမဖြူနှင့် အဖြိုက်နက်တွင်းများ ဖြစ်ကြသည်။

### ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှု

ကျန်သတ္တုတွင်းများမှာ ခဲနှင့်ငွေအများအပြား ထွက်ရှိမှုကြောင့် ထင်ရှားလှသည့် ဘော်တွင်းမိုင်း၊ ရှမ်းပြည်မြောက်ပိုင်းရှိ သံတွင်းသုံးတွင်း၊ ကျိုက္ခမီစီရင်စုရှိ ခဲမဖြူတွင်း ငါးတွင်း၊ သထုံစီရင်စုရှိ ခဲမဖြူတွင်း နှစ်တွင်း၊ ကသာစီရင်စုရှိ ပတ္တမြားတွင်း တစ်တွင်း၊ ရှမ်းပြည်မြောက်ပိုင်း နောင်သခေါ်သံတွင်းမှ ထွက်ရှိသော သတ္တုရိုင်းများကို ပြုပြင်သန့်စင်ရန်အတွက် မန္တလေးစီရင်စုတွင် တည်ထောင်ထားသော သတ္တုလုပ်ငန်းတစ်ခုနှင့် ကျောက်တွင်း ၁၉ တွင်းတို့ ဖြစ်ကြသည်။

ဗြိတိသျှအစိုးရလက်ထက်တွင် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများနှင့် ကူးသန်းရောင်းဝယ်ရေး တိုးတက်မှုအတွက် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍဘက်မှ များစွာအထောက်အကူပေးခဲ့သည်။ ရွက်သင်္ဘောများနေရာတွင် မီးသင်္ဘောများ အစားထိုးဝင်ရောက်လာခြင်းက ပြည်ပနှင့် ကူးသန်းရောင်းဝယ်ရေးကို တိုးတက်စေခဲ့သည်။

ကမ်းရိုးတန်းတစ်လျှောက် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍအနေဖြင့် စက်မှုခေတ်စတင်မှုနှင့် တိုးတက်မှုက နိုင်ငံခြားသို့ ဆက်သွယ်ပို့ဆောင်ရေးကဏ္ဍထက် ပို၍စောခဲ့သည်။ ၁၈၈၀ ပြည့်နှစ်ခန့်တွင် ရွက်သင်္ဘောများက ကမ်းရိုးတန်းတစ်လျှောက် သယ်ယူပို့ဆောင်ပေးခဲ့သော ကုန်စည်၏ ၉ ရာခိုင်နှုန်းမှာ မြန်မာ့ကုန်ပစ္စည်းများဖြစ်ခဲ့သည်။ British Steam Navigation Co. သည် ၁၈၆၁ ခုနှစ်ကပင် ကာလကတ္တား (ကိုလ်ကတ္တား)-စစ်တွေ-ရန်ကုန်-မော်လမြိုင်တို့အကြားတွင် နှစ်ပတ်တစ်ကြိမ်ကျ ပုံမှန်ခုတ်မောင်းလျက် ရှိနေခဲ့ပြီဖြစ်သည်။

### သယ်ယူစရိတ်သက်သာလာသော မီးသင်္ဘောခရီးစဉ်

မီးသင်္ဘောများ ပေါ်ထွန်းလာသဖြင့် ကုန်စည်ပို့ဆောင်စရိတ်က သက်သာလာခဲ့ရာ ၁၈၈၀ ပြည့်နှစ်နှင့် ၁၈၉၂ ခုနှစ်အကြားတွင် မူလစရိတ်၏ထက်ဝက်ခန့်သာ ရှိတော့သည်။ ၁၉၀၀ ပြည့်နှစ် ကျော်လွန်လာသောအခါ နောက်ထပ် ၅၀ ရာခိုင်နှုန်း လျော့ကျသွားခဲ့သဖြင့် ပြည်ပနှင့်ကူးသန်းရောင်းဝယ်ရေးကို ပိုမိုအားပေးရာ ရောက်ခဲ့သည်။ ဆက်စပ်အကျိုးဆက်များအဖြစ် ဆန်စက်နှင့် သစ်စက်များ တည်ထောင်ရေး၊ ရေနံနှင့် ဓာတ်သတ္တုတူးဖော်ရေးတို့တွင် ခေတ်မီစက်နှင့် စက်ကိရိယာများ အသုံးပြုခြင်းက တိုးတက်များပြားလာခဲ့သည်။ ၁၈၈၀ ပြည့်နှစ်နှင့် ၁၉၃၀ ပြည့်နှစ်တို့အကြားတွင် ပြည်ပသွင်းကုန်ထုတ်ကုန်ပမာဏက သုံးဆတိုးတက်ခဲ့ပြီး ကမ်းရိုးတန်းတစ်လျှောက် ကူးသန်းရောင်းဝယ်ရေးက ခြောက်ဆအထိတိုးတက်ခဲ့သည်။ ထိုအချက်က အိန္ဒိယနှင့် ဆက်သွယ်ရောင်းဝယ်မှုပမာဏ တိုးတက်မြင့်မားလာကြောင်း ခန့်မှန်းသိသာစေခဲ့သည်။ ရန်ကုန် ဆိပ်ကမ်းမှ ပို့ဆောင်သော ကုန်စည်မှာ ၁၈၅၅ ခုနှစ်က တန်ချိန် ၆၆၀၀၀ ရှိခဲ့ပြီး ၁၉၃၀ ပြည့်နှစ်အရောက်တွင်မူ တန်ချိန် ၃၁၄၀၀၀ အထိ တိုးတက်ခဲ့သည်။

ထိုကဲ့သို့ ပြည်ပကူးသန်းရောင်းဝယ်ရေးက တိုးတက်လာသည့်တိုင် ဗြိတိသျှအစိုးရသည် ရန်ကုန်ဆိပ်ကမ်းကိုသော်လည်းကောင်း၊ ကျန်ဆိပ်ကမ်းများကိုသော်လည်းကောင်း ခေတ်မီအောင် ပြုပြင်ပေးခြင်းမရှိပေ။ ၁၈၉၆ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အရင်းရှင်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဗြိတိသျှအစိုးရထံ တင်ပြတောင်းဆိုခဲ့ကြသောကြောင့် ရန်ကုန်ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ ခေတ်မီစက်ကိရိယာများ တပ်ဆင်ခြင်း၊ ကုန်လှောင်ရုံများ ဆောက်လုပ်ခြင်းစသည့် ပြုပြင်မှုအနည်းငယ်မျှကိုသာ လုပ်ဆောင်ပေးခဲ့သည်။ မော်လမြိုင်၊ စစ်တွေနှင့် ပုသိမ်ဆိပ်ကမ်းများကမူ ဒုတိယကမ္ဘာစစ်ကာလ ဆိုက်ရောက်ချိန်အထိ ရှေးကအတိုင်းပင်ရှိနေခဲ့သည်။

ပြည်တွင်းသယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းပို့ဆောင်ရေးက ပထမဆုံး တိုးတက်လာခဲ့သည်။ သမားရိုးကျ လှေကြီးလှေငယ်များနေရာတွင် စက်ကိုအသုံးပြုသော သင်္ဘောများ အစားထိုးဝင်ရောက်လာခြင်းဖြင့် ရေကြောင်းသွားလာရေးတွင် စက်မှုခေတ်က စတင်လာသည်ဟု ဆိုရမည်ဖြစ်သည်။ မြစ်ငယ်ချောင်းငယ်ပေါများသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဆန်စပါးလုပ်ငန်းက တိုးတက်လာသဖြင့် မြစ်ငယ်ချောင်းငယ်များ၏ ကမ်းနဖူးတွင် ဆန်စက်များကို တည်ထောင်ခဲ့ကြသည်။ ဧရာဝတီမြစ်သည် အထက်အောက် မြန်မာနိုင်ငံကို ဆက်သွယ်ရာ တစ်ခုတည်းသော ရေလမ်းဖြစ်သည့်အတွက် ရေကြောင်းသယ်ယူပို့ဆောင်ရေးက တိုးတက်ခေတ်မီရန် လိုအပ်လာသည်။

ပြည်တွင်းရေကြောင်းသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးကို ဧရာဝတီဖလိုတီလာကုမ္ပဏီက မူပိုင်ချုပ်ကိုင်လုပ်ဆောင်ခဲ့သည်။ ၁၈၆၂ ခုနှစ်တွင် အစိုးရ၏ စာပို့သင်္ဘောအဖြစ် ကန်ထရိုက်ယူကာလုပ်ဆောင်ခဲ့ရာမှ ၁၉၃၀ ပြည့်လွန်နှစ်များတွင် မီးသင်္ဘော ၂၆၀ ကျော်နှင့် တွဲသမ္ဗန်ကြီး ၃၈၀ ကျော်ကိုပိုင်ဆိုင်ပြီး တစ်နှစ်လျှင် ကုန်စည်တန်ချိန် ၁၅၀၀၀၀၀ သယ်ယူပို့ဆောင်သော ကုမ္ပဏီကြီးဖြစ်လာတော့သည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ဗန်းမော်အထက်ပိုင်းအထိ လည်းကောင်း၊ ချင်းတွင်းမြစ်ကြောင်းတွင် ရေများချိန်၌ ဟုမ္မလင်းအထိလည်းကောင်း၊ ရေနည်းချိန်တွင် ပန်းသာအထိလည်းကောင်း၊ သံလွင်မြစ်တွင် ရွှေဂူနှင်းအထိ လည်းကောင်း၊ အတ္တရံမြစ်ကြောင်းတွင် ကြာအင်းဆိပ်ကြီးအထိလည်းကောင်း ရေကြောင်းလမ်း ၈၄ ကြောင်း ဖွင့်ကာ ထိုရေကြောင်းလမ်းများတွင် ဆိပ်ကမ်း ၄၁၀ အထိ ဖွင့်လှစ်ခဲ့သည်။

### မီးရထားများ ပေါ်လာခြင်း

မြန်မာနိုင်ငံ၏ သမားရိုးကျကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှာ ခြေကျင်ပခုံးထမ်း၊ တွန်းလှည်း၊ ဝန်တင်နွားလှည်း၊ ဝန်တင်လားများသာ ဖြစ်ခဲ့သည်။ ဗြိတိသျှတို့၏ စိုးမိုးမှုအောက်တွင် အရင်းရှင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာသည်နှင့်လိုက်လျောညီစွာ မီးရထားများပေါ်လာခြင်းသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အပိုင်းအတွက် စက်မှုခေတ်၏အစဟု ဆိုနိုင်သည်။

ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးသည် အဓိကအားဖြင့် မီးရထားများအပေါ်တွင် မူတည်နေခဲ့သည်။ အရင်းရှင်စီးပွားရေးလုပ်ငန်းများ တိုးတက်လာသဖြင့်လည်းကောင်း၊ နယ်မြေဒေသ လုံခြုံရေးအတွက်လည်းကောင်း၊ သွားလာရေး လွယ်ကူစေရန်အတွက်လည်းကောင်း ဗြိတိသျှအစိုးရက ရန်ကုန်-ပြည် မီးရထားလမ်းကို ၁၈၇၁ ခုနှစ်တွင် စတင်ဖောက်လုပ်ကာ ၁၈၇၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ရန်ကုန်-တောင်ငူမီးရထားလမ်းကို ၁၈၈၅ ခုနှစ်တွင် ထပ်မံဖွင့်လှစ်ခဲ့သည်။ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ၁၈၈၉ ခုနှစ်တွင် ရန်ကုန်-တောင်ငူ မီးရထားလမ်းကို မန္တလေးအထိလည်းကောင်း၊ ၁၈၉၈ ခုနှစ်တွင် မြစ်ကြီးနားအထိလည်းကောင်း တိုးချဲ့လုပ်ခဲ့သည်။ ၁၉၀၂ ခုနှစ်တွင် မန္တလေး-လားရှိုးရထားလမ်းပိုင်းကို ဖောက်လုပ်ဖွင့်လှစ်ခဲ့သည်။ ထိုနှစ်တွင်ပင် ရန်ကုန်မှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ပုသိမ်သို့ မီးရထားလမ်းဖောက်ခဲ့သည်။ ထို့နောက် ၁၉၀၇ ခုနှစ်တွင် မော်လမြိုင်သို့ ရထားလမ်းပေါက်ခဲ့သဖြင့် ပြည်တွင်း၌အရေးပါသော ပင်မ ရထားလမ်းပိုင်းကြီးများကို မိုင် ၁၅၀၀ ခန့်အထိ ဖောက်လုပ်ပြီးစီးခဲ့သည်။ နောက်ပိုင်းတွင် စီးပွားရေးအကွက်အကွင်းကောင်းသော မြို့နယ်ဒေသများဆီသို့ပါ လမ်းခွဲများ ဆက်လက်ဖောက်လုပ်ခြင်းဖြင့် ၁၉၄၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ မီးရထားလမ်း ကွန်ရက်မှာ မိုင်ပေါင်း ၂၀၀၀ ခန့် ဖြစ်လာခဲ့သည်။

မီးရထားလုပ်ငန်းကို ဗြိတိသျှအစိုးရက စတင်လုပ်ဆောင်ခဲ့သော်လည်း စတီးနှင့် ဂျိမ်းဖင်လေအင်ကုမ္ပဏီတို့၏ အကြံပြုတောင်းဆိုချက်အရ ၁၈၉၆ ခုနှစ် အောက်တိုဘာလမှစ၍ မြန်မာပြည်မီးရထားကုမ္ပဏီလီမိတက်သို့ ၃၅ နှစ်စာချုပ်ဖြင့် အငှားချထားကာ လွှဲပြောင်းပေးခဲ့သည်။ မြန်မာပြည်မီးရထားကုမ္ပဏီသည် ဗြိတိသျှအိန္ဒိယအစိုးရ မီးရထားဘုတ်အဖွဲ့ (Government of India, Railway Board) ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိခဲ့သည်။ ထို့ကြောင့်ပင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး၏ အဓိကဖြစ်သော မီးရထားလုပ်ငန်းသည်လည်း အရင်းရှင် ကုမ္ပဏီ၏ လက်ထဲတွင် ရှိခဲ့သောကြောင့် ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းမှာ အရင်းရှင်စီးပွားရေး လုပ်ငန်းကြီးငယ်များရှိရာ ဒေသများဆီသို့သာ ဦးတည်ခဲ့သည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံ၏ မီးရထားများကို ၃၉ ဒသမ ၃၇ လက်မအကျယ်ရှိသော သံလမ်းပေါ်တွင် ခုတ်မောင်းသွားလာနိုင်ရန် စီမံပြုလုပ်ထားခဲ့သည်။ ရန်ကုန်-ပြည် မီးရထားလမ်းပိုင်း၊ ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်း၊ ပဲခူး-မုတ္တမ မီးရထားလမ်းပိုင်းတို့ရှိ ဘူတာရုံတိုင်း၌ မီးရထားအဝင်အထွက်ကို ထိန်းချုပ်နိုင်ရန် အချက်ပြစက်များကို တပ်ဆင်ထားခဲ့သည်။ မီးရထားစက်ခေါင်းများကိုလည်း နိုင်ငံခြားမှ မှာယူတင်သွင်းခဲ့ရာ ၁၉၃၀ ပြည့်ဝန်းကျင်က မြန်မာနိုင်ငံတွင်အသုံးပြုခဲ့သော စက်ခေါင်းများသည် ခေတ်မီစက်ခေါင်းများ ဖြစ်ကြသည့်အပြင် အာရှတိုက်တွင် အကောင်းဆုံးစက်ခေါင်းများလည်း ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ ထိုခေတ်မီ စက်ခေါင်းရှစ်ခေါင်းကို ရှမ်းပြည်တောင်ပိုင်းလမ်းခွဲများ၌ အသုံးပြုခဲ့သည်။

မြန်မာပြည်မီးရထားကုမ္ပဏီက မီးရထားစက်ခေါင်း အလုပ်ရုံတစ်ခုကို အင်းစိန်တွင် တည်ဆောက်ထားခဲ့သည်။ စက်ခေါင်းများပြင်ဆင်ရေးနှင့် အခြားလိုအပ်သော ပြုပြင်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ခဲ့သလို မီးရထားစက်ပိုင်းဆိုင်ရာလုပ်ငန်းများကိုလည်း သင်တန်းဖွင့်လှစ်၍ သင်ကြားပေးခဲ့သည်။ သို့ရာတွင် ထိုသင်တန်းများသို့ ဥရောပ-အာရှကပြားများ၊ အင်္ဂလိုအင်ဒီယန်းများကသာ တက်ရောက်သင်ကြားခွင့် ရရှိခဲ့ကြသည်။ ကိုလိုနီခေတ်အတွင်းက အင်းစိန်စက်ခေါင်းရုံအပြင် မလှကုန်း၊ ပြည်၊ လက်ပံတန်း၊ ပျဉ်းမနား၊ ရမည်းသင်း၊ ရွာထောင်နှင့် ကောလင်းတို့တွင်လည်း မီးရထားစက်ခေါင်းရုံများ တည်ဆောက်ခဲ့သည်။ ရထားလူစီးတွဲနှင့် ကုန်တွဲများ ပြုပြင်ရန်အတွက် မြစ်ငယ်တွင် တွဲပြင်စက်ရုံ တစ်ခုကိုလည်း တည်ဆောက်ခဲ့သည်။ ။

> **“နိုင်ငံခြားသားအရင်းရှင်များသည် ကုမ္ပဏီများကို အမည်အမျိုးမျိုးဖြင့်ထူထောင်ကြပြီး ရေနံ၊ ကျောက်သံပတ္တမြား၊ ရွှေ၊ ဓာတ်သတ္တု၊ ကျောက်မီးသွေး စသောတွင်းထွက် သယံဇာတနှင့် ရတနာများ တူးဖော်ရောင်းချခွင့်ကို ခွဲဝေချုပ်ကိုင်ကာ အမြတ်ထုတ်ခဲ့ကြသည်။ ခေတ်မီစက်များ၊ ကိရိယာများ၊ ကျွမ်းကျင်ပညာရှင်များကို အသုံးချပြီး တွင်းထွက်သယံဇာတများ တူးဖော်ရေးနယ်ပယ်တွင် စက်မှုခေတ်ကို စတင်ပေါ်ထွန်းစေခဲ့ကာ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ရေနံနှင့် ဓာတ်သတ္တုများကို နေရာရစေခဲ့”**

## မြို့နယ်အသီးသီး၌ ကြိုတင်မဲပေးခွင့်ရှိသူများ စတင်မဲပေး

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲနေ့တွင် အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများ၊ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ၊ ဆေးရုံတက်ရောက်နေသူများ၊ အချုပ်ခံနေရသူများ၊ နိုင်ငံ့တာဝန်ဖြင့် မဲဆန္ဒနယ်ကျော်လွန်၍ ခရီးသွားမည့် နိုင်ငံ့ဝန်ထမ်းများ၊ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်မည့်သူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှစ၍ ကြိုတင်မဲများပေးနိုင်ပြီဖြစ်ရာ မြို့နယ်အသီးသီးမှ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ၌ ကြိုတင်မဲများ ပေးနေကြပြီဖြစ်သည်။ ထို့အတူ မဲရုံသို့မလာနိုင်သော သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများအနေဖြင့် နေအိမ်မှပင် ကြိုတင်မဲများပေးနိုင်ရန်လည်း ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

### မိုးနဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ မဲရုံများတွင် အောက်တိုဘာ ၂၉ ရက်မှစ၍ မြို့နေ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များ လာရောက်မဲပေးလျက်ရှိသည်။ မိုးနဲမြို့နယ်၌ ကျိုင်းတောင်းမြို့ အပါအဝင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၆ စုတွင် မဲဆန္ဒရှင် ၂၈၈၆၆ ဦးရှိကာ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများသည် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(ပြန်/ဆက်)**

### မိုးမိတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများ၌ အောက်တိုဘာ ၂၉ ရက်မှစတင်၍ ပြည်သူများက ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိသည်။ ကြိုတင်ဆန္ဒမဲများကို အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ၊ မိမိနေရပ်သို့ ပြန်လည်၍ ဆန္ဒမဲမပေးနိုင်သူများ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒနယ်မှကျော်လွန်၍ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာရန်ရှိသော နိုင်ငံ့ဝန်ထမ်းများ စသည့် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးကြခြင်းဖြစ်ကာ ကိုဗစ်ကာလဖြစ်သဖြင့် လာရောက်၍ ကြိုတင်မဲပေးသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲပေးနိုင်အောင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မိုးမိတ်သား(စည်သူဌေး)**

### လေးမျက်နှာ

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အောက်တိုဘာ ၂၉ ရက်မှစ၍ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လာရောက်မဲပေးနေကြပြီး လေးမျက်နှာမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၄၈ ခု၌ မဲဆန္ဒရှင်ဦးရေ ၈၃၂၇၇ ဦးရှိကာ မဲရုံပေါင်း ၁၈၈ ရုံ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

### မယ်စဲ့

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်၌လည်း အောက်တိုဘာ ၂၉ ရက်မှစ၍ ကြိုတင်မဲများ ပေးနေကြပြီဖြစ်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသည့် ဦးရဲလွင်၊ ဦးဇော်ဝင်းနှင့် ဦးစသိန်းကျော်တို့က မဲရုံများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ မယ်စဲ့မြို့နယ်၌ အသက် ၆၀ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ၄၀၇ ဦးရှိပြီး ကြိုတင်ဆန္ဒမဲပေးခြင်းကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သတ်မှတ်ထားကာ မဲရုံသို့ မလာရောက်နိုင်သည့် သက်ကြီးရွယ်အိုများအတွက် အိမ်တိုင်ရာရောက် ဆန္ဒမဲများ လိုက်လံကောက်ယူပေးလျက်ရှိကြောင်းနှင့် မဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ပေးနိုင်အောင်လည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

### ဒဂုံဆိပ်ကမ်း

ရန်ကုန်(အရှေ့ပိုင်းခရိုင်) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၄)ရပ်ကွက်ရှိ ယုဇနဥယျာဉ်မြို့တော်၌ အသက် ၆၀ နှစ်အထက်နှင့် မသန်စွမ်း မဲဆန္ဒရှင်များ၊ ကျန်းမာရေးမကောင်းသူ မဲဆန္ဒရှင်များအတွက် ကြိုတင်မဲများကို အောက်တိုဘာ ၂၉ ရက်မှစတင်၍ အိမ်အရောက် လိုက်လံကောက်ယူပေးလျက်ရှိကြောင်းနှင့် (၉၄)ရပ်ကွက်အတွင်း၌ အသက် ၆၀ နှစ်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၀၀၀ ကျော်ရှိကြောင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဌေးအောင်ထံမှ သိရသည်။

**ကျင်မောင်**

## ရွှေဘိုပြည်သူ့ဆေးရုံကြီး၌ သုံးမြွှာပူး အောင်မြင်စွာမွေးဖွား

**ရွှေဘို အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ သုံးမြွှာပူး မိန်းကလေးများကို အောက်တိုဘာ ၂၈ ရက်က အောင်မြင်စွာ ခွဲစိတ်မွေးဖွားနိုင်ခဲ့ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျာအောင်ထံမှ သိရသည်။

ရွှေဘိုမြို့နယ် သောင်ထွဋ်ကိုင်းရွာနေ ဦးရာဇာအောင်၏ဇနီး ဒေါ်ဖြူအေး (၃၆ နှစ်)သည် မီးဖွားရန်အတွက် ရွှေဘိုပြည်သူ့ဆေးရုံကြီး သားဖွားဆောင်သို့ အောက်တိုဘာ ၂၈ ရက်တွင် တက်ရောက်ခဲ့ပြီး ထိုနေ့ မွန်းလွဲ ၂ နာရီ ၅၂ မိနစ်တွင် ကိုယ်အလေးချိန် ၂ ဒသမ ၆ ကီလိုဂရမ်၊ ၂ ကီလိုဂရမ်နှင့် ၂ ဒသမ ၃၇ ကီလိုဂရမ်ရှိ အမြွှာကလေးများကို ခွဲစိတ်မွေးဖွားခဲ့ခြင်းဖြစ်သည်။ မိခင်သည် ယခုမီးဖွားခြင်းမှာ တတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်က မိန်းကလေးတစ်ဦး၊ ဒုတိယအကြိမ်က နှစ်မြွှာပူး မိန်းကလေးများ မွေးဖွားခဲ့ကြောင်းနှင့် သားဖွားမီးယပ်အထူးကုဆရာဝန် ဒေါက်တာမြတ်သဉ္ဇာနွယ်၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာလှလှနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက သုံးမြွှာပူးကလေးများကို ကျန်းမာစွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့၍ မိခင်ရော ကလေးသုံးယောက်ပါ ကျန်းမာလျက်ရှိကြောင်း ရွှေဘိုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျာအောင်က ပြောကြားသည်။

**မိုးသောက်(ရွှေဘို)**

## အိန္ဒိယမှလှူဒါန်းသည့် ရမ်ဒက်စဗီယာ ထိုးဆေး အလုံး ၄၀၀ မကွေးတိုင်းဒေသကြီးအတွက် ရောက်ရှိ

**မကွေး အောက်တိုဘာ ၃၀**

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံအတွက် လှူဒါန်းခဲ့သည့် ကိုဗစ်-၁၉ ကုသရေးဆိုင်ရာ ရမ်ဒက်စဗီယာ ထိုးဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွက် ထိုးဆေးအလုံး ၄၀၀ ကို အောက်တိုဘာ ၂၉ ရက် ညနေပိုင်းက ရရှိခဲ့ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီးအတွက်ရရှိသော Remdesivir ထိုးဆေးများ

"ဒီနေ့ညနေပိုင်းမှာ ရောက်လာတယ်။ တစ်တိုင်းလုံးအတွက် အလုံး ၄၀၀ ပါ။ ခုတင် ၂၀၀ နဲ့အထက် ဆေးရုံကြီးတွေကို အဓိက ဖြန့်ဝေသွားမှာပါ။ ကုသရေးအပိုင်းကတော့ သက်ဆိုင်ရာ သမားတော်ကြီးတွေရဲ့ ဆုံးဖြတ်ချက်အတိုင်းပဲ ဆေးထိုးဖို့လိုအပ်တဲ့လူနာတွေကို ထိုးပေးမှာပါ"ဟု မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းက ပြောသည်။

မကွေးတိုင်းဒေသကြီး၌ မကွေးတိုင်း ပြည်သူ့ဆေးရုံကြီး၊ မကွေးသင်ကြားရေးဆေးရုံ၊ မင်းဘူးခရိုင် ပြည်သူ့ဆေးရုံနှင့် ပခုက္ကူခရိုင် ပြည်သူ့ဆေးရုံကြီးတို့မှာ ခုတင် ၂၀၀ နှင့်အထက် ဆေးရုံကြီးများဖြစ်ကာ မကွေးတိုင်း ပြည်သူ့ဆေးရုံကြီးမှာ ခုတင် ၅၀၀ ဆံ့အဖြစ် ဖွဲ့စည်းပုံတိုးချဲ့ခွင့် ရရှိထားပြီး ရမ်ဒက်စဗီယာ ဆေးဖြန့်ခွဲမှုအရေအတွက်ကို တိုင်ပင်ဆွေးနွေး၍ လုပ်ဆောင်သွားမည်ဟု သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း အောက်တိုဘာ ၂၉ ရက်အထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၆၃၂ ဦးရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များကို လိုက်နာကြရန် မေတ္တာရပ်ခံကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားထားသည်။

**ဇေယျာတု(မကွေး)**

## မြန်မာ့ရေ၊ မြေ သဘာဝနှင့် လိုက်လျောညီထွေသော စပ်မျိုးစပါး မျိုးသစ်များရရှိရေး သုတေသနပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပ်မျိုးစပါးသုတေသနဌာနစုရှိ သုတေသန ပညာရှင်များသည် မြန်မာ့ရေ မြေ၊ သဘာဝနှင့် လိုက်လျောညီထွေသော စပ်မျိုးစပါး မျိုးသစ် မိဘလိုင်းများရရှိရန် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန(IRRI)နှင့် Golden Sunland ကုမ္ပဏီတို့နှင့် ပူးပေါင်း၍ စပ်မျိုးစပါး သုတေသနကို ၂၀၁၆-၂၀၁၇ မိုးရာသီမှ စတင်ကာ မျိုးကူးစပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ အလားအလာကောင်းသော စပ်မျိုးအတွဲများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

စပ်မျိုးစပါး မျိုးစေ့ထုတ်ရာတွင် မိဘ(၃)မျိုးပါသောစနစ်၊ မိဘ(၂)မျိုးပါသောစနစ်နှင့် မိဘမျိုးတစ်မျိုး အသုံးပြုသောစနစ်ဟူ၍ သတ်မှတ်ထားရှိရာ စပ်မျိုးစပါးသုတေသန ပညာရှင်များသည် မိဘ(၃)မျိုး(A line၊ B Line၊ R Line) ပါရှိသောစနစ်တွင် အသုံးပြုလိုသော မိဘအတွဲများရရှိရန် သုတေသနပြုလုပ်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်မှရရှိသည့် ဒေသတွင်းဖြစ်ထွန်းမှုကောင်းသော အထွက်ကောင်း မျိုး၊ IRRI မှ ရရှိလာသော အထွက်ကောင်းမျိုးများကို စပ်မျိုးစပါး သုတေသနဌာနစုရှိ အဖိုမြုံ အမလိုင်းများ (CMS line)ကို အသုံးပြု၍ မျိုးကူးစပ် သုတေသနပြုနေခြင်းဖြစ်ကြောင်း အဆိုပါသုတေသနပညာရှင်များထံမှ သိရသည်။

ယခုအခါ အလားအလာကောင်းသော စပ်မျိုးအတွဲများ ရရှိနေပြီဖြစ်၍ စမ်းသပ်မျိုးစေ့ထုတ်ခြင်း၊ ရရှိလာသော(F1)မျိုးစေ့ကို အခြားစပ်မျိုးများဖြင့် ယှဉ်ပြိုင်စိုက်ပျိုး အကဲဖြတ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ လာမည့် ၂၀၂၀ -၂၀၂၁ ခုနှစ် နွေစပါးရာသီတွင် စမ်းသပ်စိုက်ပျိုး မျိုးရွေးချယ်ခြင်းများ ဆောင်ရွက်ပြီးပါက (A line) နှင့် (B Line) မျိုးတွဲအသစ်များ ရရှိလာမည်ဖြစ်ကြောင်း စပ်မျိုးစပါး သုတေသနဌာနစုမှ သိရသည်။


ထို့အတူ တရုတ်နိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် မြန်မာ-တရုတ် စပ်မျိုးစပါး သုတေသနစင်တာ(Myanmar-China Hybrid Rice Research Center)ကို မန္တလေးတိုင်းဒေသကြီး လွန်ကျော် စိုက်ပျိုးရေးသုတေသနခြံတွင် တည်ထောင်ဆောင်ရွက်ရန်လည်း သဘောတူညီချက် ရရှိထားပြီးဖြစ်ရာ မြန်မာနိုင်ငံ ဒေသတွင်းဝမ်းစာဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်နိုင်မည့် စပ်မျိုးစပါး သုတေသနကိုလည်း ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## ကျိုင်းခမ်း၊ ဇော်ဂျီနှင့် မြို့ကြီး ရေလှောင်တမံတို့မှ ကင်းတားဆည်ရေသောက်စနစ်သို့ ရေကူဖြည့်တင်းပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၃၀**

ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့၏ သိုလှောင်ရေများဖြင့် ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ နောင်ခမ်းရေလွှဲဆည်၊ ငပြောင်ရေလွှဲဆည်၊ သင်းတွဲ ရေလွှဲဆည်၊ မင်းရဲရေလွှဲဆည်၊ ဇီးတောရေလွှဲဆည်နှင့် ဇော်ဂျီရေထိန်းဆည်တို့ဖြင့် ရေကိုထိန်းညှိရယူ၍ မိုးစပါး ဧက ၆၀၀၀၀ ကျော်ကို နှစ်စဉ် စိုက်ပျိုးရေ ပေးဝေလျက်ရှိသလို အကျိုးပြုဧရိယာ ၁၅၁၈၆၃ ဧကရှိသော ကင်းတားရေလှောင်တမံမှ သိုလှောင်ရေဖြင့် ကင်းတားလက်ဝဲမြောင်း၊ ကင်းတားလက်ယာမြောင်းနှင့် ပန်းလောင်ရေသောက်စနစ်တို့မှတစ်ဆင့် နှစ်စဉ်မိုးစပါးဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းထံမှ သိရသည်။


ကင်းတားဆည်သို့ ရေကူပေးနေသည့် ရေပေးမြောင်းမကြီးများ

စိုက်ပျိုးရေများ ပေးဝေလျက်ရှိသော ဇော်ဂျီရေသောက်စနစ်နှင့် ကင်းတားရေသောက်စနစ်တို့တွင် ယခုနှစ် မိုးရာသီကာလ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဇော်ဂျီရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့၏ ဝင်ရေမှာ ၁၀ နှစ်အတွင်း အနည်းဆုံးဖြစ်ခဲ့သလို ကင်းတားရေလှောင်တမံတွင်မူ ၁၀ နှစ်အတွင်း အနည်းဆုံးဝင်ရောက်ခဲ့သည့် ၂၀၁၅ ခုနှစ်က ဝင်ရေ၏ ထက်ဝက်ခန့်သာ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကင်းတားရေလှောင်တမံ၌ ယခု ၂၀၂၀ ပြည့်နှစ် ဝင်ရေပမာဏ လွန်စွာနည်းပါးခဲ့ခြင်းကြောင့် လက်ရှိ စိုက်ပျိုးပြီးဖြစ်သော မိုးစပါး ၁၀၈၉၄၂ ဧကကို နိုဝင်ဘာလကုန်အထိ အောင်ရေပေးဝေရန်၊ ယခုကာလအတွင်း မိုးရွာသွန်းမှုမရှိ၍ တမံအတွင်း ရေဝင်ရောက်မှုမရှိခဲ့ပါက တမံအတွင်းရှိ လက်ကျန်ရေ ဧက ပေ တစ်သိန်းခန့်ဖြင့် လုံလောက်စွာပေးဝေရန် အခက်အခဲရှိလာမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဂျီနှင့် ကင်းတားရေသောက်စနစ်ထဲရှိ ယခုနှစ် မိုးစပါးစိုက်ပြီးဧကများသို့ အောင်ရေပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် ဇော်ဂျီနှင့် မြို့ကြီးရေလှောင်တမံတို့၏ လက်ကျန် သိုလှောင်ရေဖြင့် ဇော်ဂျီရေသောက်စနစ်သို့ စိုက်ပျိုးရေပေးဝေခြင်းအပြင် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(မန္တလေးမြို့)နှင့် တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(မိတ္ထီလာမြို့)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဇော်ဂျီရေလှောင်တမံ၏ အထက်ဘက်ရှိ တည်ဆောက်ဆဲ ကျိုင်းခမ်းရေလှောင်တမံ စီမံကိန်းမှ အရှည် ၁၄ မိုင်ခန့်ရှိသော ဆက်သွယ်တူးမြောင်းဖြင့်လည်း ဇော်ဂျီရေလှောင်တမံအတွင်းသို့ နေ့စဉ် ရေပမာဏ ဧကပေ ၅၀၀ ခန့် ရေကူဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

ကျိုင်းခမ်းရေလှောင်တမံမှ ဇော်ဂျီရေလှောင်တမံသို့ ဖြည့်တင်းပေးသောရေကို မြို့ကြီးရေလှောင်တမံသို့ ချပေးပြီး မြို့ကြီး မြောင်းမတော်အမှတ်(၁)ဖြင့် ကင်းတားလက်ယာမြောင်းသို့ နေ့စဉ် ရေပမာဏ ဧကပေ ၈၀၀ ခန့်ကို အောက်တိုဘာ ၃၁ ရက်မှစတင်၍ ရေကူပေးဝေနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (မန္တလေးမြို့)နှင့် တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (မိတ္ထီလာမြို့) တို့ ပူးပေါင်းစီစဉ် ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါး၍ ကင်းတားရေလှောင်တမံအတွင်းသို့ ဝင်ရေ နည်းပါးခဲ့သော်လည်း မိုးစပါးအောင်ရေ ပြည့်ဝစွာပေးဝေနိုင်ရေးနှင့် တောင်သူများ၏ မိုးစပါးစိုက်ပြီးဧကများ ထိခိုက်ပျက်စီးမှုမရှိစေရေးတို့အတွက် ကင်းတားလက်ယာ ရေသောက်စနစ်သို့ မြို့ကြီး မြောင်းမတော် အမှတ်(၁)မှ ရေကူပေးဝေခြင်းဖြင့်လည်းကောင်း၊ ကင်းတားလက်ဝဲ ရေသောက်စနစ်နှင့် ပန်းလောင်ရေသောက်စနစ် တူးမြောင်းများတွင် ရေလေလွင့်ဆုံးရှုံးမှု မရှိစေရေး၊ မြောင်းဖျားအထိ ရေရောက်ရှိအောင် ပေးဝေနိုင်ရေးတို့အတွက်လည်းကောင်း ဌာနဝန်ထမ်းများနှင့် ရေအသုံးချသူတောင်သူများအဖွဲ့တို့ ပူးပေါင်း၍ ရေစီမံခန့်ခွဲမှုများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မွေး**

## ရွှေဘိုမြို့နယ်၌ ကြိုတင်မဲများပေးခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ရွှေဘို အောက်တိုဘာ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အတွင်းရှိ သီးလုံး၊ နှမစားရစ်၊ ဆိပ်ခွန်၊ ဇီးဖြူကုန်း၊ ချီပါနှင့် မင်းကုန်း ကျေးရွာများမှ မဲရုံများတွင် အသက် ၆၀ နှစ်နှင့် အထက် မဲဆန္ဒရှင်ပြည်သူများ လာရောက်၍ ကြိုတင်ဆန္ဒမဲ ပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် အတူ အောက်တိုဘာ ၃၀ ရက်က သွားရောက်ကြည့်ရှု အားပေးသည်။


မဲရုံတစ်ရုံ၌ ကြိုတင်မဲများပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကြည့်ရှုအားပေးစဉ်

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျေးရွာများမှ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် တာဝန်ရှိသူများ၊ သက်ဆိုင် ရာဌာနများမှ တာဝန်ပေးအပ်ထား သော ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများအား ပြည်သူများ စိတ် ချမ်းမြေ့လုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး အတွက် ဆောင်ရွက်ပေးရန် တိုက် တွန်းပြောကြားခဲ့သည်။

ပြည်သူများ ဆန္ဒမဲပေးရာတွင် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွား မကူးစက် စေရေးအတွက်လည်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ် ပြန်ထားသော အမိန့်၊ ညွှန်ကြားချက် များနှင့်အညီ အားလုံးက စနစ်တကျ ပူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေး နိုင်ရေးကို အထူးအလေးထား ဆောင် ရွက်ပေးကြပါရန်လည်း ဝန်ကြီးချုပ်က ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ နှင့် တာဝန်ရှိသူများအား တိုက်တွန်း ပြောကြားကာ လိုအပ်သည်များကို လည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ်အတွင်းရှိ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေး

**ဘားအံ အောက်တိုဘာ ၃၀**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူ များနှင့်အတူ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ၂၀၂၀ ပြည့်နှစ်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဘားအံမြို့ပေါ်နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ပေါ်ရှိ အမှတ်(၆) ပြည်ထောင်စုရပ်ကွက်မဲရုံ၊ အမှတ်(၈)ရပ်ကွက် ထောင်ဝိမဲရုံ၊ အမှတ်(၇) ဇွဲမာန်လွင်ရပ်ကွက်မဲရုံ၊ လှာကဒေါင်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)နှင့်(၂)၊ အုန်းတပင်ကျေးရွာအုပ်စုမဲရုံတို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ် ဝန်ကြီးချုပ်က မိဘပြည်သူများ စိတ်ချလုံခြုံစွာဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ပေးအပ်ထားသော ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများ၊ မဲရုံတာဝန်ကျဝန်ထမ်းများ၊ ရပ်/ကျေး ရွေးကော်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အများပြည်သူဆန္ဒမဲ ပေးရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့်အား ကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ ပြည်နယ်အစိုးရ အဖွဲ့က ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ တိတိကျကျ လိုက်နာ ဆောင်ရွက်ပေးကြရန်၊ မဲဆန္ဒရှင်ပြည်သူများ လွတ်လွတ်လပ်လပ် မဲပေးနိုင်ရေး ကို အထူးအလေးထားဆောင်ရွက်ပေးကြရန်၊ မဲရုံများ၏ လိုအပ်ချက်များကို မေးမြန်း၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြိတ်မြို့ ကျောက်ဖျာမြို့သစ်စီမံကိန်းတွင်ပါဝင်သည့် တောင်သူများအား မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးပေးအပ်


တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တောင်သူတစ်ဦးထံ မြေယာလျော်ကြေးများ ပေးအပ်နေစဉ်

**မြိတ် အောက်တိုဘာ ၃၀**
မြိတ်မြို့ ကျောက်ဖျာမြို့သစ်စီမံကိန်း ဧရိယာထဲရှိ အုပ်ချုပ်မှုဇုန်မြေဧရိယာတွင် ပါဝင်သွားသော မြေများ အတွက် မြေပိုင်ရှင် တောင်သူငါးဦးအား တနင်္သာရီ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒုတိယအကြိမ် မြေ လျော်ကြေးနှင့် သီးနှံနစ်နာကြေးများကို အောက်တို ဘာ ၂၉ ရက်က ပေးအပ်ခဲ့သည်။

မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြုလုပ်သည့် မြေ လျော်ကြေးနှင့် သီးနှံနစ်နာကြေး ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က တိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျောက်ဖျာမြို့သစ် စီမံကိန်း ဧရိယာ ၅၅၀၃ ဒသမ ၅၂ ဧကအနက် အသုံးပြုရန်မရှိသည့် ပြန်လည်စွန့်လွှတ်မည့်ဧရိယာ ၄၄၁၆ ဒသမ ၆၁ ဧကနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ် နည်း ညွှန်ကြားချက်များနှင့်အညီ ပြန်လည်စွန့်လွှတ် နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ သို့ တင်ပြခဲ့ရာ ဗဟိုကော်မတီက မူလပိုင်ရှင်များ ထံသို့ ပြန်လည်ပေးအပ်ရန် အကြောင်းကြားလာ သည့်အတွက် အဆိုပါ မြေ ၄၄၁၆ ဒသမ ၆၁ ဧက အတွက် မူလပိုင်ရှင် တောင်သူများထံ ယာယီ(ပုံစံ-၃) ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး မကြာမီ တောင်သူများထံ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောက်ဖျာမြို့သစ်စီမံကိန်းဧရိယာ အတွင်းရှိ အုပ်ချုပ်မှုဇုန် မြေဧရိယာ၌ ပါဝင်သွားသော တောင်သူ ငါးဦး၏ မြေဧရိယာ ၁၈ ဒသမ ၅ ဧက အတွက် မြေလျော်ကြေးနှင့် သီးနှံနစ်နာကြေးများကို မြေတစ်ဧကလျှင် ငွေကျပ်သိန်း ၉၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၆၆၅ သိန်းကို ဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက တောင်သူများ ထံသို့ မြေဧကအလိုက် ခွဲဝေပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူဆောင် ရွက်ပေးမည့် မြေဧရိယာ ၉၂ ဒသမ ၆၀၄ ဧကအတွက် လျော်ကြေး၊ နစ်နာကြေးများ ပေးချေရေးကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေများဖြင့် မြေဧရိယာ ၄၇ ဒသမ ၃၆ ဧက အတွက် လျော်ကြေး၊ နစ်နာကြေးများကို ဇူလိုင်လ အတွင်းကလည်းကောင်း၊ မြေဧရိယာ ၈ ဒသမ ၈၉ ဧကအတွက် လျော်ကြေး၊ နစ်နာကြေးများကို စက် တင်ဘာလအတွင်းကလည်းကောင်း ပေးအပ်ပြီး ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ဖလမ်းမြို့အတွင်း မြေကွက် ၂၄၅ ကွက်ကို ပြည်သူများထံသို့ ချထားပေးနိုင်တော့မည်

**ဖလမ်း အောက်တိုဘာ ၃၀**
ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်နှင့် တလန်လိုရပ်ကွက်အတွင်း ဖော်ဆောင်လျက် ရှိသည့် မြေကွက် ၂၄၅ ကွက်ကို ပြည်သူများထံသို့ ချထားပေးနိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က ဖလမ်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက မြေကွက်ချထားရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီးနောက် ကျင်မွာလ် ရပ်ကွက်နှင့် တလန်လိုရပ်ကွက်အတွင်း အသစ်ဖော်ဆောင်ထားသည့် မြေကွက် ၂၄၅ ကွက်ကို ပြည်သူများထံသို့ ချထားပေးနိုင်ရေးအတွက် နိုဝင်ဘာ ၂ ရက်တွင် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မဲနှိုက်ရန်၊ မဲနှိုက်ပြီးနောက် မြေကွက်ရရှိသည့် ပြည်သူများအနေဖြင့် ရန်ပုံငွေများကို ရက်ပေါင်း ၃၀ အတွင်း မြန်မာ့စီးပွားရေးဘဏ်သို့ ကိုယ်တိုင်ပေးသွင်းရန်နှင့် ရက်ပေါင်း ၃၀ အတွင်း ပေးသွင်းခြင်းမရှိပါက ပြန်လည်ရုပ်သိမ်းရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

မြေကွက်လျှောက်လွှာများကို မြေကွက်စိစစ်နေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သည့် စည်ပင် သာယာရေးအဖွဲ့ ဝန်ထမ်းများက စက်တင်ဘာ ၇ ရက်က ရောင်းချခဲ့ပြီးဖြစ်ကာ မြေကွက် ၂၄၅ ကွက်အတွက် မြေကွက်ဝယ်ယူရန် လျှောက်ထားသူ ၈၀၃ ဦးရှိ ကြောင်း၊ (A)အဆင့် မြေကွက်များကို ကျပ်သိန်း ၂၀၊ (B)အဆင့်မြေကွက်များကို ကျပ် ၁၀ သိန်းနှင့် (C)အဆင့်မြေကွက်များကို ကျပ် ၅ သိန်းနှုန်းဖြင့် ပြည်သူများ အား မဲနှိုက်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဂွမြို့နယ်၌ မြေငှားဂရန်များထုတ်ပေးပြီး ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်များထံပေးအပ်

**စစ်တွေ အောက်တိုဘာ ၃၀**
ရခိုင်ပြည်နယ် ဂွမြို့နယ်၌ One State One Township Project စီမံကိန်းအရ ဂွမြို့ပေါ် ရပ်ကွက်များအတွက် မြေငှားဂရန်ထုတ်ပေး သည့် အခမ်းအနားနှင့် ပြန်လည်စွန့်လွှတ်မြေ များကို မူလပိုင်ရှင်များထံ ပေးအပ်ပွဲကို အောက် တိုဘာ ၂၉ ရက်က ဂွမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်ခဲ့သည်။

ဂွမြို့ပေါ် ရပ်ကွက်များအတွက် မြေငှား ဂရန်များထုတ်ပေးသည့် အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား ပြီး သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ် နိုင်က မြေငှားဂရန်ထုတ်ပေးသည့် ရည်ရွယ် ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြော ကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ နှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့က ပထမအကြိမ် အဖြစ် မြေငှားဂရန် ၆၆ ခုကို မြေငှားဂရန်ရရှိ သူများလက်သို့ ပေးအပ်ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါခန်းမ၌ ဆက်လက်ကျင်းပသည့် ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်များ ထံသို့ ပုံစံ(၇)ထုတ်ပေးသည့် အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြော ကြားကာ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ သံတွဲခရိုင်အုပ်ချုပ်ရေးမှူးက ပုံစံ(၇) ထုတ်ပေးသည့်အကျိုးကျေးဇူးများကိုရှင်းလင်း ပြောကြားပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဂွမြို့နယ် မကျေးငူကျေးရွာအုပ်စု စဉ့်အိုးချောင်း ကွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနမှ စွန့်လွှတ်မြေများ အတွက် ပုံစံ(၇)ရရှိသူ ၆၄ ဦးအား လယ်ယာ မြေလုပ်ပိုင်ခွင့် ပုံစံ(၇)များကိုလည်းကောင်း၊ ကင်းပုံကျေးရွာအုပ်စု ကမ်းသာယာကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်မြေ အတွက် မူလပိုင်ရှင် ဦးဖိုးဖေထံသို့ လယ်ယာ မြေ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)ကို လည်းကောင်း ပေးအပ်ခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဂွမြို့ခံပြည်သူတစ်ဦးထံ မြေငှားဂရန်ပေးအပ်စဉ်။



# မြန်မာစာနှင့် ပါဠိ(၁၁)

## မောင်ခင်မင် (ဓနုဖြူ)

“ဩော်... ဝိဂြိုဟ်ကျင်းတဲ့အကြောင်း ရောက်လာတော့ ကိုလိုနီခေတ်ဦးပိုင်းတုန်းက ဝိဂြိုဟ်ကျင်းပုံတစ်ခုအကြောင်း သတိရလို့ ပြောရအုံးမယ်”

“ပြောပြပါ ဆရာ”

“မဂ္ဂံ၊ ဇာနေတီတိ မဂ္ဂဇဉ်းတဲ့”

“ဟင် – အဓိပ္ပာယ်က ဘာပါလဲ ဆရာ”

“မဂ္ဂံ လမ်းကို။ ဇာနေတိ၊ သိတတ်၏။ ဣတိ တသ္မာ၊ ‘ထိုကြောင့်။ မဂ္ဂဇဉ်း၊ မဂ္ဂဇဉ်းမည်၏”တဲ့။ အဲဒီမှာ မဂ္ဂဇင်းကို ခုခေတ်မှာလို ‘မဂ္ဂဇင်း’ လို့ ငသတ်နဲ့ စာလုံးမပေါင်းဘဲ ‘မဂ္ဂဇဉ်း’လို့ ဉ သတ်နဲ့ စာလုံးပေါင်းတယ်ကွဲ့.”

“ဩော်...”

“ဆိုလိုတာက မဂ္ဂဇဉ်းဆိုတဲ့စကားဟာ ‘မဂ္ဂ+ဇည’ဆိုတဲ့ ပါဠိစကားက ဆင်းသက်တာ... တဲ့။ ‘မဂ္ဂ’က လမ်း၊ ‘ဇည’က– သိတာ။ ဒီတော့ လမ်းကိုသိတတ်လို့ မဂ္ဂဇဉ်းလို့ခေါ်တာလို့ ဝိဂြိုဟ်ကျင်းတာပေါ့ကွယ်”

“ဟုတ်ကဲ့”

“မဂ္ဂဇင်းသမိုင်းအကြောင်း ရေးတဲ့ စာတမ်းတွေ ဘာတွေမှာ ရှေးက မဂ္ဂဇင်းတွေရဲ့မျက်နှာဖုံး ဓာတ်ပုံတွေ ပြထားတတ်တယ်။ အဲဒီမှာကြည့်ရင် မင်းတွေ့လိမ့်မယ်။ ‘လောကသာရ မဂ္ဂဇဉ်း’ဆိုတာ မဂ္ဂဇဉ်းလို့ ဉ သတ်နဲ့ ရေးထားတာလေ”

“ဟုတ်ကဲ့ပါ ဆရာ။ ကျွန်တော် ခုဆရာပြောမှ သိပါတယ်”

“ဆိုလိုတာက ပါဠိသြဇာသက်ရောက်ပုံကို ပြောချင်တာပါ။ မင်းသိတဲ့အတိုင်း မဂ္ဂဇင်းဆိုတာ magazineဆိုတဲ့ အင်္ဂလိပ်စကားကို အသံလှယ်ပြီး မွေးစားထားတာလေ။ ဒါကြောင့် မဂ္ဂဇင်းလို့ပဲ ရေးကြတယ်။ ပါဠိသန်တဲ့သူတွေက ခုပြောသလို မဂ္ဂဇညဆိုတဲ့ ပါဠိကဆင်းသက်တဲ့ စကားဆိုပြီး ‘မဂ္ဂဇဉ်း’လို့ ရေးတာလေ”

“မှတ်သားထားပါ့မယ် ဆရာ”

“ရယ်စရာတစ်ခု ပြောရအုံးမယ်။ ကုန်းဘောင်ခေတ်မှာ သံတော်ဆင့်ဦးခြိမ့်ဆိုတဲ့ ပညာရှင်ကြီးဟာ မင်းတုန်းမင်းတရားလက်ထက်မှာ သံအဖွဲ့ကို ဦးဆောင်ပြီး နိုင်ငံခြားကို သွားတယ်။ နိုင်ငံခြားကနေပြီး မြန်မာနိုင်ငံက မိတ်ဆွေတွေဆီကို စာရေးရာမှာ စာအဆုံးသတ်မှာ ‘နှိုင်းမတုထိုက်အောင်၊ သိုင်းခရုလိုက်ပါကြောင်း’လို့ နဘေထပ် အသုံးကလေးထည့်လိုက်တယ်ကွဲ့.”

“ကျွန်တော် ဖတ်ဖူးပါတယ် ဆရာ”

“သိုင်းခရုလိုက်ပါကြောင်းဆိုတာ thankyou ဆိုတဲ့ အင်္ဂလိပ်စကားကို အသံလှယ်လိုက်တာလေ။ အဲဒီစာကို မြန်မာပညာရှင်ကြီးတစ်ယောက်က ဘယ်လိုသုံးသပ်သလဲဆိုတော့၊ ‘ကသိုဏ်းရှု’လို့ ရေးတာကို မှားပြီး ‘သိုင်းခရု’ ဖြစ်သွားတာ ဖြစ်မယ်လို့ သုံးသပ်သတဲ့”

“ဩော်၊ ပါဠိဘက် တော်တော်သန်တာပဲနော်”

“အရင်အပတ်က ပြောသလိုပဲ မြန်မာစကားအားလုံး ပါဠိကဆင်းသက်တယ်လို့ ယူဆပြီး စားလုံးပေါင်းကြတော့ တချို့စာလုံးပေါင်းတွေက တစ်မျိုးဖြစ်ကုန်ရောလေ။ စာဖတ်တယ်ဆိုတဲ့ စကားဟာ ‘ဘာသတိ’က လာလို့ဆိုပြီး ‘ဘာသ်’လို့ ရေးတာမျိုးရှိတယ်။ တွင်ကျယ်တဲ့ စာလုံးတစ်လုံး က ‘မိုဃ်း’ ပဲ”

“ဟုတ်တယ် ဆရာ။ အရင်က စာအုပ်တွေမှာ ‘မိုဃ်း’ လို့ ရေးတာတွေ့ပါတယ်”

“မိုးဆိုတာ အပေါ်မှာ မိုးနေလို့ မိုးလို့ခေါ်တာလို့ စဉ်းစားရင် မြန်မာစကားရိုးရိုးပါပဲ။ မိုးကကျတဲ့ အရည်ကို မိုးရည်ပေါ့။ ‘မိုးရေ’လို့ ပြောလဲရပါတယ်။ ပါဠိဘက်ဆွဲတဲ့အခါကျတော့ ‘မိုး’ဟာ ‘မေဃ’ ဆိုတဲ့ ပါဠိစကားက လာတာမို့ ဃသတ်နဲ့ရေးရမယ်ဆိုပြီး ‘မိုဃ်း’လို့ ရေးခဲ့ကြတာလေ”

“ဟုတ်ကဲ့ပါ”

“ကုန်းဘောင်ခေတ်မှာပေါ်တဲ့ ရှင်ဝိသုဒ္ဓာစာရရဲ့ ‘သဒ္ဒါနုသာရီ သတ်ပုံကျမ်း’မှာ ‘တစ်ထွေဆိုရိုး၊ ပဇ္ဇုန်မိုးတွင်၊ လုံးကြီးတင်၍၊ ငင်ပြန်တုံလတ်၊ ဃကြီးသတ်သည်၊ ပညတ်စဉ်လာ ရေးထုံးတည်း’ လို့ ရေးထားတယ်ကွဲ့.”

“ဟုတ်ကဲ့ပါ”

“အရင်က ပထဝီဝင်စာအုပ်တွေမှာလဲ ‘မြန်မာပြည်တွင် မိုဃ်းရွာသွန်းခြင်းအကြောင်း’ဆိုတဲ့ ခေါင်းစဉ်မျိုးတွေ တွေ့ရတယ်”

“ဟုတ်ပါတယ် ဆရာ”

“မှတ်သားစရာဖြစ်ရပ်နှစ်ခုကိုလဲ သတိရလို့ ပြောရအုံးမယ်။ မင်းတုန်းမင်းလက်ထက်မှာ ဆရာတော်တွေက ဘုရင်မင်းမြတ်ဆီ မေတ္တာစာသွင်းရာမှာ မြန်မာကို ‘မြမ္မာ’၊ ‘အပုပ်’ကို ‘အပုတ်’လို့ ရေးကြတယ်တဲ့။ ပိဋကတ်တော်အုပ်၊ မိုင်းခိုင်းမြို့စား ဦးရန်က အဲဒီလို သတ်ပုံမှားပြီးရေးတဲ့အကြောင်း ဆရာတော်တွေကိုလျှောက်တယ်။ ဆရာတော်တွေက မြန်မာကို မရမ္မာကလာတယ် ဆိုပြီး ဝိဂြိုဟ်ကျင်းပြတယ်။ ‘အပုတ်’ကလဲ ပုတိဆိုတဲ့ ပါဠိစကားကလာတာမို့ တသတ်ရမယ်လို့ မိန့်ဆိုကြတယ်။ အဲဒီအခါမှာ ဦးရန်က ‘ပါဠိဝိဂြိုဟ်တွေ ငရန့်ဗိုက်ထဲမှာ အပြည့်ရှိတယ်’ လို့ဆိုပြီး သူ့ဗိုက်ကို ပုတ်ပြတယ်တဲ့။ ပြီးတော့မှ ဆရာတော်တို့ ဒွိပြင်နေရာမှာရေးရင် နှစ်သက်သလို ရေးနိုင်ပါတယ်။ နန်းတော်ကို ပို့တဲ့မေတ္တာစာတွေမှာတော့ ရေးထုံးသတ်ပုံမှန်အောင်ရေးကြပါလို့ လျှောက်ထားခဲ့ရသတဲ့”

“မှတ်သားစရာကောင်းပါတယ် ဆရာ။ မှတ်သားထားပါ့မယ်”

“နောက်တစ်ခါမှာလဲ ဝန်စုရ ရဟန်း လူထွက်တစ်ယောက်က ‘ထဘီ’ဆိုတဲ့ စကားဟာ ‘ဌာ’ ဆိုတဲ့ ပါဠိစကားကဆင်းသက်တာဖြစ်တယ်။ ‘တည်ခြင်း’လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် ‘ဌဘီ’လို့ ဌဝမ်းဘဲနဲ့ရေးဖို့ပြောသတဲ့။ အဲဒီအခါမှာ ကင်းဝန်မင်းကြီးက ‘မြန်မာဘာသာမှာ ပါဠိဘာသာ ဝင်ဝင်မစွက်နှင့်’လို့ အဲဒီပုဂ္ဂိုလ်ကို ငေါက်သတဲ့။ အဲဒီအကြောင်းတွေကို ပုဂံဝန်ထောက် ဦးတင်က ပသင်္ဂဝိသောဓနီဆိုတဲ့ ကျမ်းမှာ ဖော်ပြထားတယ်ကွဲ့.”

“တကယ်တော့ ပါဠိဘာသာကြောင့် မြန်မာဘာသာကြွယ်ဝလာရတာမို့ အများကြီးကျေးဇူးရှိပါတယ်။ ဒါပေမဲ့ အခုပြောခဲ့သလိုပဲ ပါဠိကို လေးစားမှုဟာ ဗုဒ္ဓဘာသာနဲ့ဆက်စပ်ပြီး အရှိန်အဟုန်မြင့်မားသွားတဲ့အခါကျတော့ တချို့ကိစ္စတွေမှာ အစွန်းရောက်တဲ့အထိ ဖြစ်သွားတာမျိုးတွေ ရှိခဲ့တယ်”

“ဘယ်လိုကိစ္စတွေပါလဲ ဆရာ”

“အမြင်တစ်ခုက စကားပဲပြောပြော၊ စာပဲရေးရေး၊ ပါဠိစကားတွေပါမှ ခံ့ညားလေးနက်တယ်လို့ ယူဆတဲ့အမြင်ပဲ။ ပါဠိကို ဘုရားဟောစကားအဖြစ် ကြည်ညိုလေးစားတဲ့ သဘောထားကို အခြေခံတဲ့အမြင်ပေါ့။ ဒီအမြင်အရ ပါဠိမပါရင် မလေးနက်ဘူး။ ပေါ့ပြက်ပြက် ဖြစ်နေတယ်လို့ မြင်တတ်ကြတယ်။ ဒီအမြင်မျိုးရှိသူတွေရဲ့ အပြစ်တင်တာကို ခံရတဲ့သူတွေထဲမှာ လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင်တောင် ပါဖူးတယ်...ကွဲ့.”

“ဟင်– ဟုတ်လား ဆရာ”

“လယ်တီဆရာတော်ကြီးဆိုတာ ပါဠိပိဋကတ်စာပေရော၊ မြန်မာစာပေရော နှံ့စပ်ကျွမ်းကျင်တဲ့ ကျမ်းတတ် ဆရာတော်ကြီးလေ။ ကျမ်းတွေ အများကြီးရေးသားပြုစုခဲ့တာ။ တစ်ခါတော့ ပုသိမ်မြို့မှာ လယ်တီဆရာတော်ရဲ့တရားပွဲ ကျင်းပတယ်။ နောက်တစ်နေ့ကျတော့ မြို့ထဲမှာ မကျေမနပ်ပြောသံတွေ ထွက်လာသတဲ့။ လယ်တီဆရာတော်ဟောတဲ့ တရားဟာ ပါဠိလဲမပါဘူး။ ပေါ့ပြက်ပြက်နဲ့လို့ မြို့သူမြို့သားတွေက ဝေဖန်ကဲ့ရဲ့ကြတာလေ”

> **“အမြင်တစ်ခုက စကားပဲပြောပြော၊ စာပဲရေးရေး၊ ပါဠိစကားတွေပါမှ ခံ့ညားလေးနက်တယ်လို့ ယူဆတဲ့အမြင်ပဲ။ ပါဠိကို ဘုရားဟောစကားအဖြစ် ကြည်ညိုလေးစားတဲ့ သဘောထားကို အခြေခံတဲ့အမြင်ပေါ့။ ဒီအမြင်အရ ပါဠိမပါရင် မလေးနက်ဘူး။ ပေါ့ပြက်ပြက်ဖြစ်နေတယ်လို့ မြင်တတ်ကြတယ်။ ဒီအမြင်မျိုးရှိသူတွေရဲ့ အပြစ်တင်တာကို ခံရတဲ့သူတွေထဲမှာ လယ်တီ ဆရာတော်ဘုရားကြီးကိုယ်တိုင်တောင် ပါဖူးတယ်”**

“ဟင်...ဖြစ်မှ ဖြစ်ရလေ”

“အဲဒီအကြောင်းကို ဆရာတော်ကြီးကိုယ်တိုင်က ရာဇဝတ်အုပ်မောင်ကျော်ဇံဆိုတဲ့ပုဂ္ဂိုလ်ကို ပြောပြဖူးတယ်။ ပုသိမ်မှာ အဲဒီလို ဝေဖန်ကဲ့ရဲ့ကြတာကို ပြောပြပြီး ဆရာတော်ကြီးက ဆက်ပြောတယ်။ တို့မြန်မာတွေဟာ အဓိပ္ပာယ် နားလည်လည် မလည်လည် ပါဠိစကားတွေများများသုံးပြီး ပြောနိုင်ဟောနိုင်တဲ့သူကိုမှ ပညာရှိလို့ အထင်ကြီးတတ်ကြတယ်...တဲ့။ ဒါကြောင့် တို့နိုင်ငံမှာ ပါဠိပိဋကတ်တော်တွေကို မြန်မာဘာသာပြန်တဲ့ လုပ်ငန်းကြီးပေါ်ပေါက်ဖို့ လိုအပ်နေပြီလို့ ဆရာတော်ကြီးက အဲဒီသဘောမျိုး မိန့်ကြားခဲ့ဖူးတယ်။ စကားလုံးအတိအကျ ဒီအတိုင်းမဟုတ်ပေမဲ့ အဲဒီသဘောမိန့်ကြားခဲ့တယ်။ သာသနာရေးဌာနက ထုတ်တဲ့ လယ်တီဒီပနီပေါင်းချုပ်နိဒါန်းမှာ အတိအကျ ဖတ်ကြည့်နိုင်တယ်”

“ဟုတ်ကဲ့ပါ ဆရာ”

“ဆရာတော်ကြီးက တရားတော်တွေကို ပရိသတ်သဘောပေါက်အောင် ပါဠိစကားများများ မသုံးဘဲ ဟောတာလေ။ ဆရာတော်ရဲ့ရည်ရွယ်ချက်ကို ဥတ္တမပုရိသဒီပနီဆိုတဲ့ ကျမ်းမှာ အတိအလင်းဖော်ပြထားတယ်။ ပါဠိသံကျမ်း သံလွှမ်းလျှင် စကားကြီးခံ့၏..တဲ့။ ဒါပေမဲ့ ‘အသိဉာဏ်တန်းခနဲ စိုက်ခနဲ မသွား၊ ယောင်ဝါးကြီးဖြစ်လျက်နေ၏..တဲ့။ ဆရာတော်က အဲဒီလိုမိန့်ကြားပြီး ဒီကျမ်းမှာတော့ မြန်မာပရိသတ်နားလည်ဖို့ ‘မြန်မာပြော’ချည်း လာလတ္တံ့လို့ မိန့်ကြားခဲ့တာပါပဲကွယ်”။ ။

---

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### စကားလက် ဂျိုဟန်ဆန်နှင့် ကောလင်းဂျို့စ်တို့ လက်ထပ်ပွဲကျင်းပ

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး စကားလက်ဂျိုဟန်ဆန်နှင့် ကောလင်းဂျို့စ်တို့ တရားဝင်လက်ထပ်သွားကြပြီလို့ သိရပါတယ်။ မိသားစုဝင်တွေ၊ အလွန်တရာ ရင်းနှီးကျွမ်းဝင်တဲ့သူတွေဖိတ်ကြားပြီး ပြီးခဲ့တဲ့သီတင်းပတ်ကပဲ လက်ထပ်ပွဲ ပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။ သူတို့စုံတွဲရဲ့မင်္ဂလာပွဲကိုတော့ အမေရိကန် ရောဂါ ထိန်းချုပ် ကာကွယ်ရေးရဲ့ လမ်းညွှန်မှုအတိုင်း ကိုဗစ်–၁၉ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြုလုပ်ခဲ့တာပါ။

စကားလက်တို့စုံတွဲဟာ နှစ်နှစ်ကြာ တွဲခဲ့ပြီးတဲ့နောက် ၂၀၁၉ ခုနှစ် မေလမှာ စေ့စပ်ခဲ့ကြပါတယ်။ ဂျို့စ်အတွက်တော့ ဒါဟာပထမဆုံးအကြိမ် လက်ထပ်ခြင်းဖြစ်ပေမယ့် စကားလက်အတွက်တော့ ဒါဟာပထမဆုံးအကြိမ် မဟုတ်ပါဘူး။ စကားလက်ဟာ ရုပ်ရှင်သရုပ်ဆောင် ရိုင်ယန်ရေးနော့နှင့် ပထမဆုံး လက်ထပ်ခဲ့ပြီး အဲဒီနောက် ကွာရှင်းခဲ့ပါတယ်။ နောက်ပြီး ပြင်သစ်စီးပွားရေးလုပ်ငန်းရှင် ရိုမိန်းဒိုရေကာနဲ့ လက်ထပ်ပြီး သမီးလေးတစ်ဦးမွေးဖွားခဲ့ပါတယ်။

**အီးနယူးစ်**



စကားလက်ဂျိုဟန်ဆန် နှင့် ကောလင်းဂျို့စ်

### ဂွမ်စတက်ဖနီနှင့် ဘလိတ်ခ်ရှယ်တန်တို့ စေ့စပ်လိုက်ကြောင်းကြေညာ

အဆိုတော်နဲ့ ဖက်ရှင်ဒီဇိုင်းနာတစ်ဦးဖြစ်သူ ဂွမ်စတက်ဖနီဟာ ကန်းထရီး အဆိုတော်တစ်ဦးဖြစ်သူ ဘလိတ်ခ်ရှယ်တန်နဲ့ စေ့စပ်လိုက်ပြီဖြစ်တဲ့အကြောင်းကို အင်စတာဂရမ်မှာ စေ့စပ်လက်စွပ်ပြရင်း အသိပေးခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ The Voice တီဗွီရှိုးမှာ ဒိုင်လုပ်စဉ် ဆုံစည်းခဲ့ကြပြီး ချစ်သူသက်တမ်းငါးနှစ်ကျော်ကြာမြင့်ခဲ့ကြပါတယ်။ သူတို့စေ့စပ်လိုက်တဲ့သတင်းကို The Voice တရားဝင်အကောင့်မှာလည်း သတင်းကောင်းဆိုပြီး ဂုဏ်ပြုခဲ့ပါတယ်။

